# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 2 January 2018 ၉၁၅၇


# ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာနှင့် ပင့်သံဃာတော် အပါး ၁၈၀၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း မင်္ဂလာအခမ်းအနားကျင်းပ

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် တက်ရောက်ကြည်ညို



ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကကြီးမှူး၍ သာသနာတော်နှစ် ၂၅၆၁ ခုနှစ် ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာနှင့် ပင့်သံဃာတော်အပါး ၁၈၀၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းမင်္ဂလာ အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ကျင်းပသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ပတ္တမြားဗိမာန်တော် နေရာ၌ နံနက် ၆ နာရီခွဲတွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မင်္ဂလာမုခ်ဦးတော်ကြီးကို ရန်ကုန်တိုင်းဒေသကြီး သံဃနာယက ဥက္ကဋ္ဌဆရာတော်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

ကြေးမုံ

# မြန်မာပြည် လွတ်လပ်ရေးနှင့် နိုင်ငံရေး

မြန်မာပြည်လွတ်လပ်ရေးရရှိရေး ကြိုးပမ်းစဉ်ကာလက နိုင်ငံ၏ ပိုင်ဆိုင်သည့်အာဏာ တစ်နည်း အချုပ်အခြာအာဏာကို နယ်ချဲ့တို့၏ မတရားလုယက်ယူငင်ခြင်း ခံခဲ့ရသည်။ ထိုအချိန်ကာလက ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုက အခြားတစ်စုံတစ်ယောက် တစ်ဖွဲ့အပေါ်တွင် နှိမ့်ချဆက်ဆံသည်သာမက အင်အားကြီးသော တိုင်းပြည်က အင်အားနည်းသောတိုင်းပြည်အပေါ် နှိမ့်ချစော်ကားစွက်ဖက်ကြသည့် နယ်ချဲ့စနစ်ဆိုး လွှမ်းမိုးသော နိုင်ငံရေးစနစ်ဖြစ်သည်။

ထိုစဉ်က မြန်မာပြည်ကို နယ်ချဲ့စနစ်ဆိုး နိုင်ငံရေးစနစ် လွှမ်းမိုးခဲ့သည်။ နှိမ့်ချဖိနှိပ်ခံရသည့် မြန်မာလူမျိုးများ၏ နိုင်ငံရေးမှာ လွတ်လပ်ရေးကို အခြေခံသည့် နိုင်ငံရေးစနစ်ဖြစ်သည်။ လွတ်လပ်ရေးကို ရယူလိုသည်မှာလည်း ရှေးရှေးကာလများကကဲ့သို့ ကိုယ့်အရှင်၊ ကိုယ့်သခင်နှင့် ကိုယ့်တိုင်းပြည် ပြန်လည်လွတ်မြောက်ရေးထက် မြန်မာလူမျိုးများ ဒုက္ခဆင်းရဲရောက်နေသည့်ဘဝမှ လွတ်မြောက်ကာ ဝဝလင်လင်စား၊ ကောင်းကောင်းမွန်မွန် နေထိုင်ဝတ်ဆင် လျှိုနိုင်တန်းနိုင်ရေးဖြစ်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံလွတ်လပ်ရေးရရှိရန်မှာ အဓိက ဦးတည်ချက်ဖြစ်သော်လည်း အမျိုးသားခေါင်းဆောင်များ၏ နိုင်ငံရေးအယူဝါဒ အမျိုးမျိုးကွဲပြားမှုကြောင့် ရည်ရွယ်ချက်လမ်းကြောင်း ပြောင်းခဲ့သည်ကို မှတ်သားကြရမည်ဖြစ်သည်။ ယင်းအချက်ကို အမျိုးသားလူငယ်ခေါင်းဆောင် သခင်အောင်ဆန်းက ထောက်ပြခဲ့သည်။ အကြောင်းမှာ အမျိုးသားရေးကို ကြိုးပမ်းကြသည်ဆိုသော်လည်း နေရာ၊ အာဏာတို့နှင့်စပ်ယှဉ်လျှင် ရည်ရွယ်ချက်ပြောင်းသွားတတ်သောကြောင့်ဖြစ်သည်။ အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုကာလ၊ စစ်ပြီးခေတ် လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးရပြီးနောက် ကြိုးပမ်းမှုကာလများတွင် နိုင်ငံရေးအယူအဆများ ကွဲပြားမှုတို့ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် သခင်အောင်ဆန်းက "နိုင်ငံရေးအစစ်မှာ စဘောင်စနည်းတွေ ရွတ်ရသည့် နိုင်ငံရေးများလို မလွယ်ပေ၊ တိုင်းပြည်ကောင်းစားအောင် အပြောကားလွယ်၏၊ အလုပ်ကားခက်၏"၊ "တိုင်းပြည်လွတ်လပ်ရေးအတွက် လိုအပ်သော နိုင်ငံရေးညီညွတ်မှုရရှိအောင် ကြိုးစားရမည်"ဟု မှာကြားခဲ့သည်။

ဆိုလိုသည်မှာ မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းတစ်လျှောက်တွင် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများ၌ ခေါင်းဆောင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး ညီညွတ်မှုရှိကြပြီး ရည်မှန်းချက်သို့ရောက်စေရန် အောင်မြင်အောင် ကြိုးပမ်းနိုင်ခဲ့သည်။ အမျိုးသားလွတ်မြောက်ရေး၊ လွတ်လပ်ရေးရရှိရေး ကြိုးပမ်းစဉ်ကာလများ၌ ခေါင်းဆောင်များညီညွတ်ရေး၊ ပြည်သူများ သွေးစည်းရေး လိုအပ်ချက်များရှိခဲ့သည်။ နိုင်ငံရေးအယူအဆများ အမျိုးမျိုးကွဲပြားခဲ့သည်။ လွတ်လပ်ရေး ရရှိပြီးနောက်တွင်လည်း အယူဝါဒများ၊ ဂိုဏ်းဂဏများ အမျိုးမျိုးကွဲပြားခဲ့သည်ကို မြင်တွေ့နိုင်သည်။

နိုင်ငံရေးအယူအဆ၊ ဂိုဏ်းဂဏများမှာ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းက ပေါ်ပေါက်ခဲ့ပြီး လွတ်လပ်ရေးရရှိပြီးနောက်တွင်လည်း ပေါ်ပေါက်နေဆဲဖြစ်သည်။ ထို့ကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံရေးကွဲပြားမှုနှင့် အမျိုးသားရေးသတိကို အသိပေးပြောကြားခဲ့သည်။ လွတ်လပ်ရေးအတွက် တစုတစည်းတည်း ရပ်တည်ရေး၊ ပြန်လည်ထူထောင်ရေးအတွက် တညီတညွတ်တည်းရှိရေး တို့ကို နှိုးဆော်ခဲ့ရသည်။ ညီညွတ်ခြင်းသည် လွတ်လပ်ရေးရရှိရေးအတွက်သာမက တိုင်းပြည်ပြန်လည်ထူထောင်ရေး၊ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးရေး အတွက် အထူးအရေးကြီးသည်။

မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် နိုင်ငံရေး အကွဲအပြဲများ များလှသည်။ ယင်းမှာ ညီညွတ်ရေး အားနည်းသောကြောင့် ဖြစ်သည်။ မျက်မှောက်ကာလ လွတ်လပ်သောနိုင်ငံတော်တွင် အရေးတကြီး လိုအပ်နေသည်မှာ ညီညွတ်ရေးဖြစ်သည်။ ညီညွတ်ရေးရှိမှ တိုင်းပြည် ငြိမ်းချမ်းမည်။ တိုင်းပြည်ငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်။ ယခုအခါ ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းများကို ကြိုးပမ်းအားထုတ် ဆောင်ရွက်နေကြသည်။ ညီညွတ်မှ ငြိမ်းချမ်းရေးအောင်မြင်မည်။ ငြိမ်းချမ်းရေး အောင်မြင်မှ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့သော အေးချမ်းသာယာဝပြောသော နိုင်ငံဖြစ်ထွန်းမည်။ ။


ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ရန်ကုန်မြို့ )

၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ည ၈ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်


## ထူးခြားသည့် ညအပူချိန်များ

**ပူတာအိုမြို့**
၅ ဒီဂရီ စင်တီဂရိတ်

**ဟားခါးမြို့**
၆ ဒီဂရီ စင်တီဂရိတ်

**မချမ်းဘောမြို့**
၇ ဒီဂရီ စင်တီဂရိတ်

## ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ရုံးအဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် ဒီဇင်ဘာ ၃၁ ရက်က ကရင်ပြည်နယ် ဘားအံမြို့ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အဆောက်အအုံဆောက်လုပ်သည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ရှင်းလင်းဆောင်ခန်းမတွင် တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်သူက အဆောက်အအုံဆောက်လုပ်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံ အရည်အသွေးကောင်းမွန်ရေး၊ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး၊ ခွင့်ပြုဘဏ္ဍာငွေနှင့်အညီ အလေအလွင့်မရှိအောင် တည်ဆောက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ရုံးအဆောက်အအုံများကို ပေ ၈၀ × ပေ ၆၀ အရွယ် သံကူကွန်ကရစ်နှစ်ထပ် အဆောက်အအုံများအဖြစ် ကရင်ပြည်နယ် ဘားအံမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနက တာဝန်ယူ၍ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကြေးမုံ**

## ဆီဆိုင်မြို့နယ်၌ ပန်းချီပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ ကျင်းပ

**ဆီဆိုင် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံပညာကျောင်းများနှင့်ပူးပေါင်း၍ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းကျော်ညွန့်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဆရာမ ဒေါ်တင်နွဲ့(ငြိမ်း)က အမှတ်ပေးစည်းမျဉ်းများကို ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများသို့ ဆီဆိုင်မြို့ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၂ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**




## နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ ကျင်းပ

**မိုးမောက် ဇန်နဝါရီ ၁**

ကချင်ပြည်နယ် မိုးမောက်မြို့ ကက်သလစ်ယာယီ တိမ်းရှောင်စခန်း(မံပုံ) IDP Camp တွင် ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းဦးက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မံပုံစခန်းနေပြည်သူ ၉၉ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူး ထွန်းထွန်းအောင်က ပေးအပ်ပြီး စခန်းတာဝန်ခံက လက်ခံရယူကာ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**လွှန်းနန်းထွေး**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# မြေနီတောင်စေတီတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

လယ်ဝေးမြို့နယ် နေပြည်တော်လေဆိပ်အနီး တည်ထားကိုးကွယ်သော မြေနီတောင်စေတီတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အေလာမြို့ မြို့သစ်ဓမ္မရက္ခိတကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့ အမှူးပြုသော ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အေလာမြို့ မြို့သစ်ဓမ္မရက္ခိတကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလထံမှ ၈ ပါးသီလ ခံယူဆောက်တည်ကြပြီး မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် တာဝန်ရှိသူများက ရတနာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများအား သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။



ယင်းနောက် အေလာမြို့ ဂိုဏ်းထောက်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏိဿရထံမှ အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ ရွှေထီးတော်ဘုံအဆင့်ဆင့်အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။

ထို့နောက် သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီး ဆွမ်းဆန်စိမ်းလောင်းလှူရာ စောင်းတန်းများတစ်လျှောက် ပါဝင်လှူဒါန်းခဲ့သူများ၏ ပီတိစကားသံများ

**ရန်ကုန် ဇန်နဝါရီ ၁**

သာသနာနှစ်(၂၅၆၁)တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ကြီးမှူး၍ ပထမအကြိမ် ပြုလုပ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၆ နာရီက ကျင်းပသည်။ ပင့်သံဃာတော် အပါး ၁၈၀၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်



ဦးကျော်ဟိန်း

စောင်းတန်း၊ တောင်ဘက်စောင်းတန်း၊ အနောက်ဘက် စောင်းတန်းနှင့် မြောက်ဘက်စောင်းတန်းတို့၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဆွမ်းဆန်စိမ်းလောင်းလှူရာ စောင်းတန်းများတစ်လျှောက် အလှူဒါနပြုကြသူများနှင့် ပြည့်ကျပ်လျက်ရှိရာ ပါဝင်လှူဒါန်းခဲ့သူများ၏ ပီတိစကားသံများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဦးကျော်ဟိန်း(ချမ်းဟိန်းကုမ္ပဏီ ဥက္ကဋ္ဌ) အရှေ့ဘက်မုခ်စောင်းတန်း**

ဟိုတုန်းကတည်းက ရင်ထဲမှာ ဖြစ်နေတဲ့ဆန္ဒပါ။ အရင်က ဆွမ်းတွေ လောင်းလှူခဲ့ပါတယ်။ အရပ်ရှစ်မျက်နှာကလာတဲ့ သံဃိကဒါနပေါ့။ ဘယ်သံဃာရယ်လို့ မရည်ရွယ်ဘဲ သံဃာအကုန်ကို ဆွမ်းလောင်းလှူခဲ့ပါတယ်။ အခုလို ကြုံတောင့်ကြုံခဲ ရွှေတိဂုံစေတီတော်ကြီးမှာ သံဃာအပါး ၁၈၀၀၀ နဲ့ အနေကဇာတင်တဲ့ အချိန်မှာ ဆွမ်းကပ်ခွင့်ရတဲ့အတွက်



ဦးတင်ဦး

အလွန်ကို ပီတိဖြစ်မိပါတယ်။ ဒီပွဲမှာ သံဃာတော်တွေအတွက်ရော ဗုဒ္ဓဘာသာအတွက်ပါ သာသနာအထောက်အပံ့အဖြစ် လှူဒါန်းခွင့်ရတဲ့အတွက် ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ဆန္ဒတွေ အောင်အောင်မြင်မြင် လှူခွင့်ရတာကို အတိုင်းမသိ ဝမ်းမြောက်မိပါတယ်။

**ဦးတင်ဦး(ပါရမီရှင်သက်န်းတိုက်) အရှေ့ဘက်မုခ်စောင်းတန်း**

သံဃာအပါး ၄၅၀၀ ကို နေ့ဆွမ်း ကပ်ခွင့်ရတာပါ။ ဘုရားအနေကဇာတင်ပွဲနဲ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲမှာ တတ်အားသရွေ့ ကုသိုလ်ယူတာပါ။ ဒီလို လှူဖြစ်တာကလည်း ကိုယ့်တစ်သက်မှာ ကြုံတောင့်ကြုံခဲ သံဃိကဒါနပွဲလည်းဖြစ်ပါတယ်။ ဟိုတုန်းကတည်းက ဒီလိုလှူဖို့ စိတ်ကူးတွေရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကလည်း ကုသိုလ်ပါဝင်ဖို့ တိုက်တွန်းလှုံ့ဆော်တဲ့အတွက် ချမ်းဟိန်းကုမ္ပဏီမိသားစုနဲ့ ပေါင်းစပ်ပြီး ဒါနလေး



ဒေါ်သီတာတင်

လုပ်ကြတာပါ။ ဒီလိုလုပ်တဲ့အတွက် ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို လောင်းလှူတာနဲ့ အတူတူပါပဲ။ ပစ္စည်းလေးပါး အထောက်အပံ့လည်း ဖြစ်ပါတယ်။ ကိုယ်ရတဲ့ ကုသိုလ်အစုစုကိုလည်း ဝေနေယျသတ္တဝါအားလုံးကိုလည်း အမျှပေးဝေပါတယ်။

**ဒေါ်သီတာတင်(ပါရမီရှင်သက်န်းတိုက်) အရှေ့ဘက်မုခ်စောင်းတန်း**

အန်တီ့အနေနဲ့လည်း သံဃာတွေကို ဆွမ်းလောင်းလှူဖို့ ဆန္ဒတွေဖြစ်နေခဲ့တာ ကြာပါပြီ။ စာသင်တိုက်တွေမှာတော့ လှူဖြစ်ပါတယ်။ ဒီလိုပွဲကြီးကိုတော့ အန်တီတို့ အသက်တွေကြီးလာပေမယ့် တစ်ခါမှလည်း မကြုံဖူးဘူး။ ဒီပွဲကြီးရှိတာသိတော့ လှူချင်စိတ်တွေ ဖြစ်ပေါ်လာတယ်။ အဲဒါနဲ့ ချမ်းဟိန်းကုမ္ပဏီမိသားစုနဲ့တိုင်ပင်ပြီး တစုတစည်းတည်း လှူဖြစ်တာပါ။ ဗုဒ္ဓါဘိသေကပွဲမှာဆိုရင်လည်း သံဃာတွေ အများကြီးကို ဖူးတွေ့ရတဲ့အခါမှာ အလွန်ကို ပီတိဖြစ်ပြီးတော့ ပြောမပြ



ဒေါ်နန်းမောက်လောက်ဝ်ဆိုင်

တတ်အောင် ဝမ်းမြောက်မိပါတယ်။

**ဒေါ်နန်းမောက်လောက်ဝ်ဆိုင် (ရွှေသံလွင်အုပ်စု) တောင်ဘက်မုခ်စောင်းတန်း**

ရွှေသံလွင်မိသားစုအနေနဲ့ အမြဲတမ်း လှူဖြစ်သလို ဒီတစ်ခါကတော့ ထူးထူးခြားခြား လှူဖြစ်တာပါ။ ဘာလို့လဲဆိုတော့ သံဃာအပါး ၁၈၀၀၀ ဆိုတာ လှူရခဲပါတယ်။ ရွှေတိဂုံစေတီတော်ပေါ်မှာ လှူရတဲ့အတွက် ပိုထူးခြားသွားတယ်။ လှူရတဲ့ ရည်ရွယ်ချက်ကလည်း နှစ်သစ်ကို ပြောင်းသွားတဲ့ အခါ ကောင်းတဲ့ အတိတ်နိမိတ်ကို ဆောင်တယ်လို့လည်း ရည်ရွယ်ပါတယ်။ စတုဒိသာ ကျွေးရတယ်ဆိုတာကလည်း မွန်မြတ်တဲ့ အလုပ်တစ်ခုပါ။ ဘာသာရေးဘက်က ကြည့်မယ်ဆိုရင်လည်း ဘာသာ သာသနာတည်တံ့ ခိုင်မြဲဖို့ တစ်ထောင့်တစ်နေရာကနေ ပါဝင်လှူဒါန်းတာပါ။

**ဦးဇော်ထွန်းအောင်(စေပိုင်ဖွံ့ဖြိုးမှုကုမ္ပဏီ) အနောက်ဘက်မုခ်စောင်းတန်း**



ဦးဇော်ထွန်းအောင်

အနောက်ဘက်မုခ်မှာ သံဃာအပါး ၄၅၀၀ ဆွမ်းကပ်နိုင်ဖို့ တာဝန်ပေးတဲ့အတွက် သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းဖြစ်ခဲ့ပါတယ်။ နှစ်သစ်ကူး အချိန်အခါနဲ့ ပြာသိုလပြည့်နေ့ဟာလည်း ထူးထူးခြားခြား တိုက်ဆိုင်နေပါတယ်။ ဒီလိုပွဲမျိုးမှာ လှူဒါန်းရတာ အင်မတန်ကုသိုလ်ထူးပါတယ်။ ဒီလိုပွဲကြီးမှာ ပါဝင်လှူဒါန်းခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်။ နောင်လည်း ဘာသာ သာသနာအတွက် လှူဒါန်းမှုအစုစုကို ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

**ဒေါ်နီနီမာ(ဒု-ဥက္ကဋ္ဌ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်း) မြောက်ဘက်မုခ်စောင်းတန်း**

စကားလုံးနဲ့ ဖော်ပြလို့မရနိုင်အောင် အလွန်ကို ဝမ်းသာကြည်နူးရပါတယ်။ ဒီပွဲကြီး မတိုင်ခင်ကတည်းက ရင်ထဲမှာ တသိမ့်သိမ့်နဲ့ ခံစားခဲ့ရတဲ့ပီတိပေါ့။ အခုလည်း အဲဒီ ပီတိကို ခံစားနေရတုန်းပါပဲ။ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုဆိုတဲ့အတိုင်း ဗုဒ္ဓသာသနာကို



ဒေါ်နီနီမာ

ထွန်းတောက်စေတဲ့ ဒီလိုလှူဒါန်းပွဲကြီးကို တစ်ခါမှ မမြင်ဖူးဘူး။ ဒီနေ့ဆို ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ မေတ္တာကွန်ရက်နှလုံးသားအဖွဲ့နဲ့အတူ တရားဓမ္မတွေကို ရွတ်ဖတ်ပူဇော်ပြီး ကုသိုလ်ယူကြတယ်။ စတုဒိသာကျွေးကြတယ်။ အခုလို ကိုယ်တိုင်ပါဝင်လှူဒါန်းခွင့်ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။

**တွေ့ဆုံမေးမြန်း-ခင်ဇာလီ၊ အေးမင်းသူ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ရပ်ဟန်းရှင်လူ ပြည်သူများအား ဇီဝိတဒါန အခမဲ့ ဆေးကုသပေး

**သီပေါ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ဇာတ်စုရပ်ကွက် ဓမ္မာရုံ၌ ရဟန်းရှင်လူပြည်သူများအား ဇီဝိတဒါန အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ ပေးအပ်ခြင်းတို့ကို ဇန်နဝါရီ ၁ ရက်က ပြုလုပ်ခဲ့သည်။

အစီအစဉ်အရ သီပေါမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒဝင်းနှင့် ဆရာဝန် ဆရာမများ၊ သူနာပြုများက ရဟန်းတော်များနှင့် ဒေသခံပြည်သူများအား စမ်းသပ်စစ်ဆေး၍ လိုအပ်ပါက ဆေးထိုးပေးခြင်း၊ ဆေးဝါးများ ၁၅ ရက်စာ အခမဲ့ပေးအပ်ခြင်းတို့ ပြုလုပ်ကြသည်။

ယနေ့ လူနာပေါင်းစုံ ၁၅၅ ဦး လာရောက်ပြသပြီး ဆေးကုသမှုခံယူခဲ့ကြရာတွင် သွားလာရေး အခက်အခဲရှိသော ရဟန်းတော်များနှင့် သက်ကြီးရွယ်အိုများအား ပရဟိတအသင်းများက အကြိုအပို့ ပြုလုပ်၍ အကူအညီများ ပေးခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

# ကျွန်တော်တို့မြန်မာက အဆင့် ၆၊ အာရှတိုက်တစ်တိုက်လုံးမှာ အဆင့် ၁ နေရာက နေတယ်

မောင်ကျော်ဇေဇော်

***အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော်တွင် ဇူလိုင် ၁၆ ရက် မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် ( First Global Challenge 2017 Robotics Competition) ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၇ နိုင်ငံမှ ပြိုင်ပွဲဝင် အသင်းပေါင်း ၁၆၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံက အဆင့် ၆ နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် မောင်ဝေယျာအောင် (ရန်ကုန်နည်းပညာတက္ကသိုလ်၊ စတုတ္ထနှစ်)၊ မယုဇနဝင်း (သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်၊ စတုတ္ထနှစ်)၊ မောင်ဝေယံထွန်း (GoetheInstitute Thailand)၊ မမေပြည့်စုံကျော် (သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်၊ တတိယနှစ်)၊ မောင်ဘုန်းသီဟကျော် (ရန်ကုန်နည်းပညာတက္ကသိုလ်၊ စတုတ္ထနှစ်)၊ မောင်ကျော်ဇေဇော် (ILBC) ထူးချွန်လူငယ် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံမေးမြန်းခဲ့သည်-***

**မေး။ ။ သွားရောက်ခဲ့တဲ့ နိုင်ငံနဲ့ ပြိုင်ပွဲအကြောင်းကို သိချင်ပါတယ်။**

**မယုဇနဝင်း** ။ ။ ကျွန်မတို့က အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမှာ ကျင်းပတဲ့ First Global Challenge 2017 Robotics Competition ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်၊ အဲဒီပြိုင်ပွဲမှာ နိုင်ငံပေါင်း ၁၅၇ နိုင်ငံမှာ အသင်း ၁၆၃ သင်း ထွက်ပါတယ်၊ ကိုယ့်နိုင်ငံမှာ စက်ရုပ်တွေကို ကိုယ့်ဘာသာလုပ်လာပြီး ပြိုင်ရတာဖြစ်ပါတယ်၊ အဲဒီ ပြိုင်ပွဲမှာ အဆင့် ၆ နေရာ ရရှိခဲ့တာဖြစ်ပါတယ်။

**မေး။ ။ အခုအဖွဲ့မှာ ကျောင်းတွေလည်း မတူကြဘူးဆိုတော့ ဘယ်လိုတွေ စုစည်းဖြစ်တယ်၊ ဘယ်အဖွဲ့အစည်းက ရွေးချယ်ခေါ်ယူတယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။**

**မယုဇနဝင်း** ။ ။ ကျွန်မတို့ကို ဖန်တီးရာဆိုတဲ့ နည်းပညာကုမ္ပဏီက ဒီပြိုင်ပွဲရှိတယ်ဆိုတဲ့အကြောင်းကို ကျောင်းတွေဖြစ်တဲ့ YTU၊ UIT စတဲ့ နည်းပညာတက္ကသိုလ်တွေမှာ ကြော်ငြာတွေကပ်တယ်၊ လျှောက်ကြဖို့ လိုက်ပြီး ဟောပြောတယ်၊ အဲဒါကို လျှောက်လိုက်ပြီး အင်တာဗျူးဖြေရပါတယ်၊ အဲဒီကတစ်ဆင့် ရွေးချယ်ခံရပြီး အခုလို အသင်းတစ်သင်းအဖြစ် စုစည်းဖြစ်ကြတာပါ။

**မေး။ ။အသင်းတစ်သင်းဖြစ်လာပြီး သွားရောက်ယှဉ်ပြိုင်ဖို့အတွက် ဘယ်လိုတွေ ပြင်ဆင်ခဲ့ရတယ် ဆိုတာကိုလည်း သိချင်ပါတယ်။**

**မောင်ဝေယံထွန်း** ။ ။ ကျွန်တော်တို့ကို ဖန်တီးရာ နည်းပညာကုမ္ပဏီက အဆင့်ဆင့်ရွေးချယ်ပြီးတဲ့နောက်မှာ ကျွန်တော်တို့ ခုနစ်ယောက်က အသင်းတစ်သင်းအဖြစ် ပေါင်းသွားကြပါတယ်။ စက်ရုပ် (Robot)ကို စပြီးတည်ဆောက်ဖို့ အချိန်တစ်လခွဲကနေ နှစ်လအထိရတယ်။ ကျွန်တော်တို့ကို စက်ရုပ်ဆောက်ဖို့ (Robot Kits Box) တစ်ခုကို အမေရိကန်ကနေ ပို့ပေးပါတယ်၊ စက်ရုပ်မတည်ဆောက်ခင် ပို့လိုက်တဲ့ ပစ္စည်းတွေက အသင်းသားတွေအတွက် အသစ်အဆန်းဖြစ်နေပါတယ်၊ ဒီပစ္စည်းတွေနဲ့ ရင်းနှီးလာဖို့ စက်ရုပ်အသေးလေး ပုံစံငယ်တစ်ခု ကျွန်တော်တို့ တည်ဆောက်ရပါတယ်၊ သစ်သားဝယ်ဖြတ်တောက်ပြီး တကယ့်ပြိုင်ရမယ် field မျိုး တည်ဆောက်ခဲ့ကြပါတယ်။

ဒါပေမယ့် ပစ္စည်းတွေက ကျွန်တော်တို့နဲ့ စိမ်းနေတဲ့အတွက် အဲဒီပစ္စည်းတစ်ခုချင်းစီအကြောင်းကို ပါလာတဲ့ လမ်းညွှန်စာအုပ် (Guide Book)တွေကတစ်ဆင့်ရော အွန်လိုင်းကနေပါ လေ့လာခဲ့ကြတယ်၊ ပုံစံငယ်ကိုလည်း အကြိမ်ကြိမ် စမ်းသပ်ဆောင်ရွက်ကြည့်ခဲ့ကြပြီး တကယ့်စက်ရုပ်တည်ဆောက်ဖို့ ဖြစ်လာခဲ့ကြတာပါ။


**မောင်ဝေယျာအောင်** ။ ။ ကျွန်တော်တို့ အသင်းတစ်ခုဖြစ်လာပြီးတဲ့နောက်မှာ Hardware သမားနဲ့ Software သမားဆိုပြီး အသင်းကို ခွဲလိုက်ပါတယ်၊ ကျွန်တော်က Hardware အပိုင်းမှာပါတယ်၊ Hardware ဆောက်တဲ့နေရာမှာ ကျွန်တော်တို့ စက်ရုပ်ပုံစံငယ် ဆောက်ပြီးသွားပြီ၊ စမ်းသပ်မှုတွေလည်း လုပ်ပြီးသွားပြီ၊ ဂိမ်းဒီဇိုင်းမှာ အကိုက်ညီဆုံး၊ အထိရောက်ဆုံး ဘယ်လိုဆောက်လို့ရမလဲ၊ ဘယ်လိုဝင်ပြိုင်ကြမလဲဆိုပြီး Hardware သမားတွေ တိုင်ပင်ကြတယ်၊ ဒီဇိုင်းတွေ အမျိုးမျိုးထွက်လာတာကို ဒီဇိုင်းတစ်ခုချင်းစီကို တည်ဆောက်ကြည့်တယ်၊ စမ်းသပ်ကြည့်တယ်၊ ဒီဇိုင်းတစ်ခုက အဆင်မပြေရင် နောက်ဒီဇိုင်းတစ်ခုကို ပြောင်းတည်ဆောက်ကြည့်ကြတယ်၊ အဲဒီလို ဒီဇိုင်းတစ်ခုစီကို ဆောက်ရင်း၊ ဆောက်ရင်းနဲ့ အခုလို တွေ့နေရတဲ့အဆင့်ကို ရောက်လာတယ်၊ နောက်ဆုံးအဆင့်ရောက်လာတဲ့ ဒီဇိုင်းကိုလည်း ကျွန်တော်တို့ ပြိုင်ပွဲရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီအောင် အကြိမ်ကြိမ် စမ်းသပ်ပြီးမှ သွားပြိုင်ခဲ့ကြတာပါ။ စက်ရုပ် (Robot)ကို တည်ဆောက်နေတဲ့ အဆင့်တိုင်းမှာလည်း Software သမားနဲ့ ညှိနှိုင်းပြီးတော့ တစ်ဆင့်ချင်း သွားခဲ့ကြပါတယ်။

**မေး။ ။ Software ပိုင်း တာဝန်ယူမှုအပိုင်းကိုလည်း ရှင်းပြပေးပါဦး။**

**မောင်ဘုန်းသီဟကျော်** ။ ။ Hardware ပိုင်းပြီးသွားတော့ ကျွန်တော်တို့ Software သမားတွေကလည်း Hardware သမားနဲ့ အတူတူတွဲပြီး လုပ်ဆောင်ရပါတယ်၊ Softwareမှာ Java နဲ့ Block Programming ဆိုပြီး နှစ်မျိုးခွဲပေးထားပါတယ်၊ ကျွန်တော်တို့ကတော့ Block Programming နဲ့ပဲ ဝင်ပြိုင်ခဲ့ပါတယ်၊ အီလက်ထရွန်နစ်ပိုင်းကိုလည်း သေချာပြင်ဆင်ရတယ်၊ Hardware မှာ လိုအပ်တဲ့ နေရာတွေကိုလည်း Software က ပြင်ဆင်ရတယ်၊ Software မှာ လိုတာတွေကိုလည်း Hardware နဲ့ ညှိပြီးပြင်ဆင်ခဲ့ပါတယ်၊ စက်ရုပ် (Robot) ကို ကျွန်တော်တို့ ဒီမှာ ခဏ ခဏလေ့ကျင့်တယ်၊ ပြီးတော့ ဝါရှင်တန်ဒီစီကို သွားတယ်၊ ဟိုရောက်တဲ့အခါမှာ မပြိုင်ခင် ကျွန်တော်တို့ကို လေ့ကျင့်ဖို့ဆိုပြီး နှစ်ရက် အချိန်ပေးပါတယ်။ အဲဒီလို လေ့ကျင့်ချိန်ပြီးမှာ စက်ရုပ် (Robot )နဲ့ ပြန်ပြီး လေ့ကျင့်ကြည့်တဲ့အခါမှာ လိုအပ်တာတွေ ရှိနေတယ်၊ Error တွေကို နှစ်ရက်အတွင်းမှာ ပြန်ပြီး ပြင်ဆင်ခဲ့ရတယ်။

**မေး။ ။ ဘယ်လို ယှဉ်ပြိုင်ခဲ့ရတယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။**

**မောင်ကျော်ဇေဇော်** ။ ။ အသင်း ၁၆၃ သင်းလုံးကို တူညီတဲ့ စက်ရုပ် (Robot) အစိတ်အပိုင်းလေးတွေ ပေးပါတယ်။ အသင်းတစ်သင်းစီက ကိုယ့်စဉ်းစားပုံ၊ စဉ်းစားနည်းနဲ့ ကိုယ်ကြိုက်သလို ဆက်စပ်ပြီး တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲရောက်တဲ့အခါမှာတော့ ၁၆၃ သင်းစလုံးက ၁၆၃ မျိုးပုံစံနဲ့ စက်ရုပ်တွေ တည်ဆောက်တာကို တွေ့ရတယ်။ ကျွန်တော်တို့ ပြိုင်ခဲ့ရတာကတော့ ရေကောင်းရေသန့် ရရှိရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပြိုင်ခဲ့ရတာဖြစ်ပါတယ်။ ရေသန့်နဲ့ ရေဆိုးကို ခွဲခြားတဲ့စနစ်ကိုမူတည်ပြီး ဂိမ်းကို တည်ဆောက်ထားတာ ဖြစ်ပါတယ်။ သူတို့ သတ်မှတ်ထားတာက ရေသန့်ဆိုရင် ဘောလုံးအပြာ သတ်မှတ်ထားပြီး ရေဆိုးဆိုရင် ဘောလုံးလိမ္မော်ဆိုပြီး သတ်မှတ်ပေးထားပါတယ်၊ ဘောလုံးအပြာကို သန့်စင်တဲ့ water reserve ထဲကို ထည့်ရမယ်၊ ဘောလုံးလိမ္မော်ကို ပြန်ပြီးခဏခွဲခန်းလုပ်မယ့်စင် သတ်မှတ်ပေးထားတဲ့ laboratory အထဲကို ထည့်ပေးရပါတယ်၊ ကျွန်တော်တို့ အဲဒီဂိမ်းအတိုင်း စက်ရုပ်ကို တည်ဆောက်ရပါတယ်၊ ကျွန်တော်တို့စက်ရုပ်က ဘောလုံးအပြာ၊ လိမ္မော်တွေ အကုန်လုံးကို သိမ်းနိုင်ပါတယ်၊ သန့်စင်တဲ့ရေရရှိဖို့ အပြာနဲ့ လိမ္မော်ဘောလုံးကိုလည်း သတ်သတ်စီခွဲနိုင်တယ်၊ သူတို့ရဲ့ ပြိုင်ပွဲစည်းကမ်းက ပြိုင်ပွဲပြီးခါနီးအချိန်မှာ ပြိုင်ပွဲတစ်ခုလုံးကို ရေလွှမ်းလိုက်မယ်လို့ ပြောပါတယ်၊ အဲဒီလို ရေလွှမ်းတဲ့အချိန်မှာ ကျွန်တော်တို့ စက်ရုပ်က မြေပြင်မှာ ရှိနေလို့ မရပါဘူး၊ မြေပြင်မှာရှိနေရင် ရေမြုပ်သွားမှာဖြစ်တဲ့အတွက် ဘေးမှာရှိတဲ့ ဘားတန်းမှာ ခိုထားရပါတယ်၊ အဲဒါတွေ အကုန်လုပ်နိုင်ရင် ကျွန်တော်တို့ အမှတ်အပြည့် ရပါတယ်။



စက်ရုပ်တည်ဆောက်မှုကို ရှင်းပြစဉ်။

**မောင်ဘုန်းသီဟကျော်** ။ ။ ပြိုင်ပွဲကို နှစ်ရက် ပြိုင်ခဲ့ရပါတယ်၊ ပထမတစ်ရက်မှာ သုံးပွဲ ပြိုင်ပါတယ်၊ နှစ်ပွဲနိုင်တယ်၊ တစ်ပွဲရှုံးတယ်၊ နောက်တစ်ရက်မှာ သုံးပွဲပြိုင်ရတယ်၊ သုံးပွဲနိုင်တယ်၊ အမှတ်တွေလည်း အတော်များသွားတယ်၊ အသင်း ၁၆၃ သင်းမှာ အဆင့် ၆ နေရာကို ချိတ်နိုင်ခဲ့ပါတယ်။


**မေး။ ။ ပြိုင်ပွဲအတွေ့အကြုံနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါဦး။**

**မောင်ကျော်ဇေဇော်** ။ ။ တချို့က ဘောလုံးပစ်တာ၊ တချို့က ဘောလုံးသယ်တာ၊ အမျိုးမျိုးတည်ဆောက်ပုံတွေကိုကြည့်ပြီး ကျွန်တော်တို့ ဗဟုသုတရရှိပါတယ်၊ တချို့နိုင်ငံတွေက သူတို့ ဘယ်လိုတည်ဆောက်ခဲ့ရတယ်ဆိုတာ ဗီဒီယိုမှတ်တမ်းတွေ၊ စာအုပ်တွေနဲ့ ပြောတဲ့အတွက် ကျွန်တော်တို့ ပိုပြီးတော့ လေ့လာသိရှိခဲ့ရပါတယ်၊ ပြိုင်ပွဲမှာ စိတ်လှုပ်ရှားစရာကောင်းတာကတော့ ပြိုင်ပွဲမစခင် မိနစ် ၂၀ လောက်အလိုမှာ ဘယ်လို ကစားကွက်တွေထားမယ်၊ ကိုယ့်စက်ရုပ်ကတော့ ဘယ်အပိုင်းတွေမှာ အားသာချက်ရှိတယ်၊ ကိုယ်ရဲ့ မဟာမိတ်အသင်းကတော့ ဘယ်လို အားနည်းချက်တွေ ရှိတယ်ဆိုတာကို ဆွေးနွေးတယ်၊ အကောင်းဆုံးပုံစံနဲ့ အချင်းချင်း ဖြည့်စွက်ပြီး ပြိုင်ခဲ့တာဖြစ်ပါတယ်၊ အချင်းချင်းပူးပေါင်းဆောင်ရွက်မှု ကောင်းတဲ့အတွက် ပြိုင်ပွဲမှာ အမှတ်တွေများပြီး အနိုင်ရခဲ့တာ ဖြစ်ပါတယ်။



First Global Challenge 2017 Robotics Competition ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

**မောင်ကျော်ဇေဇော်** ။ ။ ပြိုင်ပွဲမှာ ခြောက်ပွဲ ပြိုင်ခဲ့ရတယ်၊ ကျွန်တော်စက်ရုပ်ကို ကိုယ်တိုင်ထိန်းပြီးတော့ မောင်းခဲ့ရပါတယ်၊ မပြိုင်ခင် ဟိုဘက်သုံးသင်း၊ ဒီဘက်သုံးသင်း ကွင်းထဲကို ဆင်းပြီး ငါးမိနစ်လောက်ကို နေရတယ်၊ အဲဒီအချိန်မှာ စိတ်တွေလှုပ်ရှားပြီး လက်တွေကလည်း တုန်နေတယ်၊ ကြာလာတော့ တဖြည်းဖြည်း ပြန်ပြီးအဆင်ပြေလာပါတယ်။ အဲဒီ ရင်တွေခုန်နေတဲ့ အတွေ့အကြုံကတော့ အခုထိ မမေ့နိုင်ပါဘူး၊ အခက်အခဲကတော့ အခုမှစပြီး စီစဉ်တဲ့ပွဲမျိုးလည်းဖြစ်လို့ ကျွန်တော်တို့စက်ရုပ်က ပြိုင်နေရင်းနဲ့ ကြားထဲမှာ Connection ပျောက်ပျောက်သွားပါတယ်၊ အဲဒါကို သူတို့ Technical Team က ပြန်ဖြေရှင်းပေးပါတယ်၊ အဲလို Error လေးတွေရှိလို့ တချို့အမှတ်တွေ လျော့ခဲ့ပါတယ်။



ပြိုင်ပွဲဝင်စက်ရုပ်ကို တွေ့ရစဉ်။

**မေး။ ။ ပြိုင်ပွဲမှာ ဘယ်နိုင်ငံတွေက ဆုတွေရခဲ့တာလဲ။**

စာမျက်နှာ ၅ သို့ »»

»» စာမျက်နှာ ၄ မှ

**မောင်ဝေယံထွန်း** ॥ ॥ ကျွန်တာ်တို့ မြန်မာအသင်းက လေးပွဲကစားပြီးတဲ့အချိန်မှာ ကမ္ဘာ့အဆင့် ၁ မှာ ရပ်နေတာ၊ ကျန်တဲ့နှစ်ပွဲမှာ သူများတွေက ကျွန်တော်တို့ထက် အမှတ်က ပိုကျော်သွားလို့သာ အဆင့် ၆ ရသွားတာ၊ ပွဲပြီးသွားတော့ အဆင့်တွေကို ထုတ်လိုက်တဲ့အခါ ကျွန်တော်တို့ မြန်မာအသင်းရဲ့ အထက်အသင်းတွေက အကုန်ဥရောပအသင်းတွေချည်းပဲ၊ အဆင့် ၁ ဆိုရင် ဥရောပတိုက်တစ်ခုလုံးကို ကိုယ်စားပြုတဲ့ အသင်းကရတယ်၊ ဒုတိယဆိုရင်လည်း ပိုလန်၊ တတိယက အာမေးနီးယား၊ စတုတ္ထဆိုရင် အစ္စရေး၊ ပဉ္စမက စက်မှုအင်အားကြီးနိုင်ငံဖြစ်တဲ့ ဂျာမနီ၊ ကျွန်တော်တို့ မြန်မာက အဆင့် ၆၊ အာရှတိုက်တစ်တိုက်လုံးမှာ အဆင့် ၁ နေရာကနေတယ်၊ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ စက်မှုဆိုရင် အင်အားကြီးနိုင်ငံတွေ ဖြစ်တဲ့ တရုတ်၊ စင်ကာပူတို့ဆိုရင်လည်း ကျွန်တော်တို့အောက်မှာပဲရှိခဲ့တယ်၊ ဒါက နောက်ထပ်ပြိုင်မယ့် လူငယ်တွေအတွက် အားတစ်ခုလို့ ကျွန်တော်ထင်တယ်၊ ကျွန်တော်တို့က စင်ကာပူနိုင်ငံလောက် မတိုးတက်ဘူး၊ စက်မှုပညာကို နားမလည်ဘူးလို့ထင်ရင် မှားနေတယ်လို့ ပြောလို့ရတယ်။

**မေး॥ ॥ နောက်နှစ်ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်မယ့် ညီငယ်၊ ညီမငယ်တွေကို ပြောချင်တာရှိရင်လည်း ပြောပြပေးပါဦး။**

**မောင်ဝေယံထွန်း** ॥ ॥ နောက်နှစ်မှာ ပြိုင်ပွဲဝင်မယ့် ညီငယ်၊ ညီမငယ်တွေကို ပြောချင်တာက ကျွန်တော်တို့က ပထမဆုံးအကြိမ်ဆိုတော့ အတော့်ကို အသစ်အဆန်းတွေကြုံခဲ့ရတယ်။ ကျွန်တော်တို့ အခုလို အတွေ့အကြုံတွေ ပြန်လည်မျှဝေတာကလည်း နောက်တစ်ကြိမ် သွားပြိုင်မယ့် ညီငယ် ညီမငယ်တွေ အခက်အခဲ မရှိစေချင်လို့ပါ၊ ဒီအဖွဲ့ကနေလည်း နောက်နှစ်သွားပြိုင်မယ့် အဖွဲ့တွေလည်း ထွက်လာမယ်လို့ မျှော်လင့်ပါတယ်၊ အဓိက ပြောချင်တာက ကျွန်တော်တို့ ကျောင်းသားတွေဟာ အာဆီယံမှာ နိမ့်ကျတယ်လို့တောင် ခံစားစရာမလိုတော့ပါဘူး၊ ကျွန်တော်တို့က အာရှမှာ နံပါတ်တစ် ရခဲ့တာပါ၊ အဲဒီလိုစိတ်ဓာတ်တွေနဲ့ နောင်နှစ်မှာလည်း ကမ္ဘာမှာ မြန်မာ့အလံကို လွှင့်ပေးဖို့ တောင်းဆိုချင်ပါတယ်။

ကျွန်တော်တို့ဆိုရင် မျက်စိ မြင်တယ်၊ နားက ကြားရတယ်၊ အားလုံးအဆင်ပြေတယ်၊ အဲဒီလို အခြေအနေမျိုးနဲ့ ကျွန်တော်တို့က သွားပြိုင်ခွင့်ရတာပေါ့၊ အဲဒီမှာ ကျွန်တော်တွေ့ခဲ့တာက နိုင်ငံတစ်နိုင်ငံက ညီအစ်ကို နှစ်ယောက်က လာပြိုင်တယ်၊ ဒါပေမယ့် နှစ်ယောက်စလုံးက ဆွံ့အနားမကြားဖြစ်နေတယ်၊ သူတို့က အဲဒီလို စိတ်ဓာတ်နဲ့ လာပြိုင်တာ၊ အများနည်းတူ စက်ရုပ်လည်း ဆောက်နိုင်တယ်။ Sign Language နဲ့ပဲ သွားပြီးတော့ စက်ရုပ်ကိုလည်း ဆောက်သွားနိုင်တယ်ဆိုတာ လေးစားဖွယ်ရာတွေ့မြင်ရတယ်၊ နောက်ပြီး စစ်ပွဲတွေဖြစ်နေတဲ့ ဆီးရီးယားတို့ အာဖဂန်နစ္စတန်တို့က လာပြိုင်တဲ့သူတွေဆိုရင်လည်း ဆုတွေ အများကြီးရကြတယ်၊ အဲဒါကြောင့် ကျွန်တော်တို့က အခြေအနေတစ်ခုခုကို အကြောင်းပြမနေဘဲ ငါဒါကို မလုပ်နိုင်ပါဘူးဆိုတဲ့ စိတ်ဓာတ်တွေ ရှိနေမယ့်အစား သူတို့ကိုကြည့်ပြီး သူတို့ကမှ တကယ့်ကို ပြိုင်ပွဲရဲ့ သူရဲကောင်းတွေလို့ ပြောလို့ရပါတယ်၊ အဘက်ဘက်က ဖိနှိပ်ခံနေရတဲ့ ကြားထဲက သူတို့က ဒီနိုင်ငံကိုလည်း လာတယ်။ ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီးလည်း ပြိုင်ပွဲကို ပြိုင်သွားတယ်ဆိုတော့ ဒါက ဒီပြိုင်ပွဲနဲ့ပတ်သက်ပြီး လေးစားရတဲ့အချက်၊ အတွေ့အကြုံကောင်းတွေပါပဲ။

**မောင်ဝေယျာအောင်** ॥ ॥ ဒီပြိုင်ပွဲရဲ့အမှတ်တရအနေနဲ့ မတွေ့ဖူးတဲ့သူတွေ၊ မရောက်ဖူးတဲ့နေရာတွေကို ရောက်ရတယ်၊ နောက်အရေးကြီးတာတစ်ခုက Science၊ Technology၊ Engineering၊ Mathematics မှာ ဘုံဖြစ်တဲ့ Stem Education က ကျွန်တော်တို့ လူငယ်တွေအတွက် ဘယ်လောက် အရေးပါတယ်ဆိုတာ သိခဲ့ရတယ်၊ ကျွန်တော်တို့ ကျောင်းမှာသင်ရတဲ့ Mechanical နဲ့ ဆိုင်တဲ့ ပညာရပ်တွေက ဒီပြိုင်ပွဲမှာ လက်တွေ့အသုံးချနိုင်ခဲ့တယ် အဲဒါကတော့ ဒီပြိုင်ပွဲရဲ့ အမှတ်တရပါပဲ။

**မယုဇနဝင်း** ॥ ॥ အမျိုးသမီးတွေ၊ မိန်းကလေးတွေက ယောကျာ်းလေးတွေနဲ့ယှဉ်ရင် ကိုယ်က မလုပ်နိုင်ဘူးဆိုပြီး အားငယ်တတ်ကြတယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်မရှိသလို ဖြစ်တတ်ကြတယ်၊ အဲဒီလို အားမငယ်ပါနဲ့၊ မိန်းကလေးတွေလည်း ယောကျာ်းလေးတွေနဲ့ တန်းတူ ဘယ်နေရာမှာမဆို၊ ဘယ်ကဏ္ဍမှာမဆို ပါဝင်နိုင်ပါတယ်၊ အသစ်ဖွံ့ဖြိုးလာတဲ့ နည်းပညာတွေကို သေချာလေ့လာပြီး ဖြစ်ချင်တဲ့ စိတ်သာရှိမယ်ဆိုရင် အောင်မြင်နိုင်ပါတယ်လို့ ပြောချင်ပါတယ်။

**မေး॥ ॥ အခုလို အောင်မြင်မှုတွေရရှိခဲ့တာက ကိုယ့်အတွက်၊ ကိုယ့်ကျောင်းအတွက်၊ ကိုယ့်နိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရလာမယ်လို့ ထင်ပါသလဲ။**

**မမေပြည့်စုံကျော်** ॥ ॥ ပြိုင်ပွဲနဲ့ပတ်သက်ပြီး ရရှိခဲ့တဲ့ အကျိုးကျေးဇူးတွေကတော့ အများကြီးပါပဲ၊ အခု ကျွန်မတို့သွားပြိုင်တာ နိုင်ငံပေါင်း ၁၅၇ နိုင်ငံမှာ အသင်းပေါင်း ၁၆၃ သင်းပေါ့၊ အသင်းတွေ အများကြီးထဲကမှ မြန်မာနိုင်ငံအလံကို အဆင့် ၆ နေရာမှာ လွှင့်နိုင်ခဲ့တဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်၊ ဒါက နိုင်ငံအတွက် ဂုဏ်ယူစရာတစ်ခုပါ၊ ကိုယ့်ကျောင်းက ကျောင်းသား ကျောင်းသူတွေအတွက်လည်း အတုယူဖွယ်ရာဖြစ်ပါတယ်၊ ဒါကတော့ ကျွန်မအတွက် ပထမဆုံး အတွေ့အကြုံတစ်ခုပါ၊ အရင်တုန်းကဆိုရင် ကိုယ့်ကိုယ်ကိုယ် ဒီလိုလုပ်နိုင်မယ်လို့ မယုံကြည်ခဲ့ဘူး။ အခုဆိုရင် ယုံကြည်မှုတွေ အများကြီး ရလာခဲ့ပြီ။ နောင်ကိုလည်း ဆက်လက်လုပ်ဆောင်သွားဖို့ အားအင်တွေ ဖြစ်စေပါတယ်။

ပြိုင်ပွဲမှာ အသင်းတွေရဲ့ ၆၀ ရာခိုင်နှုန်းက အမျိုးသမီးတွေနဲ့ ဖွဲ့စည်းထားတာ။ အမျိုးသမီးတွေ ဦးဆောင်တာမျိုးတွေလည်း ရှိပါတယ်။ အာဖဂန်နစ္စတန်အသင်းတွေဆိုရင် အမျိုးသမီးအသင်းတွေပေါ့။ အဲဒါကြောင့် ကျွန်မတို့နိုင်ငံက အမျိုးသမီးတွေကို ကိုယ်လုပ်နိုင်မယ်လို့ ယုံကြည်ပါလို့ ပြောချင်ပါတယ်။

**မေး॥ ॥ ပြိုင်ပွဲနဲ့ပတ်သက်ပြီး အကြံပြုပြောကြားချင်တာရှိရင်လည်း ပြောပြပေးပါဦး။**

**မောင်ကျော်ဇဇော်** ॥ ॥ ဒီပြိုင်ပွဲက ရရှိတဲ့အတွေ့အကြုံတွေကို ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေ အကုန်လုံးကို ရစေချင်တယ်၊ ဒီပြိုင်ပွဲမျိုးကို ပြိုင်ရတဲ့အတွက် ကျောင်းမှာလေ့လာနေတဲ့ ဘာသာတွေမှာလည်း အကျိုးရှိတယ်၊ ပြိုင်ပွဲရဲ့ သတ်မှတ်ချက်ဖြစ်တဲ့ ရေကောင်း၊ ရေသန့် ရရှိမှုဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဒီနိုင်ငံမှာ ဘယ်လိုပြန်ပြီး အသုံးချမယ်ဆိုတာ အတွေ့အကြုံလည်း ရခဲ့ပါတယ်၊ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ စက်ရုပ်ပြိုင်ပွဲဆိုပြီး ကြောက်ရွံ့မသွားကြဖို့၊ ပြိုင်ပွဲတွေကို ပါဝင်ယှဉ်ပြိုင်စေချင်ပါတယ်၊ ကိုယ်ကတစ်ခုခုကို အရည်အချင်းမပြည့်မီသေးလို့၊ မတတ်မြောက်သေးလို့ဆိုပြီး တွန့်ဆုတ်မနေဘဲ လေ့လာသင်ယူရင်းနဲ့ပဲ ပြိုင်ပွဲကို ယှဉ်ပြိုင်စေချင်ပါတယ်။ လေ့လာသင်ယူကြပါလို့လည်း ပြောချင်ပါတယ်။

**မေး॥ ॥ ကျေးဇူးတင်ထိုက်သူတွေ ရှိရင်လည်း ပြောပြပေးပါဦး။**


**မောင်ဝေယံထွန်း** ॥ ॥ ကျွန်တော်တို့ကို ပြိုင်ပွဲအကြောင်း စပြီးအသိပေးတယ်၊ စက်ရုပ်တည်ဆောက်ဖို့ နေရာနဲ့ ပစ္စည်းတွေကိုလည်း ထောက်ပံ့ပေးတဲ့ ဖန်တီးရာ နည်းပညာကုမ္ပဏီ၊ အမေရိကားကိုသွားဖို့ စရိတ်တွေကို ထောက်ပံ့ပေးတဲ့ Nathan Associate၊ အမေရိကားကို ရောက်သွားတဲ့အခါ ကျွန်တော်တို့ကို လာရောက်အားပေးနေတဲ့ ကျွန်တော်တို့ မြန်မာလူမျိုးတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ အခုလိုသွားရောက်ယှဉ်ပြိုင်ခဲ့တဲ့ အတွေ့အကြုံတွေကိုပြန်လည်မျှဝေခွင့်ပေးတဲ့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်၊ နောက်လူငယ်တွေအနေနဲ့ ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေကို သိရှိပြီး စိတ်အားထက်သန်မှုတွေနဲ့ နောက်နှစ် မက္ကဆီကိုမှာ သွားပြီးပြိုင်တဲ့အခါမှာ အခက်အခဲမရှိဖို့ ကျွန်တော်တို့ ဝိုင်းဝန်းပြီး ကူညီပေးချင်ပါတယ်။ ॥ **သတင်း-နန္ဒာဝင်း၊ ဝင်းဝင်းမော်**

**ဓာတ်ပုံ-လှမိုး**



စက်ရုပ်တည်ဆောက်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေစဉ်။

> ❛ကျွန်တော်တို့ ကျောင်းသားတွေဟာ အာဆီယံမှာ နိမ့်ကျတယ်လို့တောင် ခံစားစရာမလိုတော့ပါဘူး၊ ကျွန်တော်တို့က အာရှမှာ နံပါတ်တစ် ရခဲ့တာပါ၊ အဲဒီလို စိတ်ဓာတ်တွေနဲ့ နောင်နှစ်မှာလည်း ကမ္ဘာမှာ မြန်မာ့အလံကို လွှင့်ပေးဖို့ တောင်းဆိုချင်ပါတယ်❜



ပြိုင်ပွဲဝင်စက်ရုပ်ကို တည်ဆောက်နေကြစဉ်။

## KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၂) ဇန်နဝါရီ ၂ ရက်တွင် ဆက်လက်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိက ပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၂) ကို ဇန်နဝါရီ ၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်(၂) အဖြစ် ဇန်နဝါရီ ၂ ရက်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ဇန်နဝါရီ ၃ ရက်တွင် မြဝတီအသင်းနှင့် YREO အသင်း၊ ဇန်နဝါရီ ၄ ရက်တွင် တက္ကသိုလ်အသင်းနှင့် ဇွဲကပင်အသင်း၊ ဇန်နဝါရီ ၅ ရက်တွင် သစ္စာအားမာန်အသင်းနှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၁) တွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် ဇွဲကပင်အသင်းတို့သာ ဂိုးပြတ်အနိုင်ရခဲ့ပြီး ကျန်အသင်းများ နိုင်ပွဲပျောက်ဆုံးခဲ့သည်။ ပွဲစဉ် (၁) အပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် ဇွဲကပင်အသင်းတို့က သုံးမှတ်စီ၊ မြဝတီ၊ သစ္စာအားမာန်၊ အား/ကာသိပ္ပံနှင့် YREO အသင်းတို့က တစ်မှတ်စီ၊ တက္ကသိုလ်အသင်းနှင့် ဂန္ဓမာအသင်းတို့က ရှုံးပွဲကြုံတွေ့ထားကာ အမှတ်မရသေးပေ။

**သတင်း-ရဲရင့်ရှိန်း**

**ဓာတ်ပုံ-စိုးညွန့်**



# လွတ်လပ်ရေးနေ့နှင့် အမျိုးသားရေးတာဝန်

■ မောင်ခိုင်မာ(အထက်မင်းလှ)

အမိမြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ရောက်ရှိသည်ဖြစ်၍ ယခုနှစ် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်သည့် ပထဝီနိုင်ငံရေးအရ အရေးပါသောနိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ကိုယ့်အရှင်၊ ကိုယ့်သခင်နှင့် ငြိမ်းချမ်းစည်ပင် ရိုးသားစွာနေထိုင်ခဲ့ကြသည်။ သို့သော် ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်အား စစ်လက်နက်နှင့် နည်းပညာအသာစီးဖြစ်သော နယ်ချဲ့အင်္ဂလိပ်တို့က ၅-၃-၁၈၂၄ တွင် အင်္ဂလိပ်-မြန်မာ ပထမကျူးကျော်စစ်ကို ဖန်တီးပြီး ၁၈၂၆ ခုနှစ်တွင် ပြီးဆုံးကာ ရခိုင်နှင့် တနင်္သာရီကို သိမ်းပိုက်ခဲ့သည်။ ၅-၄-၁၈၅၂ တွင် အင်္ဂလိပ်-မြန်မာ ဒုတိယကျူးကျော်စစ် ဖန်တီးပြီး ၁၈၅၄ ခုနှစ်တွင် ပြီးဆုံးသည်။

ဒုတိယကျူးကျော်စစ်အပြီးတွင် ၎င်းတို့၏ လက်ခုပ်ထဲက ရေပမာဖြစ်နေသော မြန်မာနိုင်ငံအား သူတို့သဘောအတိုင်း "ရခိုင်မိုးခေါင် တောင်ဦးထိပ်က အရှေ့တည့်တည့် မြေထဲမြို့ တပ်အလံတိုင် ခြောက်တိုင်အကွာကသည် အဖြောင့်အတိုင်း စိုက်၍ စစ်တောင်းမြို့နှင့် ကရင်နီနယ်နိမိတ်အထိ အပိုင်းအခြား ဖြစ်သည်" ဟူ၍ နယ်နိမိတ်သတ်မှတ်ကာ မြေထဲ(အောင်လံ)အထိ သိမ်းပိုက်ခဲ့သည်။ ၁၈၈၅ ခုနှစ် တတိယကျူးကျော်စစ်အတွင်း ၂၉-၁၁-၁၈၈၅ တွင် သီပေါမင်းပါတော်မူပြီး ၁-၁-၁၈၈၆ တွင် သူ့ကျွန်ဘဝသို့ လုံးဝကျရောက်သွားခဲ့ရပေသည်။ ထိုအချိန်မှစ၍ မြန်မာဦးစွန်း အနောက်သို့ ယွန်းခဲ့ရလေ၏။

ထိုသို့ ထီးကျိုးစည်ပေါက် သူ့ကျွန်အောက်ကျွန်သဘောက်ဘဝမှ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်ကြိုးပမ်းမှု၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုကြောင့် လွတ်လပ်ရေးရခဲ့သည်။ သို့သော် "လွတ်လပ်ရေးသည် သူတောင်းစားခွက်ထဲသို့ ပစ်ချခံရသည့် အသပြာကြေးပြားကဲ့သို့ ကျရောက်လာမည့် စွန့်ကြခြင်းမျိုးမဟုတ်၊ စွန့်စားကြိုးပမ်း၍ ဆွတ်ယူရမည့် အောင်ပန်းဖြစ်သည်" ဟု ဗိုလ်ချုပ်မိန့်ကြားသည့်အတိုင်း အသက်၊ သွေး၊ ချွေး မြောက်မြားစွာရင်းနှီးပြီးမှ ရရှိလာခြင်း ဖြစ်ပါသည်။ အလွယ်တကူမဟုတ်ခဲ့ပါ။ သို့အတွက် လွတ်လပ်ရေးကို ထိန်းသိမ်းရန် ကျွန်ုပ်တို့တွင် အမျိုးသားရေးတာဝန်များစွာရှိပါသည်။

**အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး**

နိုင်ငံတော်ဟူသည်မှာ လူဦးရေ (Population)၊ နယ်နိမိတ်နယ်မြေ(Territory)၊ အစိုးရ (Government) နှင့် အချုပ်အခြာအာဏာ (Sovereignty)တို့ ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း သုခမိန်တို့က ဆိုထားသည်။ ၎င်းတို့အနက် အချုပ်အခြာအာဏာသည် နိုင်ငံ၏ အသက်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတစ်နိုင်ငံသည် လွတ်လပ်မှုမရှိဘဲ အချုပ်အခြာ အာဏာမပိုင်သကဲ့သို့ အချုပ်အခြာအာဏာပိုင်မဖြစ်လျှင် လွတ်လပ်သောနိုင်ငံဟု မသတ်မှတ်နိုင်ပါ။ အချုပ်အခြာအာဏာဟူသည်မှာ ရှေးလက်တင် စကားလုံး ဆူပဲရာနစ် (Superanus) မှ ဆင်းသက်လာပြီး ဆိုဗီယက်ဥပဒေပညာရှင် V.V.Yevgenyer က "အချုပ်အခြာအာဏာဟူသည်မှာ အခြားနိုင်ငံများ၏ အခွင့်အရေးများကိုဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၏ မူသဘောတရားများနှင့် စည်းကမ်းချက်များကိုဖြစ်စေ ထိပါးချိုးဖောက်ခြင်းမရှိဘဲ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းနှင့် ပြည်ပရေးရာများတွင် မိမိသဘောအရ လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်နိုင်သည့် အခွင့်အရေးတစ်ရပ်ဖြစ်သည်"ဟု ဖွင့်ဆိုထားသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ပဋိညာဉ်အပိုဒ် (၂) အပိုဒ်ခွဲ(၁)တွင် "ကုလသမဂ္ဂအဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာ တန်းတူရည်တူရှိမှု အပေါ်တွင် အခြေခံဖွဲ့စည်းသည်"ဟု သတ်မှတ်ထားပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း "အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံဆိုတဲ့နေရာမှာ လွတ်လပ်တယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ ရှင်းစရာမလိုဘူး၊ အချုပ်အခြာအာဏာပိုင်ဆိုတာ အမျိုးမျိုးရှိတယ်၊ အမှန်က နိုင်ငံဆိုတဲ့သဘောကိုက အချုပ်အခြာအာဏာက အကျုံးဝင်ပြီးသား သဘောတရားရှိတယ်၊ နိုင်ငံတော်ဆိုရုံနှင့် အားမရမကျေနပ်ဘဲ အချုပ်အခြာအာဏာပိုင်နိုင်ငံမှ ပြည့်စုံလုံလောက်တယ်လို့ သဘောထားကြတယ်"ဟူ၍ ၁၈-၆-၁၉၄၇ ရက်နေ့က တိုင်းပြု ပြည်ပြုလွှတ်တော်၌ လုံးဝလွတ်လပ်ရေးအဆို တင်သွင်းရာတွင် ထည့်သွင်းမိန့်ကြားခဲ့ပါသည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံသည် အပြင်ပန်းအားဖြင့် လွတ်လပ်သည်ဆိုသော်လည်း ထိုနိုင်ငံ၏ အချုပ်အခြာအာဏာ(ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ)အပေါ် အခြားနိုင်ငံတစ်နိုင်ငံသို့တည်းမဟုတ် အဖွဲ့တစ်ဖွဲ့က ဝင်ရောက်စွက်ဖက်လွှမ်းမိုးချုပ်ကိုင်နေပါက အမှန်တကယ်လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဟု မသတ်မှတ်နိုင်ပေ။ နိုင်ငံတစ်နိုင်ငံသည် အချုပ်အခြာအာဏာ ကင်းမဲ့သွားပြီဆိုလျှင် လွတ်လပ်ရေးဆုံးရှုံးခြင်းပင်ဖြစ်ပေမည်။ ထို့ကြောင့် အမိမြန်မာနိုင်ငံတော်မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံးက စုစည်းထိန်းသိမ်းကာကွယ်ကြရပါမည်။

> **နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးသည် အဓိကလိုအပ်ချက်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကဏ္ဍအားလုံးအပေါ် လွှမ်းမိုးသက်ရောက်သဖြင့် ၂၀၁၁-၂၀၁၂ မှစတင်၍ နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစားပေးလုပ်ဆောင်နေကြောင်း တွေ့မြင်ရ**

**ဒီမိုကရေစီစံနှုန်းများနှင့်အညီ အခြေခံဥပဒေသစ်ပေါ်ပေါက်ရေး**

အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို မလွဲမသွေ ရေးဆွဲပြဋ္ဌာန်းထားရှိကြလေသည်။ အခြေခံဥပဒေသည် ဒီမိုကရေစီတော်လှန်ရေးမှ ပေါက်ဖွားလာခြင်းဖြစ်၍ နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီစံနှုန်းကို ထိုနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာကြည့်လျှင် သိနိုင်၏။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် အခြေခံဥပဒေသုံးခု ပေါ်ပေါက်လာခဲ့သည်။ ပထမဦးဆုံးဖြစ်သော ၁၉၄၇ အခြေခံဥပဒေခေါ် ၁၉၄၈ အခြေခံဥပဒေသည် ၁၉၄၇ ပင်လုံညီလာခံ သဘောတူညီချက်ကို အခြေခံရေးဆွဲခဲ့ခြင်းဖြစ်သည်။ ဤအခြေခံဥပဒေသည် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တပ်မတော်က အာဏာလွှဲပြောင်းရယူလိုက်သောအခါ ချုပ်ငြိမ်းခဲ့ရသည်။

ထို့နောက် တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ရေးဆွဲခဲ့သော ၁၉၇၄ အခြေခံဥပဒေသည် ၁၉၈၈ ခုနှစ် အရေးအခင်းအပြီးတွင် တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို လွှဲပြောင်းရယူလိုက်သောအခါ ပျက်ပြယ်ခဲ့ရပြန်သဖြင့် လက်ရှိကျင့်သုံးနေသည့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေပေါ်ပေါက်ခဲ့သည်။ ကမ္ဘာ့ဒီမိုကရေစီ ပြောင်းလဲမှုဖြစ်စဉ်တွင် သိသာထင်ရှားစွာ လိုက်ပါပြောင်းလဲနေသည့် မြန်မာနိုင်ငံအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးမူဝါဒ(လမ်းပြမြေပုံ) (၇)ရပ်ကို ချမှတ်ထားရာ "ပြည်ထောင်စု သဘောတူညီချက်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသားခြင်း၊ အတည်ပြုခြင်း" ဟူသည့်အချက်ပါဝင်ပြီးဖြစ်သကဲ့သို့ ၂၀၁၇ မေ ၂၄-၂၈ တွင် ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ် (၂၁) ရာစု ပင်လုံညီလာခံက ပြည်ထောင်စု၏ အစိတ်အပိုင်း(၁)အဖြစ် မူဝါဒအဆိုပြုချက် ၃၇ ချက်ကို ဘုံသဘောတူညီချက်အဖြစ်ချမှတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ လာမည့် တတိယအကြိမ် အစည်းအဝေးမှလည်း သဘောတူညီချက်အချို့ကို ချမှတ်နိုင်ပါလိမ့်မည်။ ဒီမိုကရေစီခြေလှမ်းနောက်ကျနေသော နိုင်ငံတော်အား ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် ထုဆစ်ပုံဖော်နိုင်ရန်အတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့် ညီညွတ်သော အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးအတွက် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံးက ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**

"ဒီမိုကရေစီ မရင့်ကျက်သေးတဲ့အပြင် လူမျိုးပေါင်းစုံနေထိုင်တဲ့ မြန်မာနိုင်ငံအတွင်း လုပ်ဆောင်ရတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရှုပ်ထွေးပြီး စိန်ခေါ်မှုများစွာနဲ့ ပြည့်နှက်နေပါတယ်"ဟု ၁၃-၆-၂၀၁၇ ရက်နေ့က ဆီွဒင်လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များအား မိန့်ခွန်းပြောကြားရာ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းပြောကြားခဲ့သည်။ နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် ခေတ်အဆက်ဆက် အစိုးရအသီးသီးက ဆောင်ရွက်ခဲ့သော်ငြား အကြောင်းကြောင်းဖြင့် အောင်မြင်မှုမရရှိခဲ့ပါ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးသည် အဓိကလိုအပ်ချက်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကဏ္ဍအားလုံးအပေါ် လွှမ်းမိုးသက်ရောက်သဖြင့် ၂၀၁၁-၂၀၁၂ မှစတင်၍ နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစားပေးလုပ်ဆောင်နေကြောင်း တွေ့မြင်ရပါသည်။

သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် သိမ်မွေ့နက်နဲသည်ဖြစ်၍ အားလုံးစိတ်ရှည်သည်းခံလျက် တစ်ဦးကိုတစ်ဦး ယုံယုံကြည်ကြည်ဖြင့် ငြိမ်းချမ်းရေးပန်းတိုင်သို့ မျက်ခြည်မပျက် ချီတက်ကြဖို့လိုပါမည်။ ထို့ကြောင့်လည်း (၂၁)ရာစုပင်လုံညီလာခံ ဒုတိယအစည်းအဝေးပိတ်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က "ငြိမ်းချမ်းရေးခရီးလမ်းမှာ ရှေ့ကိုမျှော် အနာဂတ်ကို အာရုံပြုလို့ သွက်သွက်လက်လက် လျှောက်လှမ်းကြပါစို့"ဟု တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်ပါသည်။

**နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးပန်းတိုင်သို့**

NCA လက်မှတ်ရေးထိုးခြင်း နှစ်နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်နေ့ အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ငြိမ်းချမ်းရေးအမှန်လိုလားတဲ့ အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ပြီး ထာဝရငြိမ်းချမ်းရေးဆောက်တည်နိုင်ဖို့ နိုင်ငံရေးပြဿနာတွေကို ဆွေးနွေးညှိနှိုင်းတဲ့နည်းနဲ့ ဖြေရှင်းကြပါစို့"ဟု မိန့်ကြားခဲ့သည်။

အတိတ်ကာလ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို လေ့လာလျှင် ၁၉၆၃ ခုနှစ် ဇွန် ၁၁ ရက်တွင် ပြုလုပ်သည့် ဆွေးနွေးပွဲမှစတင်၍ ၁၉၈၀ KIA နှင့် ဆွေးနွေးပွဲ၊ ၁၉၈၁ ခုနှစ် ဗကပနှင့် ဆွေးနွေးပွဲ အစရှိသည်တို့က အကြောင်းကြောင်းဖြင့် မအောင်မြင်ခဲ့ပါ။ သည်ဘက်ခေတ်တွင် အသွင်တစ်မျိုးဖြင့် ကျင်းပပြုလုပ်လာခဲ့သည်ဖြစ်၏။ ဦးသိန်းစိန်အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် NCA ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ NLD အစိုးရကာလ လက်ရှိအခြေအနေတွင် (၂၁)ရာစုပင်လုံညီလာခံကို နှစ်ကြိမ်မြောက် ကျင်းပခဲ့ပြီး ဆက်လက်၍ တတိယအကြိမ်ကျင်းပမည်ဖြစ်သည်။

ပြီးခဲ့သည့် ညီလာခံနှစ်ခုအကြားတွင် အမျိုးသားအဆင့် ဆွေးနွေးပွဲများကို နေရာဒေသအားလုံး မဟုတ်သည့်တိုင် အဆင်ပြေသောနေရာများတွင် ကျင်းပနိုင်ခဲ့သည်။ ထိုဆွေးနွေးပွဲများမှ ရရှိလာသော အချက်အလက်များကို အခြေခံ၍ UPDJC မှ စုစည်းကာ ရရှိခဲ့သည့် ၄၅ ချက်ကို ဒုတိယအကြိမ် (၂၁)ရာစုပင်လုံအစည်းအဝေးသို့ တင်သွင်းဆွေးနွေးရာ ၃၇ ချက်ကို ဘုံသဘောတူညီချက်အဖြစ် ချမှတ်နိုင်သည်အထိ အောင်မြင်ခဲ့ပါသည်။ လက်ရှိအစိုးရအနေဖြင့် အတိတ်၏ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာရယူပြီး နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးကိုရယူရန် ဆောင်ရွက်နေသည်ဖြစ်ရာ ငြိမ်းချမ်းရေးကို အလိုရှိကြကုန်သော ကျွန်ုပ်တို့ ပြည်ထောင်စုတိုင်းရင်းသားအားလုံးက နိုင်ငံတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်ပေသည်။

**ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်ရေး**

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရအနေဖြင့် စီးပွားရေးတိုးတက်မှုကို အစိုးရသက်တမ်း ပထမနှစ်အတွင်း သိသိသာသာ မလုပ်ဆောင်နိုင်ခဲ့သော်လည်း လက်ရှိအခြေအနေတွင် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေကြောင်း တွေ့ရပါသည်။ (ဥပမာ ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံခြား၊ နိုင်ငံသားဟူ၍ နှစ်မျိုးမခွဲခြားဘဲ တစ်ခုတည်းပေါင်းစည်းပြဋ္ဌာန်းခြင်း၊ ယခင်ကုမ္ပဏီများအက်ဥပဒေကို ဖျက်သိမ်းပြီး ခေတ်နှင့်အညီ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပြဋ္ဌာန်းခြင်းများ။) တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးမှုပန်းတိုင်ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ပန်းတိုင်တစ်ခုဆိုတာ ပန်းတိုင်တစ်ခုကိုပဲ ကြည့်လို့ မဖြစ်ပါဘူး၊ ပန်းတိုင်ကို သွားတဲ့လမ်းကလည်း မှန်ဖို့လိုပါတယ်" ဟု ဆိုသကဲ့သို့ သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထည့်သွင်းတွက်ချက်ရပေမည်။

ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံမှာ "ပုဂ္ဂလိက ကဏ္ဍ"ဖြစ်၏။ ထို့ကြောင့် စီးပွားရေးအခြေခံလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် SME များသို့ မြန်မာ့စီးပွားရေးဘဏ်မှ နှစ်လထိ ချေးငွေများ ထုတ်ချေးမည့် အစီအစဉ်ကို အသိပေးကြေညာလျက် ရှိနေပါသည်။ တစ်ဆက်တည်းမှာပင် ပုဂ္ဂလိကစီးပွားရေးကဏ္ဍများအတွက် ငွေကြေးအရင်းအနှီး၊ ကျွမ်းကျင်မှုနည်းပညာနှင့် ပြည်တွင်းပြည်ပဈေးကွက်များကို အားပေးမြှင့်တင်လိုက်ပါလျှင် တစ်ဦးကျ ဝင်ငွေမြင့်တက်လာပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်မှာ ဧကန်မုချဖြစ်ပါသည်။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြားတွင်လည်း ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာကြမည် ဖြစ်ပါသည်။

**အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန်**

အနှစ်ချုပ်အားဖြင့်ဆိုရပါလျှင် ယနေ့မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာရှိသောနိုင်ငံဖြစ်လင့်ကစား ထာဝရငြိမ်းချမ်းရေးမရသေးသဖြင့် အကျိုးဆက်အားဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရပါသည်။ လွတ်လပ်ရေး၏အရသာကို တင်းပြည့် ကျပ်ပြည့် မခံစားရသေးပါ။ သို့အတွက် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရင်း ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုကြီးကို ထုဆစ်ပုံဖော်နိုင်ရန်အတွက် နိုင်ငံတော်က ချမှတ်ပေးထားသည့် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များအား ကျွန်ုပ်တို့အားလုံးက အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသတည်း။ ။

## ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး" ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။




"မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးစု အများအပြား နေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မတူကွဲပြားတဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ၊ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးတို့လည်း ဒွန်တွဲတည်ရှိနေပါတယ်။ မတူကွဲပြားမှုတွေအကြားမှာ လိုက်လျောညီထွေ သဟဇာတဖြစ်ရေးနဲ့ ညီညွတ်စွာ ပေါင်းစည်းနိုင်ရေးဟာ အလွန်အရေးကြီးပါတယ်။ ဒီလိုပေါင်းစည်းရာမှာ အားလုံးသဘောတူ လက်ခံနိုင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်တစ်ရပ် ပေါ်ထွန်းလာဖို့ လိုအပ်နေပါတယ်"

*(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၅-၉-၂၀၁၇ ရက်နေ့ (၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)*

# တိုင်းပြုပြည်ပြု မြန်မာ့လွတ်လပ်ရေး

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုခရီးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်မှု နောက်ဆုံးနှစ်ဟု ဆိုရမည်ဖြစ်သည်။ လွတ်လပ်ရေးပန်းတိုင်သို့ ရောက်ရှိမည့် တစ်နှစ်အလိုဖြစ်သည်။ နယ်ချဲ့အစိုးရအား တောင်းဆိုမှု၊ တိုက်ပွဲဝင်မှုများ ပြီးဆုံးပြီးနောက် စစ်ဘေးစစ်ဒဏ်နှင့် နယ်ချဲ့၏စနစ်ဆိုးကြောင့် ပြာပုံအတိကျနေသော နိုင်ငံတော်ကို ပြန်လည်ထူထောင်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။

အောင်ဆန်း-အက်တလီ စာချုပ် ချုပ်ဆိုစဉ်က ရွေးကောက်ပွဲကတိကို တရားဝင် ထည့်သွင်းချုပ်ဆိုနိုင်ခဲ့သည်။ မြန်မာတိုင်းရင်းသားအားလုံးတို့က လူထုလိုလားသော လွတ်လပ်ရေးအကြိုပြင်ဆင်မှု ရွေးကောက်ပွဲကတိကို ရရှိခဲ့သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်များအား ပြည်သူလူထုကြီးက တစ်ခဲနက် မဲပေးကာ ရွေးချယ်ခဲ့ကြသည်။ ရွေးကောက်ပွဲ ကျင်းပခွင့်ရရှိခြင်းသည် လွတ်လပ်ရေးအတွက် ပထမအဆင့် အောင်မြင်မှုရရှိခြင်းပင်ဖြစ်သည်။

ရွေးကောက်ပွဲများ ကျင်းပပြီးသောအခါ တိုင်းပြုပြည်ပြုလွှတ်တော်၏ ရှေ့ပြေးအဖြစ် ဖဆပလ ပဏာမညီလာခံကို ရန်ကုန်မြို့ ဂျူဗလီဟော(ယခင်တပ်မတော်စစ်သမိုင်းပြတိုက်နှင့် မော်ကွန်းတိုက်နေရာ၌ရှိခဲ့) တွင် ၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့မှ ၂၃ ရက်အထိ ကျင်းပခဲ့သည်။ အဆိုပါညီလာခံသည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အရေးပါသော ညီလာခံဖြစ်သည်။ ထိုညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့သည်။

**ဆိုရန်တိုဗီလာစီမံကိန်း**

မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားတို့သည် မိမိတို့နိုင်ငံ၏ အနာဂတ်အုပ်ချုပ်ရေးကို ဆောလျင်နိုင်သမျှ ဆောလျင်စွာ ဆုံးဖြတ်နိုင်ရန် မြန်မာပြည်သူလူထု၏ ဆန္ဒဖြင့် ရွေးကောက်ပွဲများကျင်းပခဲ့ပြီး တိုင်းပြုပြည်ပြုလွှတ်တော်ကိုလည်း ကျင်းပနိုင်ခဲ့သည်။ ထို့အပြင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလည်း ရေးဆွဲနိုင်ခဲ့သည်။ တစ်ဆက်တည်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားတိုးတက်ရေး နှစ်နှစ်စီမံကိန်း ရေးဆွဲရေးအတွက် ၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း ဟံသာဝတီအဝိုင်းအနီးရှိ ဆိုရန်တိုဗီလာ အဆောက်အအုံတွင် စီမံကိန်းအစည်းအဝေးများ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်ခဲ့ပြီး လွတ်လပ်သော မြန်မာနိုင်ငံ ပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံရေးခေါင်းဆောင်များ၊ စီးပွားရေးပညာရှင်များ၊ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြပြီး လွတ်လပ်သော မြန်မာနိုင်ငံကို ပြန်လည်တည်ဆောက်ရာတွင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည့် စီမံကိန်းများရေးဆွဲနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ယင်းစီမံကိန်းမှာ လွတ်လပ်သော မြန်မာနိုင်ငံ၏ အခြေခံစီးပွားရေးမူဝါဒကို အုတ်မြစ်ချခဲ့ခြင်းပင်ဖြစ်သည်။ ။



**၁၉၄၇ ခုနှစ် ဇွန်လ ၉ ရက်နေ့က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင်ပြုလုပ်သော လူထုအစည်းအဝေးအပြီး ဦးအောင်ဆန်းနှင့်အဖွဲ့ တိုင်းပြုပြည်ပြုလွှတ်တော်သို့ တက်ရောက်လာစဉ်။**



**စစ်ကြောင့် ပြာပုံအတိဖြစ်ခဲ့ရသော မြန်မာနိုင်ငံကို ပြန်လည်ထူထောင်နိုင်ရန် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ဆွေးနွေး ကွန်ဖရင့်ကျင်းပခဲ့သည့် ဆိုရန်တိုဗီလာ အဆောက်အအုံ (ယခင် ပြည်လမ်း ဟံသာဝတီအဝိုင်းအနီးရှိ စာပေဗိမာန်)။**

# မြနန်းတောင်စေတီတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

လယ်ဝေးမြို့နယ် နေပြည်တော်လေဆိပ်အနီး တည်ထားကိုးကွယ်သော မြနန်းတောင်စေတီတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အေလာမြို့ မြို့သစ်ဓမ္မရက္ခိတကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့ အမှူးပြုသော ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အေလာမြို့ မြို့သစ်ဓမ္မရက္ခိတကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလထံမှ ၈ ပါးသီလ ခံယူဆောက်တည်ကြပြီး မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်



ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် တာဝန်ရှိသူများက ရတနာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများအား သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အေလာမြို့ ဂိုဏ်းထောက်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏိဿရထံမှ အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ ရွှေထီးတော်ဘုံအဆင့်ဆင့်အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။

ထို့နောက် သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ အခမ်းအနားအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီး ဆွမ်းဆန်စိမ်းလောင်းလှူရာ စောင်းတန်းများတစ်လျှောက် ပါဝင်လှူဒါန်းခဲ့သူများ၏ ပီတိစကားသံများ

**ရန်ကုန် ဇန်နဝါရီ ၁**

သာသနာနှစ်(၂၅၆၁)တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ကြီးမှူး၍ ပထမအကြိမ် ပြုလုပ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၆ နာရီက ကျင်းပသည်။ ပင့်သံဃာတော်အပါး ၁၈၀၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်



ဦးကျော်ဟိန်း

စောင်းတန်း၊ တောင်ဘက်စောင်းတန်း၊ အနောက်ဘက် စောင်းတန်းနှင့် မြောက်ဘက်စောင်းတန်းတို့၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဆွမ်းဆန်စိမ်းလောင်းလှူရာ စောင်းတန်းများတစ်လျှောက် အလှူဒါနပြုကြသူများနှင့် ပြည့်ကျပ်လျက်ရှိရာ ပါဝင်လှူဒါန်းခဲ့သူများ၏ ပီတိစကားသံများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဦးကျော်ဟိန်း(ချမ်းဟိန်းကုမ္ပဏီ ဥက္ကဋ္ဌ) အရှေ့ဘက်မုခ်စောင်းတန်း**

ဟိုတုန်းကတည်းက ရင်ထဲမှာ ဖြစ်နေတဲ့ဆန္ဒပါ။ အရင်က ဆွမ်းတွေ လောင်းလှူခဲ့ပါတယ်။ အရပ်ရှစ်မျက်နှာကလာတဲ့ သံဃိကဒါနပေါ့။ ဘယ်သံဃာရယ်လို့ မရည်ရွယ်ဘဲ သံဃာအကုန်ကို ဆွမ်းလောင်းလှူခဲ့ပါတယ်။ အခုလို ကြုံတောင့်ကြုံခဲ ရွှေတိဂုံစေတီတော်ကြီးမှာ သံဃာအပါး ၁၈၀၀၀ နဲ့ အနေကဇာတင်တဲ့အချိန်မှာ ဆွမ်းကပ်ခွင့်ရတဲ့အတွက်



ဦးတင်ဦး

အလွန်ကို ပီတိဖြစ်မိပါတယ်။ ဒီပွဲမှာ သံဃာတော်တွေအတွက်ရော ဗုဒ္ဓဘာသာအတွက်ပါ သာသနာအထောက်အပံ့အဖြစ် လှူဒါန်းခွင့်ရတဲ့အတွက် ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ဆန္ဒတွေ အောင်အောင်မြင်မြင် လှူခွင့်ရတာကို အတိုင်းမသိ ဝမ်းမြောက်မိပါတယ်။

**ဦးတင်ဦး(ပါရမီရှင်သက်န်းတိုက်) အရှေ့ဘက်မုခ်စောင်းတန်း**

သံဃာအပါး ၄၅၀၀ ကို နေ့ဆွမ်းကပ်ခွင့်ရတာပါ။ ဘုရားအနေကဇာတင်ပွဲနဲ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲမှာ တတ်အားသရွေ့ ကုသိုလ်ယူတာပါ။ ဒီလို လှူဖြစ်တာကလည်း ကိုယ့်တစ်သက်မှာ ကြုံတောင့်ကြုံခဲ သံဃိကဒါနပွဲလည်းဖြစ်ပါတယ်။ ဟိုတုန်းကတည်းက ဒီလိုလှူဖို့ စိတ်ကူးတွေရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကလည်း ကုသိုလ်ပါဝင်ဖို့ တိုက်တွန်းလှုံ့ဆော်တဲ့အတွက် ချမ်းဟိန်းကုမ္ပဏီ မိသားစုနဲ့ ပေါင်းစပ်ပြီး ဒါနလေး



ဒေါ်သီတာတင်

လုပ်ကြတာပါ။ ဒီလိုလုပ်တဲ့အတွက် ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို လောင်းလှူတာနဲ့ အတူတူပါပဲ။ ပစ္စည်းလေးပါး အထောက်အပံ့လည်း ဖြစ်ပါတယ်။ ကိုယ်ရတဲ့ ကုသိုလ်အစုစုကိုလည်း ဝေနေယျသတ္တဝါအားလုံးကိုလည်း အမျှပေးဝေပါတယ်။

**ဒေါ်သီတာတင်(ပါရမီရှင်သက်န်းတိုက်) အရှေ့ဘက်မုခ်စောင်းတန်း**

အန်တီ့အနေနဲ့လည်း သံဃာတွေကို ဆွမ်းလောင်းလှူဖို့ ဆန္ဒတွေဖြစ်နေခဲ့တာ ကြာပါပြီ။ စာသင်တိုက်တွေမှာတော့ လှူဖြစ်ပါတယ်။ ဒီလိုပွဲကြီးကိုတော့ အန်တီတို့ အသက်တွေကြီးလာပေမယ့် တစ်ခါမှလည်း မကြုံဖူးဘူး။ ဒီပွဲကြီးရှိတာသိတော့ လှူချင်စိတ်တွေ ဖြစ်ပေါ်လာတယ်။ အဲဒါနဲ့ ချမ်းဟိန်းကုမ္ပဏီမိသားစုနဲ့တိုင်ပင်ပြီး တစုတစည်းတည်း လှူဖြစ်တာပါ။ ဗုဒ္ဓါဘိသေကပွဲမှာဆိုရင်လည်း သံဃာတွေ အများကြီးကို ဖူးတွေ့ရတဲ့အခါမှာ အလွန်ကို ပီတိဖြစ်ပြီးတော့ ပြောမပြ



ဒေါ်နန်းမောက်လောက်ဝ်ဆိုင်

တတ်အောင် ဝမ်းမြောက်မိပါတယ်။

**ဒေါ်နန်းမောက်လောက်ဝ်ဆိုင် (ရွှေသံလွင်အုပ်စု) တောင်ဘက်မုခ်စောင်းတန်း**

ရွှေသံလွင်မိသားစုအနေနဲ့ အမြဲတမ်း လှူဖြစ်သလို ဒီတစ်ခါကတော့ ထူးထူးခြားခြား လှူဖြစ်တာပါ။ ဘာလို့လဲဆိုတော့ သံဃာအပါး ၁၈၀၀၀ ဆိုတာ လှူရခဲ့ပါတယ်။ ရွှေတိဂုံစေတီတော်ပေါ်မှာ လှူရတဲ့အတွက် ပိုထူးခြားသွားတယ်။ လှူရတဲ့ ရည်ရွယ်ချက်ကလည်း နှစ်သစ်ကို ပြောင်းသွားတဲ့အခါ ကောင်းတဲ့ အတိတ်နိမိတ်ကို ဆောင်တယ်လို့လည်း ရည်ရွယ်ပါတယ်။ စတုဒိသာ ကျွေးရတယ်ဆိုတာကလည်း မွန်မြတ်တဲ့ အလုပ်တစ်ခုပါ။ ဘာသာရေးဘက်က ကြည့်မယ်ဆိုရင်လည်း ဘာသာ သာသနာတည်တံ့ခိုင်မြဲဖို့ တစ်ထောင့်တစ်နေရာကနေ ပါဝင်လှူဒါန်းတာပါ။

**ဦးဇော်ထွန်းအောင်(စေပိုင်ဖွံ့ဖြိုးမှုကုမ္ပဏီ) အနောက်ဘက်မုခ်စောင်းတန်း**



ဦးဇော်ထွန်းအောင်

အနောက်ဘက်မုခ်မှာ သံဃာအပါး ၄၅၀၀ ဆွမ်းကပ်နိုင်ဖို့ တာဝန်ပေးတဲ့အတွက် သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းဖြစ်ခဲ့ပါတယ်။ နှစ်သစ်ကူး အချိန်အခါနဲ့ ပြာသိုလပြည့်နေ့ဟာလည်း ထူးထူးခြားခြား တိုက်ဆိုင်နေပါတယ်။ ဒီလိုပွဲမျိုးမှာ လှူဒါန်းရတာ အင်မတန်ကုသိုလ်ထူးပါတယ်။ ဒီလိုပွဲကြီးမှာ ပါဝင်လှူဒါန်းခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်။ နောင်လည်း ဘာသာ သာသနာအတွက် လှူဒါန်းမှုအစုစုကို ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

**ဒေါ်နီနီမာ(ဒု-ဥက္ကဋ္ဌ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်း) မြောက်ဘက်မုခ်စောင်းတန်း**

စကားလုံးနဲ့ ဖော်ပြလို့မရနိုင်အောင် အလွန်ကို ဝမ်းသာကြည်နူးရပါတယ်။ ဒီပွဲကြီး မတိုင်ခင်ကတည်းက ရင်ထဲမှာ တသိမ့်သိမ့်နဲ့ ခံစားခဲ့ရတဲ့ပီတိပေါ့။ အခုလည်း အဲဒီ ပီတိကို ခံစားနေရတုန်းပါပဲ။ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုဆိုတဲ့အတိုင်း ဗုဒ္ဓသာသနာကို



ဒေါ်နီနီမာ

ထွန်းတောက်စေတဲ့ ဒီလိုလှူဒါန်းပွဲကြီးကို တစ်ခါမှ မမြင်ဖူးဘူး။ ဒီနေ့ဆို ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ မေတ္တာကွန်ရက်နှလုံးသားအဖွဲ့နဲ့အတူ တရားဓမ္မတွေကို ရွတ်ဖတ်ပူဇော်ပြီး ကုသိုလ်ယူကြတယ်။ စတုဒိသာကျွေးကြတယ်။ အခုလို ကိုယ်တိုင်ပါဝင်လှူဒါန်းခွင့်ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။

**တွေ့ဆုံမေးမြန်း-ခင်ဇာလီ၊ အေးမင်းသူ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ရဟန်းရှင်လူ ပြည်သူများအား ဇီဝိတဒါန အခမဲ့ ဆေးကုသပေး

**သီပေါ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ဇာတ်စုရပ်ကွက် ဓမ္မာရုံ၌ ရဟန်းရှင်လူပြည်သူများအား ဇီဝိတဒါန အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ ပေးအပ်ခြင်းတို့ကို ဇန်နဝါရီ ၁ ရက်က ပြုလုပ်ခဲ့သည်။

အစီအစဉ်အရ သီပေါမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒဝင်းနှင့် ဆရာဝန် ဆရာမများ၊ သူနာပြုများက ရဟန်းတော်များနှင့် ဒေသခံပြည်သူများအား စမ်းသပ်စစ်ဆေး၍ လိုအပ်ပါက ဆေးထိုးပေးခြင်း၊ ဆေးဝါးများ ၁၅ ရက်စာ အခမဲ့ပေးအပ်ခြင်းတို့ ပြုလုပ်ကြသည်။

ယနေ့ လူနာပေါင်းစုံ ၁၅၅ ဦး လာရောက်ပြသပြီး ဆေးကုသမှုခံယူခဲ့ကြရာတွင် သွားလာရေး အခက်အခဲရှိသော ရဟန်းတော်များနှင့် သက်ကြီးရွယ်အိုများအား ပရဟိတအသင်းများက အကြိုအပို့ ပြုလုပ်၍ အကူအညီများ ပေးခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

❑ စာမျက်နှာ ၈ မှ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်အမှူးပြုသော သံဃာတော် အပါး ၁၈၀၀၀ တို့အား နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ပင့်သံဃာတော်အပါး ၁၈၀၀၀ တို့အား ဆွမ်းဆန်စိမ်း လောင်းလှူခြင်း မင်္ဂလာအခမ်းအနားကို ရွှေတိဂုံစေတီတော် မုခ်လေးမုခ်တို့ရှိ မင်္ဂလာမဏ္ဍပ်တို့၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက အရှေ့ဘက်မုခ်ရှိ မင်္ဂလာမဏ္ဍပ်သို့ ကြွရောက်တော်မူလာကြသည့် ပင့်သံဃာတော်အပါး ၄၅၀၀၊ တောင်ဘက်မုခ်ရှိ မင်္ဂလာမဏ္ဍပ်သို့ ကြွရောက်တော်မူလာကြသည့် ပင့်သံဃာတော် အပါး ၄၅၀၀၊ မြောက်ဘက်မုခ်ရှိ မင်္ဂလာမဏ္ဍပ်သို့ ကြွရောက်တော်မူလာကြသည့် ပင့်သံဃာတော်အပါး ၄၅၀၀ နှင့် အနောက်ဘက်မုခ်ရှိ မင်္ဂလာမဏ္ဍပ်သို့ ကြွရောက်တော်မူလာကြသည့် ပင့်သံဃာတော်အပါး ၄၅၀၀ စုစုပေါင်း ပင့်သံဃာတော် အပါး ၁၈၀၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။**



**ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်၌ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။**

❍ ကျောဖုံးမှ

အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်အား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား စေတီတော်အထွတ်တွင် တင်လှူပူဇော်ကာ အမွှေးနံ့သာရည် ပက်ဖျန်းပူဇော်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ယမန်နေ့ ညနေပိုင်းက ဧရာဝတီတိုင်းဒေသကြီး နေ့ဖြူမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကာ စေတီတော်ကြီး၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် စေတီတော်ကြီး၏ စိန်ဖူးတော်၊ ဆပ်သွားဖူးတော် ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့တာဝန်ရှိသူများက လက်ခံရယူပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးသို့ ရောက်ရှိဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုး၍ ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်း ရွှေသားမျက်နှာကြက်တော် ကပ်လှူရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ**(အောက်ပုံ)** ဂေါပကအဖွဲ့တာဝန်ရှိသူများက လက်ခံရယူပြီး မှတ်တမ်းတင် ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**



# မစ္စတာ လီဆန်ဟွာအား ကိုရီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇန်နဝါရီ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ လီဆန်ဟွာအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာ လီဆန်ဟွာကို ၁၉၆၈ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ ကိုရီးယားတက္ကသိုလ်မှ စပိန်ဘာသာနှင့် ဘာသာစကားအဓိကဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့ပါသည်။ ၁၉၉၁ ခုနှစ် ဧပြီလတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ကိုလံဘီယာနိုင်ငံရှိ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာသံရုံးတွင် သံမှူးအဖြစ် လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် (၈)ဦးမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် လျာထားခြင်းခံရသော မစ္စတာ ဘန်ကီမွန်း၏ လုပ်ငန်းလွှဲပြောင်းရေးအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လက်ထောက်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန မူဝါဒရေးဆွဲရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ မူဝါဒရေးရာ အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစတင်၍ မြောက်ကိုရီးယားနျူကလီယားရေးရာဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သမီးနှစ်ဦး ထွန်းကားပါသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း နွေစပါးစိုက်ပျိုးရေ ပေးဝေမည့်အစီအစဉ် အသိပေး

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ တောင်သူများအတွက် ၂၀၁၇-၂၀၁၈ နွေစပါးစိုက်ပျိုးရန် ဆည်ကန်များအတွင်း စိုက်ပျိုးရေ သိုလှောင်ထားပြီးဖြစ်ကြောင်း သိရသည်။

တောင်သူများ နွေစပါးစိုက်ပျိုးရန် ရေပေးဝေနိုင်မည့်ဧရိယာကို ရေသေပမာဏ၊ အငွေ့ပြန်ဆုံးရှုံးမှု ပမာဏနှင့် ၂၀၁၈-၂၀၁၉ မိုးစပါးပျိုးထောင်ရေ၊ ဒေသသောက်သုံးရေတို့ကို ချန်လှပ်၍ လယ်မြေ ၂၆၇၇၅၅ ဧကအား ရေပေးဝေနိုင်မည်ဖြစ်သည်။ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့များနှင့် ညှိနှိုင်းမှုအရလည်းကောင်း၊ တောင်သူများ၏ ဆန္ဒအရလည်းကောင်း ယခုနှစ်တွင် နွေစပါးစိုက်ပျိုးရန် ဆည်ကန်တမံ ၄၈ ခုမှ အောင်ရေဖြင့် နွေစပါးဧက ၂၃၉၅၀၀ စိုက်ပျိုးရန် လျာထားပြီးဖြစ်သည်။ နွေစပါး စိုက်ပျိုးရေအတွက် ဆည်ရေကို ယခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ရေပေးဝေမည်ဖြစ်ပြီး တူးမြောင်းများအလိုက် တာဝန်ယူဆောင်ရွက်မည့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဝန်ထမ်းများနှင့် ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များ၊ စိုက်ပျိုးရေပေးဝေမည့် မြောင်းများ၏ အတိအကျ နေရာများ၊ တူးမြောင်းများတွင် စိုက်ထူထားသည့် ဆိုင်းဘုတ်များဖြင့် အသိပေးထားသည့်အပြင် နွေစပါးစိုက်ပျိုးမည့် တောင်သူဦးကြီးများအတွက် လိုအပ်သည်များကို ကူညီ ဆောင်ရွက်ပေးနေကြောင်း အသိပေးထားသည်။

နွေစပါးစိုက်ပျိုးရေကို စတင်ပေးဝေပြီး စိုက်ခင်းများ အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများ၊ ရေအသုံးပြုသူ အုပ်စုများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်လည်း ကွင်းဆင်း ဆောင်ရွက်ထားရှိပြီး ဖြစ်သည်။

ထို့ကြောင့် ယခုနှစ် နွေစပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ လိုအပ်ချက်များရှိပါက တာဝန်ခံဝန်ထမ်းများ၏ ဖုန်းနံပါတ်များနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး မန္တလေးမြို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ရန် အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်

**မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

# ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင် စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ကို ယနေ့ ည ၇ နာရီခွဲက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ခြေတော်ရင်းရှိ ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ယနေ့ညပိုင်းတွင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ (သ. စ. အ)ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင် နန္ဒမာလာဘိဝံသက တရားတော်များကို ဟောကြားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တရားချစ်ခင်သူတော်စင်အပေါင်းတို့က ရိုသေစွာ နာယူကြည်ညိုကြသည်။

တရားနာယူခဲ့မှုအပေါ် မြောက်ဥက္ကလာပမြို့နယ်မှ ဒေါ်နွဲ့နွဲ့ဝင်းက "နှစ်သစ်ကို စတင်လိုက်တဲ့ ဒီလိုရက်မှာ အထင်ကရ ဆရာတော်ကြီးတွေရဲ့ တရားတော်တွေကို လာရောက်နာယူခွင့်ရတာ မင်္ဂလာတစ်ပါးပါပဲ၊ ဒီကနေ့ည ဆရာတော်ကြီး ဟောကြားတဲ့ တရားတော်ထဲမှာဆိုရင် မိမိကိုယ်တိုင်က ကိုယ်ကျင့်တရားကောင်းမွန်စွာနေထိုင်ဖို့ အရေးကြီးတဲ့အကြောင်းတွေပါတယ်၊ အဲဒီတရားတော်အတိုင်း နေထိုင်သွားကြမယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်မှာ အများအတွက် အကျိုးရှိတဲ့သူတစ်ယောက် ဖြစ်လာမှာပါ၊ ဒီလိုတရားပွဲတွေ လာရောက်နာယူခွင့်ရတာဟာ ကျွန်မတို့အတွက်တော့ အများကြီး အကျိုးရှိပါတယ်၊ နောင်နှစ်တွေမှာလည်း ဒီလိုပွဲတွေ စဉ်ဆက်မပြတ် လုပ်ပေးစေချင်ပါတယ်"ဟု ပြောသည်။



အဆိုပါ နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ကို ယနေ့မှစတင်၍ ဇန်နဝါရီ ၃ ရက်အထိ သုံးရက်တိုင်ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယနေ့တွင် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော်(Ph.D,D.Litt)က လည်းကောင်း၊ တတိယနေ့တွင် သာသနဒ္ဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇန ဟိတဓရ မဟာသဒ္ဓမ္မ ဇောတိကဓဇ ရွှေပါရမီ တောရဆရာတော် အရှင်ဆန္ဒာဓိကတို့က တရားတော်များကို ဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့် ယင်းကဲ့သို့ နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ကို ၂၀၁၇ ခုနှစ်တွင်လည်း ဇန်နဝါရီ ၁ ရက်မှ ၅ ရက်နေ့အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇော်ကြီး**



**သန်လျင်မြို့ ထန်းပင်ကုန်းရပ်ကွက် ကိုးမုခ်ရှင် ဒီပါ အေးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် သတ္တမ အကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို ဇန်နဝါရီ ၁ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။**
သန်းဝင်း(သန်လျင်)




# (၂၃)ကြိမ်မြောက် ရဲချုပ်ဒိုင်း တောတွင်းခရီးကြမ်းငါးမိုင် အပြေးတက်ပြိုင်ပွဲတွင် ဒုတိယဆုရ အသင်းသားများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

**စစ်တွေ ဇန်နဝါရီ ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၂၃)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း တောတွင်းခရီးကြမ်း ငါးမိုင် အပြေးတက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးကိုယ်စားပြု အသင်းသားများအား ဂုဏ်ပြုဆုငွေ ပေးအပ်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၃၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ် မြဝင်းက အောင်ပွဲရ အသင်းသားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး အောင်ပွဲရအသင်းသားများကိုယ်စား ဒုတိယရဲအုပ် ထွန်းထွန်းက ပြိုင်ပွဲအတွေ့အကြုံများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် ရဲမှူးချုပ် မြဝင်းက ဒုတိယဆုရ အသင်းသားများအား ဂုဏ်ပြုဆု ငွေကျပ် ၉၀၀၀၀၀ ချီးမြှင့်ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက ဒုတိယဆုရ အသင်းသားများအား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

(၂၃)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း တောတွင်းခရီးကြမ်း ငါးမိုင် အပြေးတက်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က နေပြည်တော်၌ ကျင်းပခဲ့ပြီး ရဲတပ်ဖွဲ့ခွဲအသီးသီးမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၄၁ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ဟန်လင်းနိုင်(စစ်တွေ- ကိုယ်ပွား)**

**❋ မောင်တောမှ**

"ဒီအချိန်ကတော့ စပါးပေါ်ချိန်ဆိုတော့ ဆန်တို့၊ ငါးခြောက်တို့ အဓိကတင်ပို့ပါတယ်၊ ဘတ်ဂျက်လက သုံးလကျန်သေးတယ်ဆိုတော့ အရင်နှစ်ကထက် ပိုမှာဖြစ်ပါတယ်"ဟု အဆိုပါ ကုန်သွယ်ရေးစခန်း တာဝန်ခံအရာရှိက ပြောသည်။

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပို့ကုန်များ ပုံမှန်တင်ပို့နေသော်လည်း ၂၀၁၆ ခုနှစ် အောက်တိုဘာလ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် သွင်းကုန်တင်သွင်းမှုမှာ ယနေ့အချိန်အထိ ရပ်ဆိုင်းထားကြောင်း သိရသည်။ မောင်တောကုန်သွယ်ရေးစခန်းသည် ဒီရေအတက်အကျကို စောင့်ဆိုင်းပြီး ပြုလုပ်နေရကြောင်း၊ ကုန်တန်ချိန်များသော လှေသင်္ဘောများ ဝင်ရောက်မည့် ကညင်ချောင်းကုန်သွယ်ရေးဇုန်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

**သတင်း- မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ- နေဝင်းထွန်း**



# ရခိုင်ပြည်နယ်သတင်း

## မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ အထူးကုဆရာဝန်ကြီးများ ဦးဆောင်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့ မောင်တောမြို့နေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ကူညီမှုများ အခမဲ့ပြုလုပ်

သတင်း-ဇေယျာ၊ မြင့်မောင်
ဓာတ်ပုံ-နေဝင်းထွန်း

**ရခိုင်ပြည်နယ် မောင်တောမြို့၌ ကျန်းမာရေးစောင့်ရှောက်ကူညီမှုများပြုလုပ်ပေးရန်နှင့် ကျန်းမာရေးဗဟုသုတများ ဖြန့်ဝေပေးရန်အတွက် ပါမောက္ခဆရာဝန်ကြီးများ ဦးဆောင်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယမန်နေ့က မောင်တောမြို့နယ် ပြည်သူ့ဆေးရုံ၌ ဒေသနေပြည်သူများအား ရောဂါစစ်ဆေးခြင်း၊ လိုအပ်သည့်ဆေးဝါးများ ထောက်ပံ့ခြင်းတို့ကို ပြုလုပ်ကြသည်။ နယ်လှည့်ဆေးကုသရေး၌ လိုက်ပါကူညီဆေးဝါးကုသပေးကြသည့် ဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရောဂါဝေဒနာများ လာရောက်ကုသမှု ခံယူကြသည့် ဒေသခံများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ရာ-**


ပါမောက္ခ ဒေါက်တာအေးအေးကြီး


ပါမောက္ခ ဒေါက်တာသန်းသန်းငွေ


တွဲဖက်ပါမောက္ခ ဒေါက်တာညိုမီမေသင်


ဒေါက်တာကျော်ခိုင်


ဒေါက်တာကျော်မောင်မောင်သိန်း


ဒေါက်တာဝဏ္ဏထွန်း


ဒေါ်ညွန့်သိန်းချေ


မမိုးသူဇာ


ဦးဖြူမောင်ချေ


ဦးအောင်ကထွန်း

**ပါမောက္ခ ဒေါက်တာအေးအေးကြီး**
**သွေးရောဂါအထူးကုဆရာဝန်ကြီး၊**
**မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ကနေပြီး နှစ်သစ်ကူး ရုံးပိတ်ရက်မှာ နားရက်မယူဘဲ ပြည်သူလူထုအတွက် ကျန်းမာရေးကုသမှုပေးဖို့ ဒုတိယအကြိမ် လာရောက်ရခြင်းဖြစ်ပါတယ်၊ ဆေးဝါးကအစ ခရီးစရိတ်အဆုံး ဆရာဝန်တွေရဲ့ ပူးပေါင်းကူညီမှုနဲ့ လာတာပါ၊ အစိုးရဆရာဝန်တွေပါသလို GP ဆရာဝန်တွေလည်း ပါပါတယ်၊ အဓိကက ပြည်သူတွေကို ပညာပေးချင်တာလည်း ပါပါတယ်၊ သွေးတိုးရောဂါတွေအပြင် သွေးနဲ့ပတ်သက်တဲ့ရောဂါတွေလည်း ရှာဖွေပေးသွားမှာဖြစ်ပါတယ်၊ ဒီဒေသဘက်တွေက ကွမ်းစားကြတော့ ကွမ်းစားလို့ဖြစ်တဲ့ ကင်ဆာတွေ၊ ဆေးလိပ်၊ အရက်ကြောင့်ဖြစ်တဲ့ ကင်ဆာတွေ မဖြစ်ပွားအောင် ဆရာဝန်အသင်းအနေနဲ့ကော ကင်ဆာဖောင်ဒေးရှင်းက လက်ကမ်းလိုက်တဲ့ စာစောင်တွေကိုပါ ဖြန့်ဝေပေးသွားမှာပါ၊ နောက်ပြီး အစားအသောက်၊ ဆေးဝါးနဲ့ စောင်တွေကိုလည်း ဒုက္ခရောက်နေတဲ့ ပြည်သူတွေကိုပေးဖို့ စီစဉ်ထားပါတယ်။

**ပါမောက္ခ ဒေါက်တာသန်းသန်းငွေ**
**အရိုးအကြောအဆစ် အထူးကုဆရာဝန်ကြီး**
**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊**
**မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး**

ဆေးဝါးကုသဖို့ မောင်တောကိုလာတဲ့အခါမှာ ကျွန်မနဲ့အတူ အထူးကု ဆရာဝန်ကြီးတွေ အများကြီး ပါလာပါတယ်၊ ဒေသခံဆရာဝန်တွေရော တစ်တပ်တစ်အား ပါဝင်ကြတဲ့အတွက် ဒေသမှာ လိုအပ်နေတဲ့အချိန် လိုအပ်တဲ့အကူအညီကို တတ်စွမ်းသမျှ သက်ဆိုင်ရာ ဘာသာရပ်အသီးသီးက ဆရာဝန်တွေက သေချာစမ်းသပ် ကုသပေးမှာပါ၊ ပြည်သူလူထုကလည်း ခုလို မိုးထဲလေထဲမှာ လာရောက်ပြသကြလို့ ဝမ်းသာပါတယ်၊ ကုသရေးအပိုင်းမှာလည်း အဆင်ပြေပြေဖြစ်ပါတယ်၊ ၂၀၁၇ ခုနှစ်ရဲ့ နောက်ဆုံးရက်မှာ ခုလိုရရှိတဲ့ ကုသိုလ်ဒါနကို ၂၀၁၈ နှစ်သစ်ဆီ ယူဆောင်သွားရတာလည်း တကယ့်အမှတ်တရ ပီတိပါပဲ။

**တွဲဖက်ပါမောက္ခ ဒေါက်တာညိုမီမေသင်**
**ရောဂါဗေဒဆရာဝန်ကြီး၊**
**ဆေးတက္ကသိုလ်(၂) ရန်ကုန်**

များသောအားဖြင့် ဆရာမတို့ ရောဂါဗေဒဌာနက ဆရာဝန်တွေဟာ နယ်လှည့်ဆေးကုသရေးမှာ ပါလေ့မရှိဘူး၊ သွေးရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာအေးအေးကြီးက ရခိုင်ဒေသဘက်မှာ သွေးရောဂါတွေဖြစ်တာတွေ့ရှိရတယ်၊ လိုက်ပြီး ကူညီဆောင်ရွက်ပေးပါဆိုတာနဲ့ လိုက်ပါခဲ့တာ ဖြစ်ပါတယ်၊ ဒီလို ကူညီနိုင်ဖို့အတွက် သွေးကိုရှာဖွေတဲ့ ကိရိယာစက်ကြီးကို သယ်လာခဲ့ပါတယ်၊ ဆရာမတို့ ကျွမ်းကျင်အဖွဲ့တွေ၊ ဆရာ ဆရာမတွေ၊ ရောဂါဗေဒဆရာဝန်အကူအညီတွေနဲ့ ရောဂါလာရောက်ရှာဖွေပေးကြတာ ဖြစ်ပါတယ်၊ ဆရာမတို့အနေနဲ့ အခုလို အထူးကုသဖို့ နယ်လှည့်ထွက်တာ နှစ်ခါရှိပါပြီ၊ ပထမတစ်ခါက ဧရာဝတီတိုင်းဒေသကြီး ရေဘေးနဲ့ အခု ရခိုင်ပြည်နယ် ဒီဒေသမှာပါ၊ ပံ့ပိုးပေးဖို့ လိုတယ်ထင်လို့ ရောဂါဗေဒ ဆရာဝန်တွေကို ခေါ်လာတဲ့အခါမှာ လူနာတွေရဲ့ စစ်ဆေးချက်အဖြေနဲ့ ကုသမှုကို ချက်ချင်းလုပ်ပေးနိုင်တဲ့အတွက် ကျေနပ်မိပါတယ်၊ လူနာတွေကို စစ်ဆေးကြည့်တဲ့အခါမှာ သွေးအားနည်းတဲ့ ရောဂါနဲ့ သွေးဖြူဥထဲမှာ အမိုနိုဆိုက်လို့ခေါ်တဲ့ ဟာလေးတွေများနေတာကို တွေ့ရတယ်၊ ရာသီပြောင်းကြောင့် ဖြစ်တာလို့လည်း ပြောလို့ရပါတယ်၊ သွေးနီဥ ရောဂါတို့၊ သွေးဖြူဥကင်ဆာတို့ ဒါမျိုးရောဂါတော့ မတွေ့ရဘူး၊ နောက်ပိုင်း ပစ္စည်း ပြည့်ပြည့်စုံစုံနဲ့ ရှိလာရင်တော့ ဒီထက်ပိုပြီး ရောဂါကို ပိုမိုရှာဖွေပေးနိုင်မှာ ဖြစ်ပါတယ်၊

**ဒေါက်တာကျော်ခိုင်**
**မြန်မာနိုင်ငံဆရာဝန်အသင်း(စစ်တွေ)**

ဒီအဖွဲ့လာမယ်ဆိုတော့ ဆရာကအားလုံးစီစဉ်ပေးရတယ်၊ မဟာဗျူဟာလမ်းလည်း ဖောက်နေတယ်ဆိုတော့ ဒီလမ်းလည်း ကြည့်ရင်းနဲ့ ရွာတွေမှာ နေထိုင်ကြတဲ့ သူတွေကိုလည်း ဆေးကုသပေးဖို့ လာရတာပါ၊ အခုအဖွဲ့က အရင်ကအဖွဲ့တွေထက် ပါရဂူတွေ အများကြီး ပါလာတယ်၊ ဒီဒေသက ကျန်းမာရေးအသိပညာ နည်းတဲ့အတွက် အခုလို လာရောက်ကုသပေးခြင်းကနေ ရောဂါဝေဒနာတွေ သက်သာပျောက်ကင်းလာစေတော့ ကျွန်တော်တို့ ကျန်းမာရေးဌာနကို အများကြီး ယုံကြည်အားကိုးမှု ဖြစ်စေပါတယ်။

**ဒေါက်တာကျော်မောင်မောင်သိန်း**
**မောင်တောမြို့နယ် ဆေးရုံအုပ်ကြီး**

မြန်မာနိုင်ငံ ဆရာဝန်အသင်းအနေနဲ့ ဒီဒေသမှာ လာရောက်ကုသပေးတာ နှစ်ကြိမ်ရှိပါပြီ၊ အများကြီး ဝမ်းသာပီတိဖြစ်ရပါတယ်၊ ကျွန်တော်တို့ဆေးရုံမှာ ပါရဂူတွေ မစုံတဲ့အတွက် အခုလို အထူးကုဆရာဝန်ကြီးတွေ မအားလပ်တဲ့ကြားက လာရောက် ကုသပေးမှုကြောင့် ဒီဒေသက ပြည်သူတွေအတွက် အများကြီး အကျိုးရှိစေပါတယ်။

**ဒေါက်တာဝဏ္ဏထွန်း**
**မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်)**

ရခိုင်ပြည်နယ် ဆေးကုသတဲ့ နှစ်ခေါက်စလုံးမှာ ပါဝင်ခဲ့ပါတယ်၊ ဒီဒေသမှာ အဖြစ်များတာက အထွေထွေရောဂါနဲ့ ကလေးရောဂါတွေ ဖြစ်ပါတယ်၊ အရိုး အကြောအဆစ်ရောဂါလည်း တွေ့ရတယ်၊ သွေးတိုး၊ နှလုံးရောဂါတချို့လည်း တွေ့ရပါတယ်။

**ဒေါ်ညွန့်သိန်းချေ (၅၁)နှစ်**
**အမှတ်(၄)ရပ်ကွက်**

ကျွန်မက ဒူးနာနေလို့ လာရောက်ပြသတာပါ၊ ဒီမှာ ဆရာဝန်တွေ ရောက်နေတယ်ဆိုတာကြားတော့ လာရောက်ပြသတာပါ၊ ဆရာဝန်က ကျွန်မကို ဆောင်ရမှာတွေနဲ့ ရှောင်ရမှာတွေကို ပြောပါတယ်၊ ဆေးမတည့်တာတွေကိုလည်း ပြောလိုက်ပါတယ်၊ ဆေးတွေကိုလည်း ပေးလိုက်ပါတယ်၊ ဒီကို ဆရာဝန်ကြီးတွေ လာရောက်ကုသပေးတော့ ကျွန်မတို့ အလွန်ပျော်ပါတယ်၊ ဒီမှာ တစ်ခါမှ ဒီလိုမျိုးမရှိပါဘူး၊ ငွေတတ်နိုင်တဲ့ လူတွေဆိုရင် ကောင်းတာပေါ့၊ ငွေမတတ်နိုင်တဲ့ လူတွေဆိုရင် အဆင်မပြေပါဘူး၊ ရောဂါကို ကြိတ်မှိတ်ပြီး ခံစားရတာလေ၊ ဆေးသောက်ဆေးထိုးနဲ့ နေရတာပါ။

**မမိုးသူဇာ (၃၆)နှစ်**
**မောင်တော အမှတ်(၄)ရပ်ကွက်**

ကျွန်မက အကြောဖြစ်လို့ လာပြတာပါ၊ အကြောဖြစ်နေတာ နှစ်လ၊ သုံးလလောက်တော့ရှိနေပါပြီ၊ ဆရာဝန်က အခုဆေးသောက်ပြီး မသက်သာရင် ဓာတ်မှန်ရိုက်တာတွေ၊ စစ်ဆေးတာတွေကို လုပ်ဖို့ပြောလိုက်ပါတယ်၊ ဆေးတစ်ပတ်စာ ပေးလိုက်ပါတယ်၊ ဒီနေရာမှာက အထူးဆရာဝန်အဖွဲ့တွေက မရှိပါဘူး၊ အထူးဆေးကုသရေးအဖွဲ့တွေ လာရောက်ကုသပေးလို့ အလွန်ဝမ်းသာပါတယ်၊ အခုလို လာရောက်ကုသပေးလို့ အဆင်ပြေပါတယ်၊ တစ်နှစ်ကို သုံး၊ လေးခါလောက် လာရောက် ကုသပေးရင် ကောင်းမှာပဲ၊ ကျွန်မသမီးလေးလည်း ဖျားနေတာ နှစ်ရက်လောက်ရှိပါပြီ၊ သမီးလေးပါ ပြခဲ့ပါတယ်၊ ကိုယ်အပူချိန်ထပ်ပြီး တက်လာလို့ရှိရင် သွေးလွန်တုပ်ကွေး စစ်ဆေးတာတွေလုပ်ဖို့ ပြောလိုက်ပါတယ်၊ အဖျားမတက်ဘူးဆိုရင် လုပ်စရာမလိုဘူးလို့ ပြောပါတယ်၊ ဆရာဝန်က ဆေးတစ်ပတ်စာ ပေးလိုက်ပါတယ်။

**ဦးဖြူမောင်ချေ (၅၉)နှစ်**
**မြို့မအနောက်ရပ်ကွက်**

ကျွန်တော်က လက်မောင်းနာနေလို့ လာပြတာပါ၊ ဆရာဝန်က ကျွန်တော့်ကို လေ့ကျင့်ခန်းလုပ်ရမယ်လို့ ပြောပါတယ်၊ သောက်ဆေးတွေလည်း ပေးလိုက်ပါတယ်၊ အခုလို ဆရာဝန်ကြီးတွေ လာရောက်ကုသပေးတော့ အဆင်ပြေပါတယ်။

**ဦးအောင်ကထွန်း (၆၄)နှစ်၊ ရပ်ကွက်(၃)**

ကျွန်တော်က ခြေထောက်နာနေလို့ လာပြတာပါ၊ လမ်းလျှောက်ရင် တဆစ်ဆစ်ကိုက်နေပြီး ဟိုနား ဒီနားသွားရင်လည်း နာနေလို့ပါ၊ အခုလိုဖြစ်တာ သုံးရက်လောက်တော့ရှိပါပြီ၊ အခုလို ဆရာဝန်ကြီးတွေ လာရောက်ပြီး ကုသပေးတော့ ကျွန်တော် အတိုင်းမသိ ဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်။

မောင်တောမြို့နယ် အတွင်းရှိ ပြည်သူများအား အထွေထွေရောဂါ၊ သွေးရောဂါ၊ အရိုးအကြောအဆစ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးကျန်းမာပညာနှင့် အပူပိုင်းနှင့်ကူးစက်ရောဂါတို့ကို ပါမောက္ခဆရာဝန်ကြီး လေးဦး၊ အထူးကုဆရာဝန် ခုနစ်ဦး အပါအဝင် ဆရာဝန် ၁၉ ဦးတို့က သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်၊ ဓာတ်ခွဲကျွမ်းကျင်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက်တွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသပေးခြင်း၊ သွေးရောဂါအတွက် စစ်ဆေးပေးခြင်းတို့ကို ဒေသနေ ပြည်သူများအား လုပ်ဆောင်ပေးခဲ့ပြီး မြောက်ဦးမြို့ ရှစ်သောင်းဘုရားနှင့် ထုက္ကန့် သိမ်တော်ကြီးတစ်ဝိုက်၌ အမှိုက်ကောက်၊ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်၊

# မန္တလေးတွင် နှစ်သစ်ကူးညပိုင်း၌ ထိခိုက်ဒဏ်ရာရရှိသူ ၆၁ ဦးနှင့် သေဆုံးသူ လေးဦးရှိ

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးမြို့ နှစ်သစ်ကူး(၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်)ညက မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ ထိခိုက်ဒဏ်ရာရရှိသူ ၆၁ ဦးနှင့် သေဆုံးသူ လေးဦး စုစုပေါင်း ၆၅ ဦး ရောက်ရှိလာကြောင်း အဆိုပါ ဆေးရုံကြီး မှတ်တမ်းများအရ သိရသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက် ၆ နာရီမှ ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီအတွင်း ကုသမှုခံယူရန် ရောက်ရှိလာသူ စုစုပေါင်း ၂၆၆ ဦးရှိ၍ ၎င်းတို့အနက် နှစ်သစ်ကူးညပိုင်း ဖြစ်စဉ်များကြောင့် ရောက်ရှိလာသူ ၆၁ ဦးမှာ ဆေးကုသမှုခံယူလျက် ရှိသည့်အပြင် ယာဉ်တိုက်မှုကြောင့် သေဆုံးသူ အမျိုးသား လေးဦး ရောက်ရှိလာခဲ့ကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆေးလူမှုဆက်ဆံရေး ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်က ပြောသည်။

"သာမန်ထိခိုက်ဒဏ်ရာရပြီး မပြင်းထန်တဲ့သူတွေက ဆေးရုံတက်ဖို့ မလိုအပ်လို့ ပြန်သွားကြပြီး ၆၁ ဦးကတော့ ဆေးရုံတက်ဖို့လိုအပ်တဲ့အတွက် ကုသမှုခံယူနေပါတယ်၊ ဆေးရုံကြီးမှာ နှစ်သစ်ကူးညအတွက် ဆရာဝန်၊ ဆရာမ သူနာပြုအင်အားနဲ့ စက်နဲ့ ဆေးဝါးတွေ ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ထားပါတယ်"ဟု ၎င်းက ပြောသည်။ နှစ်သစ်ကူးညပိုင်းတွင် ၇ နာရီမှ စပြီး ထိခိုက်ဒဏ်ရာရရှိသူများ ရောက်ရှိလာရာ ည ၁၁ နာရီနှင့် နံနက် ၂ နာရီကြားတွင် အများဆုံးရောက်ရှိလာကြောင်း၊ မန္တလေးဆေးရုံကြီးသို့ ရောက်ရှိလာသူများအနက် ယာဉ်မတော်တဆမှုကြောင့် ၃၈ ဦး၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် နှစ်ဦး၊ အခြားဖြစ်စဉ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၁ ဦးတို့ဖြစ်ကြောင်း သိရသည်။

"နှစ်သစ်ကူးညပိုင်းမှာ မြို့တွင်းမြို့ပြင် ပိတ်ဆို့စစ်ဆေးမှုအပြင် လှည့်ကင်းပတ်ကင်းတွေကို အင်အား ၇၀၀ ကျော်နဲ့ တိုးချဲ့ဆောင်ရွက်ခဲ့တယ်၊ မြို့တော်လုံခြုံရေးအတွက်လည်း နေ့စဉ် ၂၄ နာရီပတ်လုံး ရဲတပ်ဖွဲ့က တာဝန်ယူဆောင်ရွက်နေပါတယ်"ဟု တိုင်းရဲတပ်ဖွဲ့မှ ပထမတန်းအရာရှိ ဒုတိယရဲမှူးကြီး တင်ဇော်ထွန်းက ပြောသည်။

ယခုကဲ့သို့အချိန်တွင် ရောဂါရှာဖွေရေးအတွက် ဓာတ်မှန်ဌာနနှင့် ခွဲစိတ်ခန်းများ၊ ဆေးဝါးဌာနများတွင်လည်း ဝန်ထမ်းအင်အားတိုးမြှင့်ချထားပြီး လူနာသယ်ယူသည့် ထော်လီနှင့် ဗီးချဲများကို ပိုမိုဖြည့်တင်းထားသည့်အပြင် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့နှင့် မန္တလေးမြို့ခံ လူမှုကူညီရေးအသင်းများကလည်း လူအင်အား ၈၀ ကျော်၊ လူနာတင်ယာဉ် ၁၀ စီးနှင့် ဆေးရုံကြီးတွင် အဆင်သင့်စောင့်ဆိုင်းကာ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉၈ စီး၊ သွင်းကုန် ၁၀၇၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၃ စီး၊ သွင်းကုန် ၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။




အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၇ ဒသမ ၃၄၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၅၈၈ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁ ဒသမ ၉၂၈ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် မန္တလေးမြို့သို့ သွားရောက်မည့် Dong Feng ၂၂ ဘီးယာဉ် နှစ်စီးအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ၁၇ မျိုးနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၉ ဒသမ ၄၈သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမြန်လမ်းမကြီး၌ ၂၀၁၇ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၅၅၅ ကြိမ်ဖြစ်ပွား၊ ၁၁၆ ဦး သေဆုံးပြီး ၈၆၃ ဦး ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၁**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်၌ ၂၀၁၇ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၅၅၅ ကြိမ်ဖြစ်ပွားခဲ့၍ ၁၁၆ ဦးသေဆုံးပြီး ၈၆၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်အတွင်းက ယာဉ်မတော်တဆမှု ၇၄၄ ကြိမ်ဖြစ်ပွားခဲ့၍ လူ ၁၇၀ သေဆုံးပြီး ၁၃၀၄ ဦး ဒဏ်ရာရရှိခဲ့၍ ယခုနှစ်တွင် ယမန်နှစ်ကထက် ယာဉ်မတော်တဆမှု လျော့နည်းခဲ့ပြီး သေဆုံးသူနှင့် ဒဏ်ရာရရှိသူဦးရေလည်း လျော့နည်းသွားကြောင်း သိရသည်။

၂၀၁၇ ခုနှစ်၏ နောက်ဆုံးလဖြစ်သော ဒီဇင်ဘာလအတွင်း အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု ၄၅ ကြိမ် ဖြစ်ပွားခဲ့ရာ သေဆုံးသူ ခုနစ်ဦးနှင့် ဒဏ်ရာရရှိခဲ့သူ ၆၇ ဦးရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ၂၀၁၇ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်းမှာ အရှိန်ပြင်းထန်စွာ မောင်းနှင်မှုကြောင့် ယာဉ်မတော်တဆမှု ၁၅၃ ကြိမ်၊ ယာဉ်မောင်းအိပ်ငိုက်မှုကြောင့် ၇၄ ကြိမ်၊ လမ်းကူးသူ ပေါ့ဆမှုကြောင့် ၂၂ ကြိမ်၊ ဆိုင်ကယ်ပေါ့ဆမှုကြောင့် ၈၁ ကြိမ်၊ မဆင်မခြင်မောင်းနှင်မှုကြောင့် ၅၉ ကြိမ်၊ ဘီးပေါက်မှုကြောင့် ၁၃၇ ကြိမ်၊ စက်ချို့ယွင်းမှုကြောင့် ၂၄ ကြိမ်၊ လမ်းချော်မှုကြောင့် ငါးကြိမ် စုစုပေါင်း ယာဉ်မတော်တဆမှု ပေါင်း ၅၅၅ ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# ကမ်းဝေးငါးဖမ်းရေယာဉ်နစ်မြုပ်မှု ပျောက်ဆုံးနေသော ရေလုပ်သား ငါးဦး သေဆုံးဖွယ်ရှိ

**ဟိုင်းကြီးကျွန်း ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃) ရပ်ကွက်ရှိ ဦးသာထွန်းပိုင် သီတာမွန်(၁) ကမ်းဝေး ငါးဖမ်းရေယာဉ် နစ်မြုပ်မှုတွင် ပျောက်ဆုံးနေသော ရေလုပ်သား ငါးဦးကို ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်နေသည့်အဖွဲ့က ဇန်နဝါရီ ၁ ရက်တွင် ပျောက်ဆုံးသူများ သေဆုံးသွားဖွယ်ရှိကြောင်း အတည်ပြုချက်အရ ရှာဖွေရေး ငါးဖမ်းရေယာဉ် တစ်စင်းမှာ ဟိုင်းကြီးကျွန်းမြို့သို့ ပြန်လည်မောင်းနှင်လာနေပြီဖြစ်ကြောင်း သိရသည်။

နစ်မြုပ် ကမ်းဝေးငါးဖမ်းရေယာဉ် သီတာမွန်(၁)နှင့် ပျောက်ဆုံးသူများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရေယာဉ်ပေါ်ပါ (သုံးလက်မ)မျှောပိုက် အလက် ၁၅၀ ခန့်သာ ပြန်လည်ရရှိခဲ့ပြီး ကျန်ပစ္စည်းများနှင့် ပျောက်ဆုံးသူများကို ရှာဖွေမတွေ့ရှိတော့သဖြင့် လက်လျှော့လိုက်ရကြောင်း ပိုင်ရှင် ဦးသာထွန်း၏ ကိုယ်စားလှယ် ဦးလှထွေးက ပြောသည်။ ဆက်လက်၍ ကျန်ရစ်သူမိသားစုများကို အလှူအတန်းများ ပြုလုပ်ပေးရန်နှင့် နစ်နာမှုအတွက် ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**

# ဖုန်းအားသွင်းရာမှ ဓာတ်လိုက်၍ သေဆုံးမှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မြစ်ကျိုးကျေးရွာ တာရိုးတန်းလမ်းနေ ဒေါ်ရင်မြင့်၏နေအိမ်၌ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် လူတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး၏ အကြောင်းကြားချက်အရ မြစ်ကျိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ လေးအိမ်စုကျေးရွာနေ မျိုးဇော်ခန့်(၁၈)နှစ်ဖြစ်ပြီး ဒေါ်ရင်မြင့်၏နေအိမ်တွင် ပန်းရန်အလုပ်လာရောက်လုပ်ကိုင်နေစဉ် မီးပလပ်ခုံ၌ ဖုန်းအားသွင်းရာမှ ဓာတ်လိုက်ပြီး နောက်ပြန်လဲကျ၍ သတိလစ်သွားရာ မြစ်ကျိုးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားကြောင်း စစ်ဆေးသိရှိရသဖြင့် မြစ်ကျိုးနယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ်(၄/၂၀၁၇) ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

# တည်းခိုခန်းအတွင်း၌ ဖဲလောင်းကစား ပြုလုပ်သူများအား လောင်းကြေးငွေကျပ် သုံးသိန်းကျော်နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ အောင်ပင်လယ်ရပ်ကွက်ရှိ "အဲရိုး" တည်းခိုခန်းအတွင်း ဝင်ရောက်ရှာဖွေရာ ဧည့်ခန်းအတွင်း၌ ပိုင်ရှင်ဖြစ်သူ အောင်ပင်လယ်ရပ်ကွက်နေ ဘိုဘို(ခ)ပြည့်ဖြိုးဟိန်း(၃၄)နှစ်နှင့်အတူ တစ်ရပ်ကွက်တည်းနေ နေလင်းထက်(၃၁)နှစ်၊ ကျောက်ဆည်မြို့နယ် ပြည်လုံးနိုင်ရပ်ကွက်နေ စိုးလွင်မြင့်(၄၄)နှစ်၊ ချစ်စမ်းမောင်(၃၃)နှစ်၊ ထွန်တုံးရပ်ကွက်နေ နေမျိုးနိုင်(ခ) နိုင်နိုင်(၃၆)နှစ်နှင့် မြို့သစ်ရပ်ကွက်နေ ဝေလင်းအောင် (၃၅)နှစ်တို့ ခြောက်ဦးအား ဖဲလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၃၃၃၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဘိုဘို (ခ) ပြည့်ဖြိုးဟိန်းပါ ခြောက်ဦးအား အောင်ပင်လယ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

# Safeguard အပူရှိန်လွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကညော်ကျေးရွာ ရပ်ကွက်(၁၂)၌ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက် ၄ နာရီ ၁၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ချောင်းဆုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ကညော်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်း သတ်ရာ နံနက် ၅ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါကျေးရွာနေ ဦးထွန်းရွှေ(၆၈)နှစ်၏နေအိမ်၌ အသုံးပြုသည့် ရေခဲသေတ္တာတွင် တပ်ဆင်ထားသော Safeguard အပူရှိန်လွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး မီးလောင်မှုကြောင့် ဦးထွန်းရွှေ၊ ဒေါ်ခင်ဌေးမွန်(၃၃)နှစ်နှင့် ဦးအောင်မင်းဇော်(၄၁)နှစ်တို့၏ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ ခြေတံရှည် နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဦးထွန်းရွှေအား ချောင်းဆုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

# ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာထိပ် ပင်လယ်ကမ်းခြေသွားလမ်း၌ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ည ၈ နာရီတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ လက်ခုပ်ကုန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ အဆိုပါလမ်းအတိုင်း ကညင်ကုန်းကျေးရွာဘက်မှ အလယ်ကုန်းကျေးရွာဘက်သို့ အလယ်ရွာနေ သိန်းကျော်လင်း(၂၂)နှစ် မောင်းနှင်လာသည့် ၅၁ယ/---အနက်ရောင် ဆိုင်ကယ်နှင့် ကညင်ကုန်းကျေးရွာနေ ကျော်ကျော်သန့်(၂၀)နှစ် မောင်းနှင်လာသည့် ၂၃ယ/--- အနက်ရောင်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ သိန်းကျော်လင်းနှင့် ကျော်ကျော်သန့်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် လက်ခုပ်ကုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ကျော်ကျော်သန့်မှာ ရရှိဒဏ်ရာများဖြင့် ဆေးရုံ၌ သေဆုံးသွားကြောင်း စစ်ဆေးသိရှိရသဖြင့် သိန်းကျော်လင်းနှင့် ကျော်ကျော်သန့်တို့ နှစ်ဦးအား လက်ခုပ်ကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

# အန်စာတုံးလောင်းကစား ပြုလုပ်သူများအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် (၇)ရပ်ကွက် လမ်းမတော်လမ်း ရွှေသင်းရွှေဆိုင်ရှေ့ လမ်းဘေးပလက်ဖောင်းအနီးတွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ည ၁၁ နာရီခွဲတွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ လမ်းမတော်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးရာ (၂)ရပ်ကွက်နေ ထိန်လင်း(၅၅)နှစ်၊ အလုံမြို့နယ် သစ်တောဝင်းနေ ကံဦး(၃၄)နှစ်နှင့် လှိုင်မြို့နယ် (၇)ရပ်ကွက်နေ မင်းကိုဦး(၂၉)နှစ်တို့ သုံးဦးအား ပလက်ဖောင်းအနီး၌ အန်စာတုံးလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ထိန်လင်းပါ သုံးဦးအား လမ်းမတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**



# ကမ္ဘာ့အရှည်လျားဆုံး ပင်လယ်ကူးတံတား၏ အဓိက တည်ဆောက်ရေးလုပ်ငန်း ပြီးစီး

**ကွမ်ကျိုး ဇန်နဝါရီ ၁**
ကမ္ဘာ့အရှည်လျားဆုံး ပင်လယ်ကူးတံတား တည်ဆောက်မှု၏ အဓိကလုပ်ငန်းမှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ ပင်လယ်ကူးတံတားအတွက် မီးထွန်းညှိရေးစနစ်ကို တပ်ဆင်ခဲ့ပြီး စမ်းသပ်မှုပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း တရုတ်အာဏာပိုင်များက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားကြသည်။

ဟောင်ကောင်၊ ကျူဟိုင်းနှင့် မကာအိုတို့ကို ဆက်သွယ်ထားသော ပင်လယ်ကူးတံတားမှာ ၅၅ ကီလိုမီတာအရှည်ရှိပြီး ယင်းတံတားကို တည်ဆောက်နိုင်ရန် ပြင်ဆင်မှုကာလ ခြောက်နှစ်၊ တည်ဆောက်မှုကာလ ရှစ်နှစ် အချိန်ယူခဲ့ရသည်။

ပင်မတံတားမှာ ၂၂ ဒသမ ၉ ကီလိုမီတာ အရှည်ရှိပြီး ကီလိုမီတာ ၆ ဒသမ ၇ အရှည်ရှိ ဥမင်လမ်းတစ်လမ်းနှင့် ယင်းတံတား၏ ကမ်းလွန်တွင် ကျွန်းတုတစ်ခုတို့ကို တည်ဆောက်ခဲ့ရကြောင်း၊ကျွန်းစုတည်ဆောက်ရေးမှာ တံတားတစ်စင်းလုံး တည်ဆောက်မှုလုပ်ငန်းတွင် နည်းပညာအရ အရေးအကြီးဆုံး လုပ်ငန်းကဏ္ဍဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားကြသည်။

အင်ဂျင်နီယာများနှင့် တံတားတည်ဆောက်သူများသည် တံတားတွင် အသုံးပြုသော စနစ်များ၊ ကိရိယာများနှင့်ပတ်သက်၍ ဇန်နဝါရီလအတွင်း စမ်းသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စမ်းသပ်မှုများ ပြီးစီးသည့်အခါ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးမည်ဖြစ်ပြီး ယင်းနောက်တွင် သန့်ရှင်းရေးလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဟောင်ကောင်-ကျူဟိုင်း-မကာအို တံတားတည်ဆောက်ရေးအာဏာပိုင်အဖွဲ့၏ စီမံကိန်းဒါရိုက်တာ ကျန်ရင်ဝန်က ပြောကြားသည်။

ဆင်ဟွာ

# ကော်စတာရီကာတွင် လေယာဉ်တစ်စင်းပျက်ကျ အမေရိကန်နိုင်ငံသား ၁၀ ဦး အပါအဝင် ၁၂ ဦး သေဆုံး

**ဆန်ဟိုဆေး ဇန်နဝါရီ ၁**
ကော်စတာရီကာနိုင်ငံ၌ လူသိများထင်ရှားသော ကမ္ဘာ့လှည့်ခရီးသွားအပန်းဖြေစခန်း တစ်ခုအနီးရှိ သစ်တောထူထပ်ရာ ဒေသတွင်း၌ ဇန်နဝါရီ ၁ ရက်က ခရီးသည်တင်လေယာဉ်ငယ် တစ်စင်းပျက်ကျခဲ့ရာ ဒေသခံလေယာဉ်မှူးနှစ်ဦးနှင့် အမေရိကန်နိုင်ငံသား ၁၀ ဦး သေဆုံးခဲ့ကြောင်း ကော်စတာရီကာ အစိုးရက ပြောကြားသည်။

ကော်စတာရီကာနိုင်ငံ၏မြို့တော် ဆန်ဟိုဆေး၏ အနောက်ဘက် ကီလိုမီတာ ၂၃၀ (မိုင် ၁၄၀) အကွာတွင် တည်ရှိသော ဂွာနာကာဆက် ပြည်နယ်မှ တောင်ကုန်းတောင်တန်း ထူထပ်သည့် ပွန်တာအစ်လီတာ ကမ်းခြေမြို့၏ တောင်ကုန်းတောင်တန်းထူထပ်ရာ ဒေသတွင် ယင်းလေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဒေသဆိုင်ရာ ကုမ္ပဏီတစ်ခုဖြစ်သည့် သဘာဝလေကြောင်းကုမ္ပဏီက စီမံခန့်ခွဲသော ၂၀ဧဘီဆက်ဆနာ အမျိုးအစား ခရီးသည်တင် လေယာဉ်သည် လေဆိပ်မှ ပျံတက်ပြီး မိနစ်အနည်းငယ်အတွင်း ပျက်ကျခဲ့ကြောင်း ကော်စတာရီကာ လေကြောင်း ပျံသန်းရေးဌာန ညွှန်ကြားရေးမှူး အန်းအိယိုကူကီယိုက ပြောကြားသည်။ လေယာဉ်ပျက်မှုဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ပတ်သက်၍ တာဝန်ရှိသူများက လတ်တလောတွင် အတည်ပြုပြောကြားနိုင်ခြင်း မရှိသေးကြောင်း သတင်းတွင် ဖော်ပြသည်။

ရိုက်တာ

# ကမ္ဘောဒီးယား ပင်လယ်ကမ်းခြေ၌ မီးရှူးမီးပန်းပစ်လွှတ်ရာမှ မီးလောင်မှုဖြစ်ပွား

**ဖနွမ်းပင် ဇန်နဝါရီ ၁**
ကမ္ဘောဒီးယားနိုင်ငံ ကက်ပြည်နယ်ရှိ နာမည်ကျော် ပင်လယ်ကမ်းခြေတစ်နေရာတွင် နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်ဖောက်ရာမှ မတော်တဆပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ လူရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားရဲတပ်ဖွဲ့၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ဇန်နဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ကက်ကမ်းခြေတွင် ပြည်တွင်းနှင့်ပြည်ပခရီးသွားဧည့်သည် တစ်သိန်းခန့် နှစ်သစ်ကြိုရန် စုဝေးရောက်ရှိနေကြပြီး ဇန်နဝါရီ ၁ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီတွင် ပစ်လွှတ်လိုက်သော မီးရှူးမီးပန်းများ ပေါက်ကွဲမှုစတင်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြထားသည်။

ဒဏ်ရာရသူများတွင်အမျိုးသမီးသုံးဦး ပါဝင်ကြောင်း၊ ဒဏ်ရာရသူများအား ကက်ပြည်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းတို့အားလုံး ပြန်လည်နာလန်ထူလာပြီး ၎င်းတို့တည်းခိုရာနေရာများသို့ပြန်သွားကြပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မီးသတ်ကားလေးစီးက နှစ်နာရီကျော်ကြာမျှ မီးကို ငြိမ်းသတ်ခဲ့ရသည်။ မီးရှူးမီးပန်း ပေါက်ကွဲမှုကြောင့် လူအများအပြားမှာ ကြောက်ရွံ့စွာ အော်ဟစ်ခဲ့ကြပြီး ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက သတင်းထုတ်လွှင့်ခဲ့သည်။

ဆင်ဟွာ



## ဒန်ဗာမြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား ရဲအရာရှိတစ်ဦးသေဆုံး ခြောက်ဦးဒဏ်ရာရ

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁**
အမေရိကန်ပြည်ထောင်စု ကိုလိုရာဒိုပြည်နယ် ဒန်ဗာမြို့တွင် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက တိုက်ခန်းတွဲနေအိမ် အဆောက်အအုံတစ်လုံး၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ရဲအရာရှိတစ်ဦးသေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားနှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း၊ သေနတ်ပစ်ခတ်တိုက်ခိုက်သူမှာလည်း ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ဒေသစံတော်ချိန် နံနက် ၅ နာရီ ၁၃ မိနစ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မိသားစုတွင်း ခိုက်ရန်ငြင်းခုန် ဖြစ်ပွားရာမှ စတင်ခဲ့ကြောင်း ဒပ်ဂလပ်စ်စီရင်စုရဲတပ်ဖွဲ့က ပြောကြားသည်။ မိသားစုတစ်စု ခိုက်ရန်အငြင်းပွားမှုဖြစ်ပွားစဉ် အိမ်နီးချင်းများက ရဲတပ်ဖွဲ့အား အကြောင်းကြားခဲ့သည်။

အခင်းဖြစ်ပွားစဉ် ရဲတပ်ဖွဲ့က ပြည်သူများအား ဘေးလွတ်ရာသို့ ထွက်ခွာရန် ကြေညာခဲ့သည်။ အခင်းဖြစ်ပွားရာနေရာမှ ၄ ကီလိုမီတာအကွာတွင် အရေးပေါ်ခိုလှုံရေး စခန်းပြုလုပ်ပေးခဲ့သည်။ သေနတ်ပစ်ခတ်မှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် မြူများထူထပ်စွာ ကျဆင်း လေကြောင်းခရီးစဉ်များနှင့် ရထားခရီးစဉ်များ၌ အနှောင့်အယှက်ဖြစ်ပေါ်

**နယူးဒေလီ ဇန်နဝါရီ ၁**
အိန္ဒိယနိုင်ငံ၏ မြို့တော် နယူးဒေလီတွင် ဇန်နဝါရီ ၁ ရက်က ဒုတိယမြောက်နေ့အဖြစ် မြူများ ထူထပ်စွာကျဆင်းမှုကြောင့် လေကြောင်းပျံသန်းမှု ခရီးစဉ်များနှင့် ရထားခုတ်မောင်းပြေးဆွဲမှုများအတွက် အကြီးအကျယ် အနှောင့်အယှက်ဖြစ်ခဲ့ရကြောင်း ယနေ့ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် မြူများကျဆင်းမှုကြောင့် ပြည်တွင်းလေယာဉ်ခရီးစဉ် ငါးခု၊ နိုင်ငံရပ်ခြားလေယာဉ်ခရီးစဉ် ခုနစ်တို့အား အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပျံသန်းထွက်ခွာမှုများကို ရွှေ့ဆိုင်းလိုက်ရကြောင်း၊ ၎င်းတို့အထဲမှ ခရီးစဉ်တစ်ခုကိုမူ ပယ်ဖျက်ခဲ့ရကြောင်း မြို့ပြလေကြောင်းဆိုင်ရာ အရာရှိတစ်ဦးက ပြောကြားသည်။




ကျဆင်း

အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေယာဉ်ပြေးလမ်းမြင်ကွင်းသည် မီတာ ၅၀ အကွာအဝေးထိ ကျဆင်းခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် မြူနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် အဓိက ရထားဘူတာရုံများဖြစ်သည့် ဒေလီမြို့သစ်နှင့် မြို့ဟောင်း ဘူတာရုံများ၌ ရထားခရီးစဉ် ၉၀ နီးပါးအပေါ်တွင် သက်ရောက်မှုရှိခဲ့ကြောင်း၊ ၎င်းတို့အထဲမှ ရထားခရီးစဉ် ၅၆ ခုအား ရွှေ့ဆိုင်းခဲ့ရပြီး အခြားရထားခရီးစဉ် ၂၀မှ ၁၅၃ ခုအား ပယ်ဖျက်ခဲ့ရကာ ထောင်နှင့်ချီသော ခရီးသည်များသည် ၎င်းတို့ရောက်ရှိကာ ရထားဘူတာများ၌ သောင်တင်နေရသည်ဟု ရထားလုပ်ငန်းဌာန တာဝန်ရှိသူက ပြောကြားသည်။

ဆင်ဟွာ

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(၂) အဆိုပါ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များအား ခွဲဝေသတ်မှတ်ထားသော သို့မဟုတ် ခွဲဝေသတ်မှတ်ရန်အတွက် ဆောင်ရွက်ထားသော ပဋိညာဉ်စာချုပ်အား စစ်ဆေးနိုင်မည့်နေရာနှင့်အချိန်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သော ကမ်းလှမ်းမှုတစ်ရပ်ကို ပြုလုပ်သူသည် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းစုတစ်ရပ်ရပ်ဖြစ်ခဲ့ပါက အထက်ဖော်ပြပါ စာရွက်စာတမ်းအား ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းစု၏ကိုယ်စား ကုမ္ပဏီ၏ ဒါရိုက်တာအားလုံးကဖြစ်စေ၊ တစ်ဝက်အောက် မနည်းသော ဖက်စပ်လုပ်ကိုင်သူများကဖြစ်စေ လက်မှတ်ရေးထိုးခဲ့လျှင် ယင်းကမ်းလှမ်းမှုသည် ပြည့်စုံမှုရှိပြီး အဆိုပါဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဖက်စပ်လုပ်ကိုင်သူတစ်ဦးဦးသည် စာဖြင့်ရေးသား၍ အခွင့်အာဏာအပ်နှင်းထားသော ၎င်း၏ ကိုယ်စားလှယ်ဖြင့် လက်မှတ်ရေးထိုးဆောင်ရွက်နိုင်သည်။

**ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် ယင်းအစား ပြုလုပ်သည့် ရေးသားဖော်ပြချက်တွင် ပါရှိသော စည်းကမ်းချက်များကို ပြောင်းလဲပြင်ဆင်ခြင်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်**

၂၁၃။ ကုမ္ပဏီတစ်ခုသည် အထွေထွေအစည်းအဝေးတွင်ပြုလုပ်သော အတည်ပြုဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်းမှတစ်ပါး မည်သည့်အချိန်တွင်မဆိုကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် ယင်းအစား ပြုလုပ်သည့် ရေးသားဖော်ပြချက်တွင် ပါရှိသော ပဋိညာဉ်စည်းကမ်းချက်များကို ပြောင်းလဲခြင်း မပြုလုပ်ရ။

**ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင်ပါရှိသော ဖော်ပြချက်များအတွက် တာဝန်ရှိခြင်း**

၂၁၄။(က) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) သည် ကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်ရန် ပုဂ္ဂိုလ်တစ်ဦးဦးအား ဖိတ်ခေါ်ထားခဲ့လျှင် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ကို ထုတ်ဝေသည့်အချိန်က ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူများ အားလုံး၊ ၎င်းတို့၏ကိုယ်စား အခွင့်အာဏာအပ်နှင်းခြင်းခံရသူများအားလုံး၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ဒါရိုက်တာအားလုံး၊ ချက်ချင်းသော်လည်းကောင်း၊ အချိန်ကာလတစ်ရပ်တွင် သော်လည်းကောင်း ဒါရိုက်တာတစ်ဦးအဖြစ် ထားရှိရန် သဘောတူညီပြီးဖြစ်သော ပုဂ္ဂိုလ်များအားလုံး၊ ကမကထပြုသူများအားလုံးနှင့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေရန် အခွင့်အာဏာအပ်နှင်းခြင်း ခံရသူများအားလုံးသည် အောက်ပါအကြောင်းများပေါ်ပေါက်ခြင်း မရှိခဲ့လျှင်ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အပေါ် ယုံကြည်၍ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်သူများအားလုံးသို့ အဆိုပါကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ဖြစ်စေ၊ ၎င်းတွင်ပါရှိသည့် အစီရင်ခံစာ သို့မဟုတ် မှတ်တမ်း တစ်ရပ်ရပ်တွင်ဖြစ်စေ၊ ၎င်းတွင်ပါရှိသော သို့မဟုတ် ၎င်းနှင့်အတူ ဖော်ပြထားသော ရည်ညွှန်းချက်များတွင် ဖြစ်စေ မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့် ရေးသား ဖော်ပြချက်များကြောင့် ငွေကြေးထည့်ဝင်ကြသူများအပေါ် ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုများ အတွက် လျော်ကြေးပေးရန် တာဝန်ရှိသည် -

(၁) ကျွမ်းကျင်သူတစ်ဦးဦး၏ ခွင့်ပြုချက်အရ ပြုလုပ်ရန် ရေးသားဖော်ပြချက် တစ်ရပ်ရပ် သို့မဟုတ် ဌာနမှတရားဝင်ထုတ်ပြန်သည့် စာရွက်စာတမ်းများကို အထောက်အထားမပြုဘဲ မှားယွင်းတင်ပြထားသည့် ရေးသားဖော်ပြချက် တစ်ရပ်ရပ် သို့မဟုတ် မှန်ကန်မှုမရှိသည့် ဖော်ပြချက်များသည် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအား ခွဲဝေသတ်မှတ်သည့် အချိန်အထိ မှန်ကန်စွာ တင်ပြထားကြောင်း သို့မဟုတ် အချက်အလက်များသည် မှန်ကန်မှုရှိကြောင်း ယုံကြည်လောက်သော အခြေခံအကြောင်းများရှိခြင်း သို့မဟုတ်

(၂) ကျွမ်းကျင်သူတစ်ဦးဦး၏ အစီရင်ခံစာ သို့မဟုတ် တန်ဖိုးသတ်မှတ်ချက် တစ်ရပ်ရပ်မှ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် ပြုစုထားသော သို့မဟုတ် ယင်းအချက်များ ပါဝင်သော ရေးသားဖော်ပြချက် တစ်ရပ်ရပ်တွင် ပါရှိသော မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့် ဖော်ပြချက်များသည် မှန်ကန်စွာ တင်ပြထားခြင်း သို့မဟုတ် အစီရင်ခံစာ သို့မဟုတ် တန်ဖိုးသတ်မှတ်ချက် တစ်ရပ်ရပ်မှ မှန်ကန်စွာမိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် ပြုလုပ်ထားခြင်း (သို့ရာတွင် ရေးသားဖော်ပြချက်၊ အစီရင်ခံစာ သို့မဟုတ် တန်ဖိုး သတ်မှတ်ချက်တို့ကို ပြုလုပ်သည့်ကျွမ်းကျင်သူသည် ထိုသို့ပြုလုပ်ဆောင်ရွက်ရန် အရည်အချင်းပြည့်ဝသည်ဟု ယုံကြည်လောက်သော အခြေခံအကြောင်းများ မရှိကြောင်း ထင်ရှားပေါ်ပေါက်ခဲ့လျှင် ဒါရိုက်တာ၊ ဒါရိုက်တာအဖြစ် အမည်စာရင်း ရေးသွင်းခံရသူ၊ ကမကထပြုသူ သို့မဟုတ် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေရန် ခွင့်ပြုသူတို့သည်အထက်တွင် ဖော်ပြပါရှိသည့် အတိုင်း လျော်ကြေးပေးရန် တာဝန်ရှိသည်။) သို့မဟုတ်

(၃) ဌာနဆိုင်ရာ တရားဝင်စာရွက်စာတမ်းတစ်ရပ်ရပ်မှ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် တရားဝင် ပုဂ္ဂိုလ်တစ်ဦးဦးက ပြုစုထားသော သို့မဟုတ် ယင်း အချက်များပါဝင်သော ရေးသားဖော်ပြချက်တစ်ရပ်ရပ်တွင်ပါရှိသော မှားယွင်း တင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့် ဖော်ပြချက်များသည် မှန်ကန်စွာ တင်ပြထားခြင်း သို့မဟုတ် ဖော်ပြပါစာရွက်စာတမ်းမှ မှန်ကန်စွာ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် ပြုလုပ်ထားခြင်း သို့မဟုတ်

(၄) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမပြုမီက ဒါရိုက်တာအဖြစ် ဆောင်ရွက်ရန် သဘောတူညီထားသည့် ပုဂ္ဂိုလ်တစ်ဦးက ၎င်း၏ သဘောဆန္ဒကို ရုပ်သိမ်းခဲ့ပြီး အဆိုပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ၎င်း၏ ခွင့်ပြုချက် သို့မဟုတ် သဘောတူညီချက်မပါရှိဘဲ ကုမ္ပဏီက ထုတ်ဝေခဲ့ခြင်း သို့မဟုတ်

(၅) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ၎င်းအနေဖြင့် သိရှိခြင်း မရှိဘဲ သို့မဟုတ် ၎င်း၏သဘောတူညီချက်မပါရှိဘဲ ထုတ်ဝေခဲ့ခြင်း၊ ထိုသို့ ထုတ်ဝေခြင်းကို သိရှိသည့်အချိန်တွင် ထိုသို့ထုတ်ဝေခဲ့ခြင်းသည် ၎င်းအနေဖြင့် သိရှိခြင်းမရှိဘဲ သို့မဟုတ် ၎င်း၏ သဘောတူညီချက်မပါရှိဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း အများပြည်သူသို့ ထိုက်သင့်သည့် နည်းလမ်းဖြင့် အသိပေးခဲ့ခြင်း သို့မဟုတ်

(၆) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးနောက် ယင်းအရ ခွဲဝေသတ်မှတ်မှုများ ပြုလုပ်ခြင်း မရှိမီကာလတွင် ၎င်းအနေဖြင့် အဆိုပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ရေးသား ဖော်ပြချက်များသည် မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့် ဖော်ပြချက်များ ဖြစ်ကြောင်း သိရှိခဲ့သဖြင့် ၎င်း၏ သဘောတူညီချက်ကိုရုပ်သိမ်းခဲ့ခြင်း၊ ထိုသို့သော အကြောင်းနှင့်ရုပ်သိမ်းမှုကို အများပြည်သူသို့ ထိုက်သင့်သည့် နည်းလမ်းဖြင့် အသိပေးခဲ့ခြင်း။

(ခ) ယခင်ဥပဒေ စတင်အာဏာတည်သည့်အချိန်က တည်ရှိခဲ့သော ကုမ္ပဏီတစ်ခုက အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအား ထုတ်ဝေပြီးအစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်ခြင်းဖြင့် မတည်ငွေရင်းများ ထပ်မံရရှိစေရန် ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်အား ထုတ်ဝေလျှင် ဒါရိုက်တာတစ်ဦးသည် ၎င်းအနေဖြင့် ထိုသို့ ထုတ်ဝေရန် ခွင့်ပြုခြင်းမရှိလျှင် သို့မဟုတ် အဆိုပါကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus)အား အတည်ပြုခြင်းမရှိလျှင် အဆိုပါ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် ပါရှိသည့် ဖော်ပြချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တာဝန် မရှိစေရ။

(ဂ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအဖြစ် ပုဂ္ဂိုလ်တစ်ဦး၏အမည် သို့မဟုတ် ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်ရန် သဘောတူညီ ထားသည့်ပုဂ္ဂိုလ်တစ်ဦး၏ အမည်အားဖော်ပြထားပြီး ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမပြုမီ ထိုပုဂ္ဂိုလ်က ဒါရိုက်တာအဖြစ် ဆောင်ရွက်ရန် သဘောတူညီခြင်းမရှိလျှင် သို့မဟုတ် ၎င်း၏သဘောတူညီချက်အား ရုပ်သိမ်းလျှင်၊ ထိုကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား အထက်တွင် ဖော်ပြခဲ့သော ပုဂ္ဂိုလ်များအား အသိပေးခြင်းမရှိဘဲ သို့မဟုတ် ၎င်း၏ သဘောတူညီချက်မပါရှိဘဲ ထုတ်ဝေခဲ့သည့် ကိစ္စမှအပ ထိုကုမ္ပဏီ၏ ဒါရိုက်တာ၊ ထိုသို့ထုတ်ဝေရန် ခွင့်ပြုခဲ့သူများသည် ယင်းပုဂ္ဂိုလ်များသို့ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် ၎င်းတို့၏ အမည်အား ထည့်သွင်းဖော်ပြမှုကြောင့် ၎င်းတို့အပေါ်တွင် ကျရောက်လာသည့် တာဝန် ရှိမှုများအတွက်သော်လည်းကောင်း၊ အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၎င်းတို့အပေါ် စွဲဆိုသည့်ပြစ်မှု သို့မဟုတ် တရားစွဲဆိုဆောင်ရွက်မှုတစ်ရပ်ရပ်တွင် ခုခံချေပခြင်းအတွက်သော်လည်းကောင်း ၎င်းတို့၏ ထိခိုက်နစ်နာမှုနှင့် ကုန်ကျစရိတ်များအတွက် လျော်ကြေးပေးရန် တာဝန်ရှိသည်။

(ဃ) ဒါရိုက်တာအဖြစ်လည်းကောင်း၊ ဒါရိုက်တာအဖြစ် အမည်စာရင်း တင်သွင်းခံရသူအဖြစ် လည်းကောင်း၊ ဒါရိုက်တာအဖြစ် ဆောင်ရွက်ရန် သဘောတူညီသူအဖြစ်လည်းကောင်း၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေရန် ခွင့်ပြုချက်ပေးသူအဖြစ်လည်းကောင်း ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ ငွေပေးချေရန် တာဝန်ရှိသူ အားလုံးသည် ထိုသို့ပေးချေရန် တာဝန်ရှိသူက လိမ်လည်လိုသောသဘောဖြင့် မှားယွင်းတင်ပြမှုအရ အပြစ်ရှိကြောင်း မပေါ်ပေါက်ဘဲ အခြားသူများက ထိုကိစ္စရပ်အတွက် အပြစ်ရှိကြောင်း ပေါ်ပေါက်ခဲ့လျှင် ပဋိညာဉ်စာချုပ်အရ ဆောင်ရွက်သည့် ကိစ္စရပ်များတွင် သီးခြားစီတရားစွဲဆိုဆောင်ရွက်ပါက အလားတူငွေပေးချေရန် တာဝန်ရှိသော အခြားသူတစ်ဦးထံမှ ထည့်ဝင်ငွေများကို ရပိုင်ခွင့်ရှိသည်။

**ခွဲဝေသတ်မှတ်ခြင်း**

**ခွဲဝေသတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်**

၂၁၅။(က) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် အနည်းဆုံး အစုရှယ်ယာ မတည်ငွေရင်းပမာဏအဖြစ် ဖော်ပြထားသော ပမာဏသည် ပုဒ်မခွဲ (ခ) တွင် သတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပေးချေရန် လိုအပ်သည့် ငွေပမာဏကို ဒါရိုက်တာများ၏ ထင်မြင်ချက်အရ စုစုပေါင်းငွေပမာဏ သို့မဟုတ် အဆိုပါငွေပမာဏ တစ်စိတ်တစ်ဒေသကို ပေးချေသည့်အခါ ပေးချေရန်ကျန်ရှိသည့် ငွေပမာဏ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် ငွေပမာဏကို ရှယ်ယာမတည်ငွေရင်းဖြင့် ခွဲဝေသတ်မှတ်ခြင်းမရှိခဲ့လျှင် အများပြည်သူမှ ငွေကြေးထည့်ဝင်နိုင်ရန်အတွက် ကမ်းလှမ်းသော ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာမတည်ငွေရင်းတစ်ရပ်ရပ်ကို ခွဲဝေသတ်မှတ်ခြင်းမပြုရ၊ ထို့ပြင်ထိုငွေပမာဏ၏ အနည်းဆုံး ငါးရာခိုင်နှုန်း သို့မဟုတ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် ရာခိုင်နှုန်းကို ကုမ္ပဏီသို့ ငွေသားဖြင့် ပေးချေရမည် သို့မဟုတ် ကုမ္ပဏီက လက်ခံရယူရမည်။

(ခ) အောက်ပါကိစ္စရပ်များအတွက် အနည်းဆုံးအစုရှယ်ယာ မတည်ငွေရင်းပမာဏကို ရရှိရန် ဒါရိုက်တာများက ပြုလုပ်ဆောင်ရွက်ရမည် -

(၁) ထုတ်ဝေခြင်းမှရရှိသော အကျိုးအမြတ်ဖြင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အသုံးပြု၍ ဝယ်ယူထားသည့် သို့မဟုတ် ဝယ်ယူမည့် ပစ္စည်းတစ်ရပ်ရပ်၏ ဈေးနှုန်းတန်ဖိုး၊

(၂) ကုမ္ပဏီက ပေးချေရမည့် ကနဦးကုန်ကျစရိတ်တစ်ရပ်ရပ်နှင့် ကုမ္ပဏီ၏အစုရှယ်ယာ တစ်ရပ်ရပ်အတွက် ထည့်ဝင်ကြေးများ ပေးသွင်းရန် သဘောတူညီခြင်း သို့မဟုတ် အစုရှယ်ယာ တစ်ရပ်ရပ်ကို ထည့်ဝင်ခြင်း သို့မဟုတ် ထည့်ဝင်ရန် သဘောတူညီခြင်းကြောင့် ထိုသူအား ပေးချေရမည့် ကော်မရှင်ခ တစ်ရပ်ရပ်၊

(၃) အထက်ပါကိစ္စရပ်တစ်ခုခုအတွက် ကုမ္ပဏီက ချေးယူထားသော ငွေတစ်ရပ်ရပ်ကို ပြန်လည်ပေးဆပ်ခြင်းနှင့်

(၄) စီးပွားရေးလုပ်ငန်း နေ့စဉ်ဆောင်ရွက်မှုတွင် အသုံးပြုသော မတည်ငွေရင်း (working capital)။

(ဂ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် ဖော်ပြပါရှိသော ငွေပမာဏအဖြစ် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် ငွေပမာဏအား ငွေသားဖြင့် ပေးချေရမည်ဖြစ်ပြီး အခြားနည်း တစ်ရပ်ရပ်ဖြင့် ပေးချေခြင်းမပြုဘဲ အပြည့်အဝတွက်ချက် လက်ခံရမည့်အပြင် ဤဥပဒေအရ အနည်းဆုံး ထည့်ဝင်ငွေကြေးအဖြစ် မှတ်ယူရမည်။

(ဃ) အစုရှယ်ယာများအတွက် လျှောက်ထားသူများထံမှ လက်ခံရရှိသော ငွေကြေးအားလုံးကို သတ်မှတ်စီစဉ်ထားသည့်ဘဏ်တစ်ခုခုတွင် ပုဒ်မခွဲ (စ) ပါပြဋ္ဌာန်းချက်များ နှင့်အညီ ပြန်လည်ပေးအပ်သည့် အချိန်အထိ သို့မဟုတ် ပုဒ်မ ၂၁၈ အရ စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်ခွင့် အထောက်အထားလက်မှတ်ရရှိသည့်အချိန် အထိ အပ်နှံသိမ်းဆည်းထားရှိရမည်။

(င) အစုရှယ်ယာတစ်ခုစီနှင့်စပ်လျဉ်းသည့် လျှောက်လွှာအရ ပေးချေရမည့် ငွေပမာဏသည် အစုရှယ်ယာတန်ဖိုးပမာဏ၏ ငါးရာခိုင်နှုန်းအောက် လျော့နည်းခြင်း မရှိစေရ။

(စ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးနောက် ရက်ပေါင်း ၁၈၀ ကျော်လွန်သည့်အထိ အထက်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် အစုရှယ်ယာများအတွက် လျှောက်ထားသူများထံမှ လက်ခံရရှိ ထားသည့် ငွေကြေးများအားလုံးကို အတိုးမပါရှိဘဲ ၎င်းတို့ထံ ပြန်လည်ပေးအပ်ရမည်။ အဆိုပါ ငွေကြေးများကို ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးနောက် ရက်ပေါင်း ၁၉၀ အတွင်း ပြန်လည်ပေးချေနိုင်ခြင်းမရှိခဲ့လျှင် ကုမ္ပဏီ၏ ဒါရိုက်တာများသည် ရက်ပေါင်း ၁၉၀ ပြည့်မြောက်သည့်နေ့မှ စတင်တွက်ချက်သော တစ်နှစ်လျှင်ပေးရမည့် သတ်မှတ်ဖော်ပြထားသည့် အတိုးနှင့်အတူ အဆိုပါငွေအား စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပြန်လည်ပေးချေရမည်။ သို့ရာတွင် ငွေကြေးဆုံးရှုံးမှုသည် ဒါရိုက်တာတစ်ဦး၏ အကျင့်သိက္ခာ ပျက်ပြားခြင်း သို့မဟုတ် ပေါ့လျော့ခြင်းကြောင့် မဟုတ်ကြောင်း ထင်ရှားပေါ်ပေါက်ခဲ့လျှင် ထိုဒါရိုက်တာအပေါ်တွင် တာဝန်တစ်စုံတစ်ရာ မရှိစေရ။

(ဆ) အစုရှယ်ယာများအတွက် လျှောက်ထားသူတစ်ဦးဦးအား ဤပုဒ်မတွင်ပါရှိသည့် သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်း မပြုစေရန်အတွက် သတ်မှတ်သည့် သို့မဟုတ် စည်းနှောင်မှုရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်သည် အကျိုးသက်ရောက်ခြင်း မရှိဘဲ ပျက်ပြယ်စေရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# အခြေခံပညာရေးဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့လိပ်မူပေးပို့နိုင်ပါသည်။**

**အခြေခံပညာရေးဥပဒေကြမ်း**

**(၂၀၁၇ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- )**

**၁၃၇၉ ခုနှစ်၊ လ၊ ရက်**

**(၂၀၁၇ ခုနှစ်၊ လ၊ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အခြေခံပညာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အမျိုးသားပညာရေးဥပဒေတွင် ပါရှိသည့် စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အခြေခံပညာရေး ကောင်စီကို ဆိုသည်။

(ခ) **ဦးစီးဌာန**ဆိုသည်မှာ အခြေခံပညာဦးစီးဌာနကိုဆိုသည်။

(ဂ) **သက်ဆိုင်ရာဦးစီးဌာန** ဆိုသည်မှာ အခြေခံပညာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(ဃ) **ရုံး**ဆိုသည်မှာ မြို့နယ်ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးကိုဆိုသည်။

(င) **ပညာရေး**ဆိုသည်မှာ လူတို့၏အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထား အယူအဆအမြင်တို့ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်ပေးသည့် ဖြစ်စဉ်ကို ဆိုသည်။

(စ) **ကျောင်းသား**ဆိုသည်မှာ အခြေခံပညာရေးအဆင့်တွင် သတ်မှတ်ထားသော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထား အယူအဆ အမြင်များကို ပညာသင်ကြားသင်ယူမှု နည်းစနစ်များနှင့် အညီ လေ့လာဆည်းပူးသင်ယူသူအားလုံးကို ဆိုသည်။

(ဆ) **ဆရာ**ဆိုသည်မှာ အခြေခံပညာရေးအဆင့်တစ်ခုခုတွင် သင်ယူသူများ၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်များ ဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်ပံ့ပိုးပေးခြင်း၊ သင်ကြားပို့ချပေးခြင်း တာဝန်များကို ထမ်းဆောင်သည့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူကို ဆိုသည်။

(ဇ) **ကျောင်းပညာရေး**ဆိုသည်မှာ အခြေခံပညာရေးအဆင့်တွင်သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့်အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးသောမူကြိုပညာရေး၊ သူငယ်တန်းပညာရေး၊ မူလတန်းအဆင့်ပညာရေး၊ အလယ်တန်းအဆင့်ပညာရေး၊ အထက်တန်းအဆင့် ပညာရေး၊ နည်းပညာနှင့်သက်မွေးဆိုင်ရာ ပညာရေးနှင့်လေ့ကျင့်ရေးနှင့် အဆင့်မြင့် ပညာရေးဆိုင်ရာ အခြေခံတို့ အကျုံးဝင်သည့် ပညာရေးကို ဆိုသည်။

(ဈ) **ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး** ဆိုသည်မှာ ကျောင်းပညာရေးတွင် ဆက်လက် ပါဝင်သင်ယူနိုင်ခြင်းမရှိသည့် ကျောင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ကျောင်းပြင်ပ ပညာရေးအပါအဝင် အမျိုးမျိုးသော သင်ကြားသင်ယူမှု အစီအစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ပညာရေးကိုဆိုသည်။

(ည) **တန်းညှိပညာရေးအစီအစဉ်**ဆိုသည်မှာ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး အစီအစဉ်အရ သင်ယူရရှိသည့် ပညာအဆင့်အတန်းကို ကျောင်းပညာရေးအဆင့်အတန်းများနှင့် အရည်အချင်း ညှိနှိုင်းသတ်မှတ်ပေးသော အစီအစဉ်ကိုဆိုသည်။

(ဋ) **လူတိုင်းအကျုံးဝင်ပညာရေး**ဆိုသည်မှာ မသန်စွမ်းသူများအပါအဝင် အကြောင်း အမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး တစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့်ရှိစေရန် အခွင့်အလမ်း ဖန်တီးပေးသည့်အစီအစဉ်ကို ဆိုသည်။

(ဌ) **အတွင်းအရည်အသွေးအာမခံမှု**ဆိုသည်မှာ အရည်အသွေးအာမခံခြင်း လုပ်ငန်းကိုဌာနတွင်း ကျွမ်းကျင်ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာတွင် အရည်အသွေးအဆင့် သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။

(ဍ) **ပြင်ပအရည်အသွေးအာမခံမှု**ဆိုသည်မှာ အရည်အသွေးအာမခံခြင်းလုပ်ငန်းကို ဌာနပြင်ပ ကျွမ်းကျင်သူများဖြင့် ဆောင်ရွက်ရာတွင် အရည်အသွေးအဆင့် သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။

(ဎ) **သင်ရိုးညွှန်းတမ်းအညွှန်းဘောင်** ဆိုသည်မှာ သင်ရိုးညွှန်းတမ်းဆိုင်ရာ သင်ယူမှုနယ်ပယ်များ၊ ရွေးချယ်ရသည့် နောက်ခံအကြောင်းရင်းများ၊ ရည်မှန်းချက်နှင့် ရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှု စစ်ဆေးနည်းများကို ပြည့်စုံစွာရေးသားထားသော မူဘောင်ကို ဆိုသည်။

(ဏ) **သင်ယူသူဗဟိုပြုချဉ်းကပ်နည်း**ဆိုသည်မှာ ဆရာများက ထိရောက်သော နည်းလမ်းများကို အသုံးပြု၍ သင်ယူသူများကိုယ်တိုင် သင်ယူမှုဖြစ်ထွန်းစေရန်အတွက် အပြုသဘောဆောင်သောဆရာ ကျောင်းသားဆက်ဆံရေးဖြင့် ပံ့ပိုးဖော်ဆောင်ပေးသည့် သင်ကြားသင်ယူမှု ဖြစ်စဉ်ကိုဆိုသည်။

(တ) **အခြေခံပညာကျောင်း**ဆိုသည်မှာ အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အတည်ပြု ပြဋ္ဌာန်းထားသော အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းစံများနှင့်အညီ ပညာသင်ကြားပေးသော ကျောင်းကိုဆိုသည်။

(ထ) **အစိုးရကျောင်း**ဆိုသည်မှာ အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းစံများနှင့်အညီ လူတိုင်းအကျုံးဝင်၍ သာတူညီမျှ အခွင့်အလမ်းဖွင့်ပေးထားသော အခြေခံပညာရေးကို သင်ကြားပေးရန် အစိုးရက တည်ထောင်ဖွင့်လှစ်ထားသည့် ကျောင်းကိုဆိုသည်။

(ဒ) **ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း** ဆိုသည်မှာ သက်ဆိုင်ရာ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားသည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်းကို ဆိုသည်။

(ဓ) **သင်ယူမှုဝန်းကျင်ကောင်း**ဆိုသည်မှာ ကျောင်းသားများ၏ ဘက်စုံပညာရရှိရေး အကောင်အထည်ဖော်ရာတွင် ကျောင်း၏ရုပ်ပိုင်းနှင့် ကျောင်းသားများ၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးသည့်အခြေအနေများ ဖန်တီးပေးခြင်းဖြင့် အောင်မြင် ထိရောက်သော သင်ယူမှုကို ဖြစ်ထွန်းစေသည့် ဝန်းကျင်ကိုဆိုသည်။

## အခန်း(၂)
## အခြေခံပညာရေး၏ ရည်မှန်းချက်များ

၃။ အခြေခံပညာရေး၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို ပြီးဆုံးသည်အထိ သင်ယူ တတ်မြောက်ရန်၊

(ခ) အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့်ပြည့်စုံသည့် လူသားကောင်းများဖြစ်ရန်၊

(ဂ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် စည်းကမ်း ပြည့်ဝ၍ ဥပဒေကို လေးစားလိုက်နာတတ်သည့် တာဝန်သိစိတ်၊ တာဝန်ယူစိတ်ရှိသော လူသားကောင်းများ ဖြစ်ရန်၊

(ဃ) အမြင်ကျယ်မှုရှိပြီး စူးစမ်းရှာဖွေလေ့လာလိုသော စိတ်ဓာတ်နှင့် ပူးပေါင်းတီထွင်ကြံဆ ဆောင်ရွက်တတ်သည့် လူသားကောင်းများ ဖြစ်ရန်၊

(င) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်း မြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများ ဖြစ်ရန်၊

(စ) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိပညာကို လက်ဆင့်ကမ်းနိုင်သော လူသားကောင်းများဖြစ်ရန်၊

(ဆ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ခေတ်နှင့် လျော်ညီသော နည်းပညာများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားရန်၊

(ဇ) အားကစားနှင့် ကာယပညာလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အားကစား စိတ်ဓာတ်ဖွံ့ဖြိုးလာရန်၊

(ဈ) နည်းပညာနှင့်သက်မွေးဆိုင်ရာ ပညာရေးနှင့်လေ့ကျင့်ရေးအတွက် အခြေခံကောင်းများ ရရှိရန်၊

(ည) အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများရရှိရန်၊

(ဋ) လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည် လက်ခံ၍ တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းရေးအခြေခံအသိများနှင့် အညီ လက်တွေ့ ကျင့်သုံးနေထိုင်တတ်သည့် ကမ္ဘာ့နိုင်ငံသားများဖြစ်ရန်။

## အခန်း(၃)
## အခြေခံပညာရေးဆိုင်ရာအခြေခံမူများ

၄။ အခြေခံပညာရေးဆိုင်ရာအခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်နှင့်အညီ အခြေခံပညာကို နိုင်ငံသားတိုင်း သင်ယူတတ်မြောက်ရေး၊

(ခ) ကျောင်းနေအရွယ်ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူများအပါအဝင်အကြောင်း အမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခဲ့ခြင်းမရှိသူများကို အခြေခံပညာရေးအဆင့်တိုင်းတွင် လူတိုင်းအကျုံးဝင်ပညာရေး အစီအစဉ်၊ အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှု အစီအစဉ်များအရ ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး တစ်ခုခုတွင် အခြေခံပညာရေးကို သင်ယူနိုင်ခွင့်ရရှိရေး၊

(ဂ) အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေး၊

(ဃ) အခြေခံပညာရေးအဆင့်အလိုက်နှင့် အတန်းအလိုက် သတ်မှတ်ထားသော သင်ရိုး ညွှန်းတမ်းစံများနှင့်အညီ အရည်အသွေးအာမခံမှုရှိသောစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(င) ပညာလေ့လာသင်ယူရာတွင် သင်ယူသူ၏ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာ၊ မသန်စွမ်းမှု အပါအဝင် မည်သည့် ခွဲခြားမှုမျှမရှိရေး၊

(စ) ပညာသင်ယူသူတိုင်း ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝ၍ တိုင်းရင်းသားအားလုံး၏ ဘာသာ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့များကို မြတ်နိုးလေးစား တန်ဖိုးထားပြီး ထိန်းသိမ်းလိုစိတ်၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို မြှင့်တင်လိုစိတ်တို့အကျုံးဝင်သော တန်ဖိုးထားမှု အခြေပြုသည့် အမျိုးသားစရိုက်လက္ခဏာများ ဖွံ့ဖြိုးရေး၊

(ဆ) အခြေခံပညာရေးကဏ္ဍတွင် သင်ယူသူဗဟိုပြု ချဉ်းကပ်နည်းအပါအဝင် ထိရောက်သော သင်နည်းများဖြင့် သင်ကြားသင်ယူမှုဖြစ်စဉ်ကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(ဇ) အစဉ်လေ့လာသင်ယူနေသော အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန် အခွင့်အလမ်းများနှင့် စာကြည့်တိုက်များနှင့် သင်ကြားသင်ယူမှု စာသင်ခန်းများပါဝင်သည့် သင်ယူမှု ဝန်းကျင်ကောင်းများ ဖန်တီးပေးရေး၊

(ဈ) ပညာရေးအညွှန်းကိန်းများကို စဉ်ဆက်မပြတ် စနစ်တကျ လေ့လာကြီးကြပ် အကဲဖြတ်၍ မြင့်မားလာရန် ဆောင်ရွက်ရေး၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် အခြေခံပညာရေးစနစ်ကိုကျင့်သုံးရေး၊

(ဋ) ကျောင်းသားများကို ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် လူသားကောင်းများဖြစ်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ယင်းသို့ ပြုစုပျိုးထောင်နိုင်ရေးအတွက် ဆရာအရည်အသွေးကို စဉ်ဆက်မပြတ်မြှင့်တင်ရေး၊

(ဌ) အခြေခံပညာအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့၊ ကျောင်းသားမိဘများနှင့် ရပ်ရွာအဖွဲ့အစည်းများက ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊

(ဍ) အခြေခံပညာရေးဆိုင်ရာ မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှု စီမံကိန်းများကို လည်းကောင်း၊ ပညာရေးနှင့် သက်ဆိုင်သည့် ဥပဒေများ၊ အခြားလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကိုလည်းကောင်း ပြည်သူလူထုကသိရှိစေရန် ဆက်လက် ဆောင်ရွက်ပေးရေး၊

(ဎ) အခြေခံပညာရေးကဏ္ဍအတွက် ဆရာများ ပြုစုပျိုးထောင်ပေးနိုင်ရန် ဆရာအတတ် ပညာရေးကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေး၊

(ဏ) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ရေး၊

(တ) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး အပြန်အလှန်ကူးပြောင်း သင်ယူနိုင်ရန်အတွက် တန်းညှိပညာရေး အစီအစဉ်ကို အကောင်အထည်ဖော်ရေး၊

(ထ) အခြေခံပညာဆိုင်ရာ အစိုးရကျောင်းများ၊ အခြားကျောင်းများနှင့် ပညာရေးအစီအစဉ် များအကြား အပြန်အလှန်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် တန်းညှိပညာရေး အစီအစဉ်ဆိုင်ရာစံနှင့်လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာကော်မတီများ၊ အဖွဲ့များနှင့် ညှိနှိုင်း သတ်မှတ်ရေးဆွဲပြဋ္ဌာန်းရေး၊

(ဒ) ကိုယ်တိုင်သင်ယူပညာရေးအခွင့်အလမ်းများ ရရှိရန်ပံ့ပိုးကူညီပေးရေး၊

(ဓ) ပညာရေးဝန်ထမ်းအားလုံး၏ အရည်အသွေးနှင့် လူမှုဘဝမြှင့်တင်ရေးကို အလေးထားဆောင်ရွက်ရေး။

## အခန်း(၄)
## အခြေခံပညာရေးအဆင့်များ၊ အတန်းများနှင့် ကျောင်းအမျိုးအစားများ သတ်မှတ်ခြင်း

၅။ (က) အခြေခံပညာရေးကို သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ် စုစုပေါင်း ကာလ (၁၂)နှစ်ကို ဦးတည်၍ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်သော အခြေခံပညာရေး၏ အဆင့်များနှင့် အတန်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပထမတန်းမှ ပဉ္စမတန်းအထိ မူလတန်းအဆင့်ပညာရေး၊

(၂) ဆဋ္ဌမတန်းမှ နဝမတန်းအထိ အလယ်တန်းအဆင့်ပညာရေး၊

(၃) ဒသမတန်း၊ ဧကာဒသမတန်း၊ ဒွါဒသမတန်းတို့ပါဝင်သည့် အထက်တန်း အဆင့်ပညာရေး။

၆။ ကျောင်းအမျိုးအစားများကို အောက်ပါအတိုင်း သတ်မှတ်သည် -

(က) သူငယ်တန်းနှင့် မူလတန်းအဆင့် အတန်းများပါရှိသည့် အခြေခံပညာမူလတန်းကျောင်း၊

(ခ) သူငယ်တန်း၊ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အတန်းများပါရှိသည့် အခြေခံပညာ အလယ်တန်းကျောင်း၊

(ဂ) သူငယ်တန်း၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတန်းများ ပါရှိသော အခြေခံပညာအထက်တန်းကျောင်း သို့မဟုတ် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် အတန်းများပါရှိသော အခြေခံပညာအထက်တန်းကျောင်း။

**ဆက်လက်ဖော်ပြပါမည်။**

# စင်ကာပူနိုင်ငံတွင် ကျင်းပမည့် ဝါးလက်မှုပြပွဲတွင် မြန်မာ့အနုပညာလက်ရာမြောက် ဝါးလက်မှုပစ္စည်းများပြသနိုင်ရန်ပြင်ဆင်



**မင်းကွန်း ဇန်နဝါရီ ၁**

မြန်မာ့အနုပညာလက်ရာမြောက် ဝါးလက်မှု ထုတ်ကုန်ပစ္စည်းများကို စင်ကာပူနိုင်ငံတွင်ကျင်းပမည့် ဝါးလက်မှုပြပွဲ၌ ပြသနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အရည်အသွေးမြင့် အနုပညာမြောက် ဝါးလက်မှုပစ္စည်းများအဖြစ် ဟိုတယ်များတွင် အများဆုံးအသုံးပြုသည့် အလှဆင်ပစ္စည်းဖြစ်သည့်ခြင်းများ၊ မီးစလောင်းများ၊ ဖုန်းထည့်သည့် အိတ်များနှင့် အခြား အလှဆင်ပစ္စည်းများစွာ၊ အသုံးအဆောင်ပစ္စည်းများစွာနှင့် အမျိုးသမီးများ ဝတ်ဆင်သည့် ဝါးလည်ဆွဲများကို ပြသသွားမည်ဖြစ်သည်။ ယမန်နှစ်အတွေ့အကြုံအရ စင်ကာပူတွင် ပြုလုပ်သည့် ဝါးလက်မှုပြပွဲတွင် မြန်မာနိုင်ငံမှ ဝါးလက်မှုထုတ်ကုန်ပြုလုပ်သူတစ်ဦးတည်းသာ ပြသနိုင်ခဲ့သည်။ ကိုရီးယားနိုင်ငံမှ ၂၀ ဦးအထိပြသပြီး အခြားနိုင်ငံများမှလည်း အများအပြားလာရောက်ပြသခဲ့သည်။

ယခု ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် စင်ကာပူနိုင်ငံ ဝါးလက်မှုပြပွဲတွင် မြန်မာနိုင်ငံမှ အနုပညာမြောက် ဝါးလက်မှုပစ္စည်း ပြုလုပ်သူများစွာ ပါဝင်ပြသနိုင်စေရန် ပြင်ဆင်လျက်ရှိသည်။ ဝါးချစ်သူများအဖွဲ့မှ ဦးစီးကာ ဝါးအနုပညာမြောက် ထုတ်ကုန်များ အလှဆင်ပစ္စည်းပြုလုပ်နိုင်ရန်အတွက် သင်တန်းပေးခြင်းများကို အစဉ်တစိုက်ပြုလုပ်လျက်ရှိရာ စစ်ကိုင်း၊ မင်းကွန်းဒေသ၊ မန္တလေးနှင့် အခြားဒေသများမှ ဝါးလက်မှုထုတ်ကုန်များကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဝါးချစ်သူများအသင်း တိုးချဲ့ပညာပေးနှင့် စည်းရုံးရေးမှူး ဒေါ်ယဉ်ယဉ်ထွန်းထံမှ သိရသည်။

**နွေနဒီ (မြစ်ငယ်)**

## ငွေလှရတနာ အဘိဓမ္မာ အထူးရက်တိုသင်တန်းဖွင့်

**ပျော်ဘွယ် ဇန်နဝါရီ ၁**

အဘိဓမ္မာတတ်၍ ဘဝအမြတ်ရစေရန်၊ အဘိဓမ္မာသိ၍ ဘဝအနှစ်ရှိစေရန် ရည်ရွယ်၍ ငွေလှရတနာ အဘိဓမ္မာ အထူးရက်တိုသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ပျော်ဘွယ်မြို့ သာသနဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးက သင်တန်းဖွင့်လှစ် ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းသားများအနေဖြင့် သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်ရေးနှင့် စိတ်ပါဝင်စားစွာသင်ကြားရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး သင်တန်းနည်းပြ သဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်သန္တာဦး (လူမှုထူးချွန်) က အဘိဓမ္မာအကြောင်းဆွေးနွေးသည်။

အဆိုပါသင်တန်းကို အလှူရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး မိသားစုနှင့် မြို့နယ် သာသနာ့နုဂ္ဂဟအသင်းတို့မှ စီစဉ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူများ စုစုပေါင်း ၂၁၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်းသိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**

## မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်

**ငဖဲ ဇန်နဝါရီ ၁**

ငဖဲမြို့နယ်တွင် မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ငဖဲမြို့မစည်ပင်သာယာဈေး၌ ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စည်ပင်ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဈေးဆိုင်ခန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ငဖဲမြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းဦးက မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုဖြစ်ပွားချိန်တွင် မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်နည်းများကို အသိပညာပေးဆွေးနွေးပြောကြားပြီး လက်တွေ့ သရုပ်ပြလေ့ကျင့်ရာတွင် ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်သရုပ်ပြခြင်း၊ ဒိုင်းရှင်းအပေါ်စားရေစုပ်စက်ဖြင့် ငြိမ်းသတ်သရုပ်ပြခြင်း၊ မီးသတ်ယာဉ်ဖြင့် ရေပက်သရုပ်ပြခြင်းနှင့် ဈေးဆိုင်ခန်းများတွင် လျှပ်စစ်မီးတပ်ဆင်အသုံးပြုမှုများအားစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး (ငဖဲ)**

## စီမံခန့်ခွဲမှု အသိပညာနှင့် လုပ်ငန်းစွမ်းရည် တိုးတက်ရေး ဟောပြောဆွေးနွေး

**ချမ်းအေးသာစံ ဇန်နဝါရီ ၁**

မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်) နှင့် မြန်မာ-ဂျပန်စင်တာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသော မြန်မာနိုင်ငံရှိ လုပ်ငန်းများနိုင်ငံတကာကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်ရန် စီမံခန့်ခွဲမှု အသိပညာနှင့် လုပ်ငန်းစွမ်းရည်တိုးတက်ရေး ဟောပြောဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၇ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ Sakura Princess Hotel ၌ ကျင်းပရာ လူငယ်စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများတက်ရောက်ကြသည်။

ဟောပြောပွဲတွင် နိပွန်ဖောင်ဒေးရှင်းနှင့် Aichi Gakuin University မှ စီးပွားရေးပညာရှင် ဒေါက်တာမြင့်ဆန်းက စီးပွားရေးလုပ်ငန်းများ ဦးစီးလုပ်ကိုင်ရာတွင် မရှိမဖြစ်လိုအပ်သော ဝန်ထမ်းများ၊ ဝန်ထမ်းများ စီမံခန့်ခွဲမှုနည်းစနစ်များ၊ ရှေ့ဆက်သွားရမည့် လမ်းကြောင်းများကို Management Knowledge for CEOs ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Heriot Watt University မှ ဒေါက်တာအောင်ကိုကိုက တင်ဆက်မှုပြုလုပ်ရာတွင် မိမိပြောချင်သည့်အကြောင်းအရာကို ထိထိရောက်ရောက်ရောက် လှပစွာပြောနိုင်ရန် ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် စာဖတ်သည့် အလေ့အထများကိုလည်းကောင်း အတွေ့အကြုံ လေ့လာမှုများဖြင့် ပေါင်းစပ်ဟောပြောဆွေးနွေးခဲ့ကြသည်။

**သီဟကိုကို (မန္တလေး)**

## မုံရွာမြို့ စုပေါင်းစက်ဘီးစီးပွဲတွင် စက်ဘီးစီးဝါသနာရှင် ၃၀၀ ကျော် ပါဝင်ဆင်နွှဲ

**မုံရွာ ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းရှေ့ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ဒုတိယအကြိမ် လူထုစုပေါင်းစက်ဘီးစီးပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၆ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

လူထုစုပေါင်း စက်ဘီးစီးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးက အချက်ပြဖွင့်လှစ်ပေးခဲ့ရာ စက်ဘီးစီးဝါသနာရှင်များက ဗိုလ်ချုပ်လမ်းမမှ ကွေ့ကြီးရပ်ကွက်ရှိ ရွှေတောင် ဆီဆိုင်လမ်းမှ တစ်ဆင့် ချင်းတွင်းမြစ်ကမ်းဘေး မြို့ပတ်လမ်းအတိုင်း မြောက်မှ တောင်သို့ စီးနင်းခဲ့ပြီး မုံရွာတောင် ရပ်ကွက် ဘဏ်လမ်းဆုံမှ ဗိုလ်ချုပ်လမ်းအတိုင်း တိုင်းဒေသကြီး အားကစားကွင်းသို့ စုပေါင်း စီးနင်းခဲ့ကြကြောင်း သိရသည်။

"လူငယ်တွေအတွက် အကျိုးရှိစေတဲ့ လှုပ်ရှားမှုတစ်ခုအနေနဲ့ လုပ်ဆောင်တာပါ၊ လူထုစက်ဘီးစီးပွဲကို မုံရွာမြို့မှာ တစ်လတစ်ကြိမ်နှုန်းနဲ့ လှုပ်ရှားဆောင်ရွက်ခဲ့တာ အခုဆိုရင် ဒုတိယအကြိမ်မြောက်ရှိပါပြီ၊ အဓိကကတော့ လူငယ်တွေစုပေါင်း လုပ်ဆောင်တဲ့ အလေ့အကျင့်ကောင်းတွေကို ရရှိစေဖို့နဲ့ ကျန်းမာပျော်ရွှင်စွာနဲ့ ပညာသင်ကြားမယ်၊ လုပ်ငန်းခွင်တွေမှာ စွမ်းအားအပြည့်နဲ့ တာဝန်တွေထမ်းဆောင်နိုင်ဖို့ အလေ့အကျင့်ကောင်းတွေကို အထောက်အကူဖြစ်စေဖို့အတွက် ကျင်းပတာပါ" လို့ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးဦးအောင်နိုင်ဆွေက ပြောသည်။




လူထုစုပေါင်း စက်ဘီးစီးနင်းပွဲအပြီးတွင် ပါဝင်ဆင်နွှဲသည့် စက်ဘီးဝါသနာရှင်များအား မုံရွာမြို့ စက်ဘီးဝါသနာရှင်အသင်းမှ ထရင့် အမျိုးအစား ပြိုင်ဘီးတစ်စီးအား ကံစမ်းမဲဖောက် ပေးခဲ့ကြောင်းသိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများ၏ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁**

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) ကျောင်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အားကစားပြိုင်ပွဲများအား ဒီဇင်ဘာ ၃၁ ရက် နံနက် ၆ နာရီခွဲက စတင်ကျင်းပရာ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း TC-1 လေ့ကျင့်ရေးရုံ၌ ကျင်းပသော ဘတ်စကက်ဘော ပြိုင်ပွဲများအား အားကစားနှင့် ကာယပညာဦးစီးဌာန တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အမျိုးသမီးပြိုင်ပွဲများအဖြစ် အား/ကာသိပ္ပံ (မန္တလေး) နှင့် အား/ကာသိပ္ပံ (တောင်ကြီး)၊ အား/ကာသိပ္ပံ (ရန်ကုန်)နှင့် အား/ကာသိပ္ပံ (မော်လမြိုင်)၊ အမျိုးသား ပြိုင်ပွဲများအဖြစ် အား/ကာသိပ္ပံ (တောင်ကြီး)နှင့် အား/ကာသိပ္ပံ (မန္တလေး)၊ အား/ကာသိပ္ပံ (ရန်ကုန်)နှင့် အား/ကာသိပ္ပံ (မော်လမြိုင်)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဆက်လက်၍ TC-1 ၌ Squash အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲများနှင့် အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။


ဆက်လက်၍ TC-1 မြားပစ်ကွင်း၌ Recurve အမျိုးသမီး Ranking တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲများကိုလည်းကောင်း၊ Recurve အမျိုးသား Ranking တစ်ဦးချင်းရှုံး/ထွက်ပြိုင်ပွဲများ ကိုလည်းကောင်း၊ Recurve အမျိုးသမီးတစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲများကိုလည်းကောင်း၊ Recurve အမျိုးသားတစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲများကိုလည်းကောင်း၊ Recurve အမျိုးသမီးအသင်းလိုက် ရှုံး/ထွက်ပြိုင်ပွဲများကိုလည်းကောင်း၊ Recurve အမျိုးသား အသင်းလိုက် ရှုံး/ထွက်ပြိုင်ပွဲများကိုလည်းကောင်း၊ Recurve Mix Team ရှုံး/ထွက်ပြိုင်ပွဲများကိုလည်းကောင်း အသီးသီးကျင်းပခဲ့သည်။ ထို့နောက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ ဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးကွင်း(၃)နှင့် (၄)တို့၌ လည်းကောင်း၊ တင်းနစ်ပြိုင်ပွဲကို TC-1 တင်းနစ် လေ့ကျင့်ရေးကွင်း၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် အား/ကာသိပ္ပံ (မော်လမြိုင်)အသင်းနှင့် အား/ကာသိပ္ပံ(မန္တလေး-ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အား/ကာသိပ္ပံ (မော်လမြိုင်)အသင်းမှ နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ ပြိုင်ပွဲတွင် အား/ကာသိပ္ပံ (မော်လမြိုင်-က)အသင်းနှင့် အား/ကာသိပ္ပံ(ရန်ကုန်-က)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အား/ကာသိပ္ပံ (မော်လမြိုင်-က) နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**



# နောက်ကျ ပင်နယ်တီအတွက် ဝင်းဂါး ဒေါသထွက်

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ဝက်စ်ဘရွန်းကို နောက်ကျ ပင်နယ်တီပေးပြီး သရေကျခဲ့ရခြင်းအပေါ် ဒေါသထွက်နေပြီး ဒိုင်လူကြီး မိုက်ဒင်က အိမ်ရှင်အသင်းကို ပင်နယ်တီပေးခဲ့ခြင်းဖြစ်သည်ဟု စွပ်စွဲပြောကြားခဲ့သည်။ အာဆင်နယ်အသင်းသည် ပွဲချိန် ၈၃ မိနစ်တွင် ဆန်းချက်ဇ်၏ အလွတ်တည်ကန်ဘောကို ဝက်စ်ဘရွန်း မိုက်ကလင်းက ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့သဖြင့် ဦးဆောင်ဂိုးရခဲ့သော်လည်း ပွဲပြီးခါနီး တစ်မိနစ်အလိုတွင် ဝက်စ်ဘရွန်းအသင်းကို ပင်နယ်တီ ပြန်လည်ခွင့်ပြုခဲ့ရပြီး သရေ တစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပင်နယ်တီဧရိယာအတွင်း ကီရန်ဂစ်ဘ်စ်၏ ကန်ချက်က ချိန်ဘားစ်၏လက်ကို ဘောလုံးနှင့် မတော်တဆထိခဲ့ရာ ဒိုင်ဖြစ်သူက ပင်နယ်တီအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ မန်ယူနှင့် ဆောက်သမ်တန်တို့ ပွဲစဉ်တွင်လည်း အလားတူဖြစ်ရပ်မျိုးဖြစ်ခဲ့သော်လည်း မန်ယူအသင်း ပင်နယ်တီ ရရှိခြင်းမရှိခဲ့ပေ။ ယင်းပယ်နယ်တီကို ဂျေးရိုဒရီဂွက်စ်က ချေပဂိုးအဖြစ် ရယူသွားပြီး အိမ်ရှင်အသင်းအတွက် သရေတစ်မှတ် ရရှိစေခဲ့ခြင်း ဖြစ်သည်။

ဝင်းဂါးက "ကျွန်တော်ကတော့ ဒိုင်လူကြီးက ဒီဖြစ်ရပ်ကို မမြင်ဘူးလို့ ထင်ပါတယ်။ သူ့ ဖြစ်ရပ်ကို မမြင်ပါဘူး"ဟု ပရီမီယာလိဂ်ပွဲစဉ် ၈၁၁ ပွဲ ကိုင်တွယ်သည့် အတွေ့အကြုံရှိ မိုက်ဒင်းကို ဝေဖန်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဝင်းဂါးက "ဒါက ကျွန်တော့်အမြင်ပါ။ သူကတော့ ခင်ဗျားတို့ကို သူမြင်ပါတယ်လို့ ပြောပါလိမ့်မယ်။ ဒါက ပင်နယ်တီ မဟုတ်သလို ရည်ရွယ်ချက်ရှိရှိနဲ့ဖြစ်ခဲ့တဲ့ လက်ထိဘော မဟုတ်ပါဘူး"ဟု ပွဲအပြီးတွင် တုံ့ပြန်ဖြေကြားခဲ့သည်။ အားကစားသုံးသပ်သူ ရှေးဂစ်ဗင်နှင့် လီယွန်အော်စမန်တို့ကမူ မိုက်ဒင် မမြင်သည်ဆိုသည်ကို လက်မခံခဲ့သော်လည်း ရက်ရောလွန်းသည့် ဆုံးဖြတ်ချက်အဖြစ် သုံးသပ်ခဲ့သည်။ ဝက်စ်ဘရွန်းနည်းပြ အလန်ပါဂျူးကလည်း ယင်းပင်နယ်တီမှာ ကံတရား၏လက်ဆောင်အဖြစ် ရှုမြင်ကြောင်းသာ မယုတ်မလွန် ဖြေကြားခဲ့သည်ကိုတွေ့ရသည်။ အာဆင်နယ်ကစားသမားများက ပွဲသိမ်းခရာမှုတ်သိမ်းပြီးနောက် မိုက်ဒင်ကို ဝိုင်းဝန်းစောဒကတက်ခဲ့ပြီး အာဆင်နယ် ဂိုးသမား ပီတာဆက်ချ်မှာ အဝါကတ်ပြသ သတိပေးခံရသည်အထိ ဖြစ်ခဲ့သလို ဝင်းဂါးကလည်း မိုက်ဒင်ကို စကားသွားရောက်ပြောကြားခဲ့သည်ကို တွေ့ရသည်။

မေလှဲ့သင်း
ရေးသားသည်



## ကော်စတာက ချယ်လ်ဆီးတွင် အင်္ဂလိပ်စာ သင်ယူရခဲ့ဟု ဟာသနှော

တိုက်စစ်မှူး ဒီယေဂိုကော်စတာက အက်သလက်တီကိုအသင်းနှင့် ချယ်လ်ဆီးတွင် အင်္ဂလိပ်စာသင်ကြားခဲ့ရဟု တရားဝင်မိတ်ဆက်ပွဲတွင် ဟာသနှောကာ ပြောကြားခဲ့သည်။ ကော်စတာမှာ အက်သလက်တီကို အသင်းသို့ လွန်ခဲ့သည့် သုံးလကပင် ပြန်လည်ပြောင်းရွှေ့ခဲ့သော်လည်း အက်သလက်၏ ကစားသမားခေါ်ယူခွင့် ပိတ်ပင်ခံရမှုကြောင့် ယခု ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်မှပင် တရားဝင်မိတ်ဆက်ခဲ့ရခြင်း ဖြစ်သည်။

သတင်းထောက်များက ချယ်လ်ဆီးတွင်ရှိနေခဲ့သည့် အချိန်များက ဘာနှင့်တူသလဲဟု မေးမြန်းခံခဲ့ရချိန်တွင် ကော်စတာက ရယ်မောပြီး "အဲဒီမှာ ကျွန်တော် အင်္ဂလိပ်စာကို သင်ကြားခဲ့ပါတယ်။ ဒီအတွက် ကလပ်အသင်းမှာရှိတဲ့သူတွေ၊ ထောက်ခံသူတွေ၊ အသင်းဖော်တွေက ကျွန်တော့်ကို များစွာကူညီခဲ့ကြပါတယ်"ဟု ပြန်လည်ဖြေကြားခဲ့သည်။

ကော်စတာက ယခုနှစ် ရာသီစကတည်းက တစ်ပွဲမျှ မကစားရသေးဘဲ သူ့အနေဖြင့် ပွဲကစားရန် လိုအပ်နေပြီး ယခုအချိန်ကို ကာလကြာရှည်စွာ စောင့်စားခဲ့ရကြောင်း ဆိုခဲ့သည်။



## ဆာလာ အနည်းဆုံး နှစ်ပတ်နားရတော့မည်

လီဗာပူးဂိုးသွင်းစက် မိုဟာမက် ဆာလာမှာ လက်စတာကို အနိုင်ရခဲ့သည့် စနေနေ့ ပရီမီယာလိဂ်ပွဲစဉ်တွင် ရရှိခဲ့သောဒဏ်ရာကြောင့် အနည်းဆုံး နှစ်ပတ်အနားယူရတော့မည်ဖြစ်ရာ လီဗာပူးအသင်းအတွက် ကြီးမားသည့်ထိုးနှက်ချက် ဖြစ်လာနိုင်မည်ဖြစ်သည်။ ဆာလာမှာ ပြီးခဲ့သည့်နွေဈေးကွက်က လီဗာပူးအသင်းသို့ ရောက်ရှိလာပြီးနောက် ယခုနှစ်ရာသီအတွင်း တောက်လျှောက်ခြေစွမ်းပြကာ သူ၏ ပွဲဦးထွက်ရာသီသွင်းဂိုးမှာ ၂၃ ဂိုးအထိ ရောက်ရှိနေပြီး အဆိုပါအရေအတွက်မှာ လီဗာပူး၏ အကောင်းဆုံးတိုက်စစ်မှူးများအဖြစ် အီယန်ရက်ရှ်၊ ရော်ဘီဖောင်လာ၊ ဟော့ဂ်ဆန်၊ ဒန်းဂလက်ချ်၊ လစ်ဒယ်လ်၊ လူးဝစ်ဆွာရက်ဇ်တို့ပင် ပွဲဦးထွက်ရာသီတွင် မရခဲ့သည့် စံချိန် ဖြစ်သည်။

၁၉၆၁ ခုနှစ်တွင် ရိုဂျာဟန့်မှာ ယင်းသို့ စံချိန်တူသွင်းဂိုး ရရှိခဲ့ဖူးသော်လည်း ယင်းအချိန်တွင် လီဗာပူးမှာ ဒုတိယတန်းတွင် ကစားနေရသည်ဖြစ်ရာ ဆာလာ၏ အောင်မြင်မှုက ပိုမိုသည်ဟု ဆိုရမည်ဖြစ်သည်။



## မန်စီးတီးရှုံးပွဲမရှိ ရာသီမရနိုင်ဟု ဂွါဒီယိုလာ ယူဆ

မန်စီးတီးအနေဖြင့် ရှုံးပွဲမရှိ စံချိန်ဖြင့် ရာသီသိမ်းနိုင်မည်ဟု မထင်ကြောင်း ပဲလေ့စ်ကို ဂိုးမရှိ သရေသာ ကစားပြီး ၁၈ ပွဲဆက် စံချိန်ရပ်တန့်သွားပြီးနောက် မန်စီးတီးနည်းပြ ဂွါဒီယိုလာက အံ့အားသင့်ဖွယ် ထုတ်ဖော်ပြောကြားခဲ့သည်။ မန်စီးတီးသည် ပဲလေ့စ်၏ အိမ်ကွင်းတွင် ကစားခဲ့ရသည့်ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှု ၇၀ ရာခိုင်နှုန်းကျော်အထိ ရယူနိုင်ခဲ့သလို ဂိုးပေါက် ကန်သွင်းမှု ၁၅ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးရခဲ့ခြင်းမရှိသလို ၁၈ ပွဲဆက် အနိုင်ရရှိသည့် မှတ်တမ်းလည်း အဆုံးသတ်သွားခဲ့သည်။

မန်စီးတီးသည် နာကျင်အချိန်ပိုတွင် ပဲလေ့စ်ဘက်ကို ပင်နယ်တီပေးခဲ့ရသော်လည်း မန်စီးတီးဂိုးသမား အက်ဒါဆန် ကာကွယ်နိုင်ခဲ့၍သာ ရှုံးပွဲမကြုံခဲ့ရခြင်းဖြစ်သည်။ သို့သော် ဂွါဒီယိုလာက ၂၀၀၄ ခုနှစ်တွင် အာဆင်နယ်အသင်း တင်ထားသည့် ၄၉ ပွဲ ရှုံးပွဲမရှိ စံချိန်ကို လိုက်မီနိုင်မည်ဟု မထင်ကြောင်းကို "အာစင်( ဝင်းဂါး)က ဒီအတွက် စိုးရိမ်ကောင်းစိုးရိမ်နေပါလိမ့်မယ်။ ဒါပေမယ့် ဒီလို ၂၀၀၄ ခုနှစ်က ရှုံးပွဲမရှိစံချိန်က သူ့အတွက်ပါပဲ" ဟု ပြောကြားခဲ့သည်။

ဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် အဆိုပါပွဲစဉ်တွင် အဓိက ကစားသမားနှစ်ဦး ဒဏ်ရာပြဿနာကြုံခဲ့ရပြီး တိုက်စစ်မှူး ဂျေဆူး မျက်ရည်များဖြင့် ကွင်းထဲမှ ထွက်ခွာသွားခဲ့ရသလို ကီဗင်ဒီဘရိုင်းမှာလည်း ဂျာဆန်ပန်ယွန်၏ ကြမ်းတမ်းသည့် ဖျက်ထုတ်မှုကြောင့် လူနာတင်ကတ်ဖြင့် ထွက်ခွာသွားခဲ့ရသည်။ ဂွါဒီယိုလာက ၂၀၀၄ ခုနှစ်နှင့် ယနေ့ခေတ် ဘောလုံးလောက အခြေအနေ များစွာကွာခြားသွားပြီဖြစ်သဖြင့် အာဆင်နယ်ကဲ့သို့ ရှုံးပွဲမရှိ စံချိန်ကိုရရှိမည်ဟု တွေးထားခြင်းမရှိကြောင်း ဆိုခဲ့သည်။ ဂွါဒီယိုလာက ဂျေဆူး ဒဏ်ရာရရှိသွားပြီးနောက် အာဆင်နယ် တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်ကို ယခုဇန်နဝါရီဈေးကွက်အတွင်း အရခေါ်ယူမည်ဖြစ်ကြောင်းလည်း အရိပ်အမြွက် ဖွင့်ဟခဲ့သည်။

## မန်ယူတွင် ပြဿနာများစွာရှိနေဟု မော်ရင်ဟို ဖွင့်ဟ

မန်ယူနည်းပြ မော်ရင်ဟိုက မန်ယူအသင်းတွင် ပြဿနာများစွာရှိနေကြောင်း သုံးပွဲဆက် သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် ဖွင့်ဟပြောကြားခဲ့သည်။ မော်ရင်ဟိုက "ကျွန်တော်တို့မှာ ပြဿနာတွေ အများကြီးရှိနေပါတယ်။ ကျွန်တော်တို့က လူကာကူကို ဆုံးရှုံးခဲ့ပြီးဖြစ်သလို အီဗရာဟီမိုဗစ်ကိုရော တစ်လလောက် ဆုံးရှုံးရမှာပါ။ သူ့ကို တစ်လလောက် ဆုံးရှုံးမယ်ဆိုတာက သူ့ရဲ့ ကြံ့ခိုင်မှုပြည့်ဝဖို့အတွက် အချိန်ယူရမှာပါ။ ကျွန်တော်တို့ လူကာကူကို ဆုံးရှုံးထားတာကတော့ အချိန်ဘယ်လောက်ကြာမယ်မသိပါဘူး" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းတွင် တိုက်စစ်မှူး လူကာကူနှင့် အီဗရာဟီမိုဗစ်တို့ကို ဆုံးရှုံးထားပြီးဖြစ်သလို ခရစ္စမောလင်း၊ ဗလင်စီယာ၊ ဖယ်လိုင်နီနှင့် မိုက်ကယ်ကားရစ်တို့ ဒဏ်ရာပြဿနာများရှိနေသည်။ ထို့ပြင် ယန်းမှာလည်း ဆောက်သမ်တန်မှ ဒူတန်တာဒစ်ကို တံတောင်ဖြင့် တွတ်ခဲ့သဖြင့် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရပြီဖြစ်ရာ မန်ယူအတွက် အကျပ်အတည်းပင်ဖြစ်သည်။ ယန်း၏ လုပ်ရပ်ကို ဒိုင်လူကြီး ခရိုက်ပေါလ်ဆန်က မြင်တွေ့ခြင်းမရှိသော်လည်း ဗီဒီယိုမှတ်တမ်းများတွင် ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရပြီးနောက် ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခံလိုက်ရခြင်းဖြစ်သည်။ အက်ရှ်လေယန်းက သုံးပွဲပယ်ပြစ်ဒဏ်အတွက် အယူခံဝင်ခဲ့သော်လည်း ပယ်ချခံခဲ့ရရာ ယင်းဆုံးဖြတ်ချက်ကို ယန်းက လက်ခံခဲ့သော်လည်း ပြစ်ဒဏ်မှာ လိုသည်ထက်ပိုလွန်းသည်ဟု ပြန်လည် ဝေဖန်သွားခဲ့သည်။

မော်ရင်ဟိုက "ဖယ်လိုင်နီ နောက်ဆုံးကစားခဲ့တာကို ကျွန်တော် မမှတ်မိတော့ပါဘူး။ ဒါက တော်တော်ကြီးကို ကြာသွားပြီ။ မိုက်ယယ်ကားရစ်က ရာသီကြိုပွဲစဉ်တွေတုန်းက ကစားခဲ့တယ်။ ရာသီစချိန် သူဘယ်ပွဲမှာ ကစားခဲ့သလဲ ကျွန်တော်မမှတ်မိတော့ဘူး။ ကျွန်တော်တို့မှာ ပြဿနာတွေ အများကြီးရှိနေတာပါ"ဟု ဆိုခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် ဆောက်သမ်တန်နှင့် ဂိုးမရှိ သရေကျခဲ့ပြီးနောက် အမှတ်ပေးဇယား တတိယနေရာအထိ ဆင်းပေးခဲ့ရသည်။



# တူရိယာအတီးသင်တန်းများ အခမဲ့သင်ကြားပေး



**ရန်ကုန် ဇန်နဝါရီ ၁**
ရိုးရာယဉ်ကျေးမှုများကို လူငယ်များ မြတ်နိုး တန်ဖိုးထားတတ်လာစေရန်နှင့် တိုင်းရင်းသားများ အချင်းချင်း ယဉ်ကျေးမှုများဖလှယ်ကာ စည်းလုံးညီညွတ်မှုများတိုးပွားလာစေရန် ရည်ရွယ်၍ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)မှ ကြီးမှူးဖွင့်လှစ်သော မွန်ရိုးရာအခြေခံတူရိယာအတီး သင်တန်းဆင်းပွဲနှင့် နှစ်ပတ်လည် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်တိုက်၌ ကျင်းပရာ သင်တန်းသူ သင်တန်းသားများမှ ရိုးရာတီးခတ်မှု အကအလှများဖြင့် ဖျော်ဖြေကြသည်။

ယင်းသင်တန်းအား ပထမဆုံးအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သုံးလတာအနီးကပ်သင်ကြားမှုဖြင့် ဝါသနာရှင်များ၊ တူရိယာပညာရှင်များ၊ အကဆရာ၊ ဆရာမများမှ ဆရာဖြစ်သင်တန်းတက်ရောက်စေခဲ့ပြီး ဝါသနာရှင် လူငယ်များမှ စနေ၊ တနင်္ဂနွေရုံး ပိတ်ရက်များတွင် ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်တိုက်၌ လာရောက်သင်ယူကြသည်။ သင်တန်းကာလ လေးလဖြစ်ပြီး ဇူလိုင်လ ၁၅ ရက်မှ နိုဝင်ဘာလကုန်အထိ ဖွင့်လှစ်သင်ကြားခဲ့ရာ ယနေ့တွင် သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

'အဓိက ဒီသင်တန်းကို ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်က စာပေယဉ်ကျေးမှုကို ကျယ်ကျယ်ပြန့်ပြန့် နားလည်ဖို့ စည်းလုံးညီညွတ်မှုကို ဆောင်ရွက်တဲ့နေရာမှာ ကိုယ့်တိုင်းရင်းသားယဉ်ကျေးမှု တစ်ခုတည်းကို သိရုံတင်မကဘဲ တိုင်းရင်းသားတွေအားလုံးရဲ့ စာပေယဉ်ကျေးမှုတွေကို သိနားလည်ဖို့လိုပါတယ်။ ယဉ်ကျေးမှု အနုသုခုမပညာရပ်ကို တစ်တိုင်းပြည်လုံးသိရှိအောင် ရည်ရွယ်ခြင်းဖြစ်ပါတယ်။ အဲဒီအတွက် လူငယ်တွေကိုလည်း ကိုယ့်ရဲ့ယဉ်ကျေးမှုတွေကို တင်ပြနိုင်ဖို့အတွက် ကြိုးစားစေချင်တယ်။ တူရိယာအတတ်ပညာကို တတ်မြောက်ရုံတင်မဟုတ်ဘဲ ယဉ်ကျေးမှုအခြေခံတွေပါသိရှိလာပြီး မြတ်နိုးတန်ဖိုးထားတတ်လာမှာ ဖြစ်ပါတယ်" ဟု သင်တန်းနည်းပြဆရာ ဦးမင်းထိန်ဝင်းက ပြောသည်။

အဆိုပါ သင်တန်းတွင် မွန်ရိုးရာအခြေခံတူရိယာများအနေဖြင့် မွန်လခြမ်း၊ ပတ္တလား၊ ဗုံပတ်မ၊ ထောင်တယော၊ ကြိုးတပ်မွန်မိကျောင်းတူရိယာ၊ စည်းဝါး၊ ပတ်ဝိုင်းအစရှိသည့် တူရိယာများကို အဓိကတီးခတ် သင်ကြားပေးပြီး စိတ်ပါဝင်စားသူ မည်သူမဆို သင်တန်းကာလအတွင်း အခမဲ့လာရောက် သင်ယူနိုင်ကြောင်းနှင့် ၂၀၁၈ ခုနှစ်အတွက် သင်တန်းကာလကို ဇူလိုင်လမှ နိုဝင်ဘာလထိ သတ်မှတ်ထားကာ နှစ်စဉ်နှစ်တိုင်းတွင်လည်း အဆိုပါလများတွင် သင်ကြားပို့ချသွားမည်ဖြစ်ရာ သင်ကြားလိုသူများ ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်တိုက်တွင် စနေ၊ တနင်္ဂနွေရက်များ၌ လာရောက် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **အေးမင်းသူ**

# တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် တာထိပ်ဆင့်ခြင်းနှင့် တာခြေထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

**ဇလွန် ဇန်နဝါရီ ၁**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဧရာဝတီ-ဟင်္သာတ တာမိုင် ၁၅/၅ - ၃၃/၀ အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် တာတမံတောင့်တင်းခိုင်မာအောင် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်နှင့် ဆည်မြောင်းဦးစီးအရာရှိ ဦးဆယ်မောင်တို့က တာတမံနယ်ပတ်ဝန်းကျင်နေ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

တာတမံအနီးတွင်နေထိုင်သည့် ကျေးရွာအုပ်စု ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ဧရာဝတီ-ဟင်္သာတ တာမိုင် ၁၅/၅-၃၃/၀ အတွင်း တာတမံတောင့်တင်းခိုင်မာအောင် ပြုပြင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် တာအလျားပေ ၆၇၄၆၀ ပေ၊ တာထိပ်အကျယ် ၁၂ ပေ၊ပျမ်းမျှအမြင့် သုံးပေခန့် တာထိပ်ဆင့်ခြင်းနှင့် တာခြေထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ တာတမံများအား ပြုပြင်ပေးခြင်းဖြင့် ဇလွန်မြို့နယ်ကျေးရွာအုပ်စုများရှိ လယ်မြေဧက ၇၃၀၀၀ ကျော်နှင့် ဟင်္သာတမြို့နယ် ကျုံပျော်မြို့နယ် ဓနုဖြူမြို့နယ်များအတွင်းရှိ လယ်မြေဧက သုံးသိန်းကျော်ကို မြစ်ရေဝင်ရောက်ဖုံးလွှမ်းမှုမှ ကင်းဝေးစေပြီး နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသော မြစ်ရေကြီးမှုများကြောင့် တာတမံကျိုးပေါက်ခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများကိုကာကွယ်နိုင်မည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း ဇလွန်မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးဆယ်မောင်ထံမှ သိရသည်။

**ဇလွန် (ပြန်/ဆက်)**

# လွတ်လပ်ရေးနေ့အကြို မူကြိုကလေးငယ်များ သီချင်းဆိုပြိုင်ပွဲကျင်းပ

**တောင်ငူ ဇန်နဝါရီ ၁**
နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် မူကြိုကလေးငယ်များ သီချင်းဆိုပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံး Community Centre ရုံးခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တောင်ငူခရိုင် ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအေးက ပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး လူမှုဝန်ထမ်းဦးစီးဌာန၊ မူလတန်းကြိုကျောင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်း၊ လူမှုဝန်ထမ်း အသိအမှတ်ပြုကိုယ့်အားကိုယ့်ကိုး မူကြိုကျောင်းတို့မှ မူကြိုကလေးငယ် ၁၇ ဦးတို့က လွတ်လပ်ရေးနှင့်ပတ်သက်သည့် သီချင်းများကိုတစ်ဦးချင်းစီလည်းကောင်း၊ အဖွဲ့လိုက်လည်းကောင်း သီဆိုဖျော်ဖြေကာ ပျော်ပျော်ရွှင်ရွှင် ယှဉ်ပြိုင်ခဲ့သည်။



ယင်းနောက် သီဆိုယှဉ်ပြိုင်မှုများအား အမှတ်ပေးဒိုင်များက အကဲဖြတ်အမှတ်ပေးကာ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှစ်ဆုနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ကလေးငယ်များအား တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ဇော်ထက်(ပြန်/ဆက်)**

# နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲ ယုဇနဥယျာဉ်မြို့တော်၌ကျင်းပ

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) ဇန်နဝါရီ ၁**
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်(၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် ငြိမ်းချမ်းစိမ်းလန်း စာကြည့်တိုက်၌ ဒီဇင်ဘာ ၃၁ နံနက် ၉ နာရီက 'လွတ်လပ်ရေးနေ့တို့မမေ့' ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ စာစီစာကုံးပြိုင်ပွဲ ကျင်းပပြုလုပ်ရာသို့ ယုဇနဥယျာဉ်မြို့တော် ဒေသခံ ကျောင်းသား၊ ကျောင်းသူ ၃၁ ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **၅၁၂**

# ရထားလမ်းကူး(Level Crossing)များနှင့်မတော်တဆမှုများ လျော့နည်းကျဆင်းရေး အသိပညာပေး



**ရန်ကုန် ဇန်နဝါရီ ၁**
မြန်မာ့မီးရထား အောက်မြန်မာပြည်အုပ်ချုပ်ရေးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော တရားမဝင်ရထားလမ်းကူး (Level Crossing) များ ဖြစ်ပွားလျက်ရှိသော မတော်တဆမှုများနှင့် စည်းကမ်းမလိုက်နာမှုများကြောင့် ဖြစ်ပွားလျက်ရှိသော မတော်တဆမှုများ လျော့နည်းကျဆင်းရေး အသိပညာပေးအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား) အထွေထွေမန်နေဂျာ (စစ်ဆင်ရေး)မှလည်းကောင်း၊ အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်) မြန်မာ့မီးရထားမှလည်းကောင်း၊ အထွေထွေမန်နေဂျာ (စီးပွားရေး) မြန်မာ့မီးရထားမှလည်းကောင်း အသီးသီး အဖွင့်အမှာစကားပြောကြားပြီး အထွေထွေမန်နေဂျာ (သွားလာပို့ဆောင်ရေး) မြန်မာ့မီးရထားမှ Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

တက်ရောက်လာကြသော စာနယ်ဇင်းသတင်းမီဒီယာများမှ မေးမြန်းခြင်းနှင့် မေးမြန်းလာသည့် မေးခွန်းများအပေါ် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# လွတ်လပ်ရေးနေ့အကြို ကျောင်းပေါင်းစုံ အားကစားစွမ်းရည်ပြိုင်ပွဲများကျင်းပ

**ညောင်တုန်း ဇန်နဝါရီ ၁**
ကျန်းမာကြံ့ခိုင်သော ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေး ရည်ရွယ်ချက်များဖြင့်ကျင်းပသည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ညောင်တုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအားကစားကွင်း၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်ဌေးနှင့် အခြေခံပညာ ထက်/ လယ်/ မူကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများ ဆရာ၊ ဆရာမများနှင့် မိဘများ တက်ရောက်အားပေးကြည့်ရှုကြသည်။

အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂၂ ဦးက မီတာ ၅၀၊ ၁၀၀၊ ၂၀၀၊ ၄၀၀ နှင့် အပြေးပြိုင်ပွဲများ၊ သံပြားပစ်၊ သံလုံးပစ်၊ အလျားခုန်၊ အမြင့်ခုန်၊ သုံးဆင့်ခုန်နှင့် မီတာ ၁၀၀ လက်ဆင့်ကမ်း၊ မီတာ ၄၀၀ အထက်တန်းဆင့် လက်ဆင့်ကမ်းပြိုင်ပွဲများပါဝင်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

# လပွတ္တာမြို့နယ်တွင်ဆိုင်ကယ်စက်ပြင်သင်တန်းဆင်းပွဲ ကျင်းပ

**လပွတ္တာ ဇန်နဝါရီ ၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် မော်တော်ဆိုင်ကယ်စက်ပြင် သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဧရာဝတီတိုင်း ဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ကျေးရွာများမှ သင်တန်းသားများ စုစုပေါင်း အင်အား ၈၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးအောင်က သင်တန်းဆိုင်ရာ အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်ရုံးမှ ဦးထွန်းလှိုင်က သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး ထူးချွန်ဆုရ သင်တန်းသားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ဆိုင်ကယ်စက်ပြင်သင်တန်းကဲ့သို့ အသက်မွေးဝမ်းကျောင်းသင်တန်းများအား ဖွင့်လှစ်ပေးခြင်းအားဖြင့် ကျေးရွာနေ ပြည်သူထုလု၏ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာကာ မိသားစု ဝင်ငွေတိုးပွားလာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။ **မောင်ဇော်**

# လက်တွေ့အသုံးချဆေးနည်းတို့ (ဆေးမြီးတို)များ (၄၆)



ကြည်လွင်မြင့်(မုဒြာ)

**မင်္ဂလာပါ ဆရာကြီးခင်ဗျာ။ ကျွန်တော့ အမေက ခေါင်းကိုက်ရင် ကွမ်းရွက်တွေ နားထင်ကပ်ခိုင်းတယ် ဆရာ။ အခုကွမ်းရွက် ကပ်တဲ့နားမှာ ဖြူဖြူအကွက်လေးတွေ တွေ့နေတယ်ဆရာ။ အဲဒါ ကွမ်းရွက်နဲ့ ဆိုင်ပါသလား ဆရာ။ နှုတ်ခမ်းပေါ်မှာလည်း အဖုသေးသေးလေးတွေ ပေါက်နေပါတယ်။ ယားတယ်လို့ ပြောပါတယ်။ အဲဒီဝေဒနာတွေ သက်သာပျောက်ကင်းအောင် ဘယ်လိုကုသရမလဲ ဆရာ။ ကျေးဇူးပြုပြီး ကူညီပေးပါဦးဆရာ။**

ကွမ်းရွက်ကို ပိုးမကျအောင် ပိုးသတ်ဆေးဖျန်းရင် သေချာရေမဆေးဘဲ မကပ်ပါနဲ့။ ကွမ်းရွက်ကို ရေသေချာ ဆေးပါ။ သို့မဟုတ် ဆားရည်ခဏစိမ်ပါ။ ပြီးမှကပ်ပါ။ ခေါင်းကိုက်ရင် ချင်းပါးပါးလှီး နားထင်နှစ်ဖက်မှာ ကပ်ပါ။ မျက်ရိုးကိုက်ရင် မျက်စိထောင့်နှစ်ဖက်မှာ ကွမ်းရွက်ကို ပြားစေ့ခန့် ဖဲ့ကပ်ပါ။ တိုင်းရင်းဆေး အမှတ်(၄၃) အကင်းဆယ်ပါး ဆေးမှုန့်ကို မီးခဲပေါ်ဖြူး အငွေ့ကို ရှူပေးရင် ခေါင်းကိုက် သက်သာစေပါတယ်။ အဖြူအကွက်တွေ ပျောက်ဖို့ ကွမ်းသီးခြမ်းသွေးလိမ်းပါ။ ကြိတ်မှန်ရွက် အရည်ဆွတ်ပေးရင်လည်း ပျောက်ပါတယ်။

**ဆရာ ကျွန်တော့သားလေး အသက်က နှစ်နှစ်နဲ့သုံးလပါ။ ပြီးခဲ့တဲ့ သုံးလလောက် ကတည်းက အောက်နှုတ်ခမ်းကိုက်တဲ့အကျင့် ဖြစ်နေပါတယ်။ နေ့ရော ညပါ ကိုက်တာပါ။ ဘာလုပ်ရမလဲ ဆရာ။**

သူငယ်နာလျှာထွက် နှုတ်ခမ်းလျက်၊ ကြက်ဟင်းမြွေသည်းခြေတဲ့။ ကလေးရဲ့ နှုတ်ခမ်းမှာ စပါးကြီးသည်းခြေ ဒါမှမဟုတ် မြွေသည်းခြေမရှိရင် ကြက်ဟင်းခါးရွက်ချေပြီး ပွတ်ပေးရမယ်လို့ ဆိုပါတယ်။ သူငယ်နာကတော့ ကြီးလာရင်လည်း အလိုအလျောက် ပျောက်သွားတတ်ပါတယ်။ သူငယ်နာအကျင့်ဟာ ခုနစ်နှစ်အရွယ်မှာကုန်ပြီး ကြီးကောင်ဝင်လာရင် ပျောက်သွားတတ်တယ်လို့ ဆိုပါတယ်။ စိတ်ပူပန်စရာ မရှိပါ။

**ဆရာခင်ဗျာ။ ကျွန်တော့ရဲ့ လက်မောင်းနဲ့ တံတောင်ဆစ်တွေမှာ အဖြူရောင်နဲ့ အနီရောင် အစက် အပြောက်လေးတွေ ပေါ်လာတတ်တယ်။ တစ်ခါတစ်ရံ အများကြီး ပေါ်လာပါတယ်။ အဲဒီလိုအချိန်ဆိုရင် လက်ကို အပေါ်ထောင်ပြီး ထားလိုက်ရင် ပျောက်သွားပါတယ်။ ဘာကြောင့်ဖြစ်မှန်း မသိပါဘူး။ အကွက်တွေ အမြဲထွက်လာမှာ စိုးရိမ်လို့ ဘယ်လိုကုသရမယ်ဆိုတာ ဆရာပြောကြားပေးပါ ခင်ဗျာ။**

လေပူရောဂါ အမျိုးမျိုးမှာ သွေးထဲမှာ လေပူရှိတဲ့ လက္ခဏာပါ။ နွေ၊ မိုး၊ ဆောင်းဥတု အကူးအပြောင်းတွေမှာလည်းဖြစ်တတ်ပါတယ်။ အဖြူရောင်အစက်ထက် အနီရောင်အစက်က ပိုဖြစ်တတ်ပါတယ်။ အရေပြားကို သွေးစီးဆင်းရင် လေပူရောက်သွားတဲ့အခါ အကွက်တွေထတတ်ပါတယ်။ ပြီးရင် ပြန်ပျောက်သွားတတ်ပါတယ်။ လေစာတွေ (ဥပမာ- ခရမ်းသီး၊ မျှစ်၊ မျှစ်ချဉ်၊ ခွေးတောက်၊ ကြောင်လျှာသီး စတာတွေ) ရှောင်စားပါ။ အစက် ဒါမှမဟုတ် အကွက်ပေါ်တဲ့အချိန် ရှားစောင်းလက်ပပ်အနှစ်နဲ့ ပွတ်လိမ်းကြည့်ပါ။ သနပ်ခါးကို သံပရာရည်နဲ့ ဆားအနည်းငယ် ရောသွေးပြီး လိမ်းရင်လည်း သက်သာနိုင်ပါတယ်။ လေပူကြွနေချိန်မှာ အကွက်ထွက်ပါတယ်။ ရှောက်ရည်နဲ့ ပျားရည်ရော စပ်သောက်ကြည့်ပါ။ နေ့စဉ်သောက်ရင် သွေးထဲမှာ လေပူရောက်တဲ့ ရောဂါသက်သာစေနိုင်ပါတယ်။

**ဆရာ သမီးအမြဲချမ်းပါတယ်။ လေနည်းနည်း အတိုက်ခံရရင် ခြေဖဝါး၊ လက်ဖဝါးတွေ ပူလာပြီး ဖျားချင်သလို ဖြစ်နေပါတယ်။ ခေါင်းလျှော်တိုင်း ခေါင်းကတအားအေးပြီး ကျဉ်သလိုတောင် ဖြစ်နေပါတယ်။ လည်ပင်း ကုပ်ဆက်နေရာက လေထိရင် ခေါင်းခဲတတ်ပါတယ်။ သမီး ဘာဆေးသောက်ရမလဲရှင့်။**

မီးယပ်ချမ်းဆိုတာ သွေးသား လစဉ်မှန်မှန်မပေါ်တဲ့ သူတွေမှာ ဖြစ်တတ်ပါတယ်။ ပိန်ပြီး အသားအရေပူ၊ မီးယပ်ငုပ်၊ အဖြူဆင်းရောဂါ နောက်ဆက်တွဲကြောင့် ဝမ်းထဲက ချမ်းတတ်ပါတယ်။ စိတ်ဂနာမငြိမ် ဖြစ်တတ်ပါတယ်။ ကွမ်းရွက် သုံးရွက်၊ ချင်းပါးပါးလှီး ငါးလွှာ၊ ထန်းလျက်ခဲခုနစ်ခဲ ရေနွေးမတ်ခွက် တစ်လုံးနဲ့ ဆူအောင် ထည့်ကျို အကြမ်းပန်းကန် တစ်လုံးစာ မနက်၊ ည သောက်ပေးပါ။ ကြိတ်မှန်ရွက် အရည်ညှစ် (သတ္တုရည်နှစ်ဇွန်းကို) ပျားရည်တစ်ဇွန်း စပ်သောက်ပါ။ ညအိပ်ခါနီး ခြေဖဝါးဆားပွတ် ဒူးအထက်ကနေအောက် ရေလောင်း ခြေဆေးအိပ်ပါ။ ခေါင်းအုံ့ရင်၊ အေးပြီးကျဉ်ရင် ချင်းပါးပါးလှီး နားထင်နှစ်ဖက်မှာ ကပ်ပါ။ အားဆေးအနေနဲ့ နွားနို့ပူပူလေး ညအိပ်ရာဝင်ချိန် သောက်ပေးပါ။ အနောက်တိုင်းဆရာဝန်များက သံဓာတ်ပါတဲ့ အားဆေးတွေ ပေးလေ့ရှိပါတယ်။ အားဆေးဖိုး မတတ်နိုင်ရင် ဟင်းနုနယ်ရွက်ကို ကြော်စားရင်လည်း သံဓာတ်အား ဖြစ်စေတယ်လို့ ဓာတ်စာဆရာဝန်များက ပြောပါတယ်။

**ဆရာ မင်္ဂလာပါ။ မျက်နှာတစ်ခြမ်း လေငန်းဖမ်းတဲ့သူကို အထောက်အကူပြု ဓာတ်စာအနေနဲ့ ဘယ်လို အစားအစာ၊ အသီးအနှံတွေ ပုံမှန်စားသုံးသင့်ပါသလဲ။ ဆောင်ရန်၊ ရှောင်ရန်တွေကို ကျေးဇူးပြုပြီး ဖြေပေးပါဦးဆရာ။**

မုန်ညင်းဆီ ငါးကျပ်သားမှာ ချင်းတက် လက်တစ်ချောင်းစာ ထုခြေထည့်၊ မီးနဲ့ ဆူအောင်ချက်ထားပါ။ အဲဒီ ဆီနွေးနွေးကို ပါးနှစ်ဖက်လုံး လိမ်းပါ။ ကွမ်းရွက်မီးကင် ပါးမှာကပ်ပေးပါ။ မိဿလင်အမှုန့်ဝယ် ကြပ်ထုပ်လုပ်ရေနွေးငွေ့ခံပြီး ပါးမှာထိုးပေးရင် အမြန်သက်သာစေပါတယ်။ ပါးရွဲ့သူ ရှောင်ရမယ့် အစာက ဝက်သား၊ အုန်းထမင်း၊ ဒံပေါက်၊ ရေခဲရေ၊ ကုလားပဲနဲ့ လုပ်တဲ့မုန့်တွေ၊ ဝမ်းတွင်းသား၊ အေးခဲထားတဲ့ အစားအစာတွေ၊ အကြောအဆစ်ရောင်စေတဲ့ နီတဲ့အသား၊ ပဲပင်ပေါက်၊ စတော်ဘယ်ရီသီး၊ ခရမ်းချဉ်သီး ပန်ထွေဖျော် စတဲ့အစာတွေ ရှောင်ပါ။ စားရမယ့် ဓာတ်စာတွေက ပဲရာဇာ (ပဲနီလေး)၊ အကြေးခွံပါတဲ့ ငါးတွေ၊ အစိမ်းရောင်ရှိတဲ့ အသီးအနှံမျိုးစုံ၊ ရှောက်သီး၊ သံပရာသီး၊ ကမ္ဘလာသီး ဖျော်ရည်တွေမှာ ပျားရည်တစ်ဇွန်း ထည့်သောက်ပါ။ ပါးရွဲ့နေတုန်း မာကျောတဲ့ အစာတွေရှောင်ပြီး အရည်သောက် များများသောက်ပါ။

**ဆရာ ခင်ဗျာ။ ကျွန်တော့အလုပ်က တစ်ရက်လုပ် တစ်ရက်နားပါ ဆရာ။ တစ်လကို ၁၅ ရက် ညမ အိပ်ရပါဘူး။ ညမအိပ်ရရင် အသည်းကို ထိခိုက်တယ် ကြားဖူးပါတယ်။ ဆေးနည်းလေး ပြောပြပေးပါ ဆရာ။**

အနောက်တိုင်း ဆေးပညာအရတော့ ညအိပ်ချိန် ၁၁ နာရီ နောက်ပိုင်းမှာ အသည်းက ခန္ဓာကိုယ်အတွက် ဘေးဖြစ်မယ့် အဆိပ်အတောက်တွေကို ဖယ်ရှားချေဖျက်ပေးတယ်လို့ ဖတ်ရဖူးပါတယ်။ အိပ်ရေးပျက်တာဟာ အသည်းရဲ့ လုပ်ငန်းကို ထိခိုက်စေနိုင်ပါတယ်။ အိပ်ရာဝင် နောက်ကျရင် အသည်း အားကောင်းမယ့် သစ်သီးဖျော်ရည် တစ်မျိုးမျိုးကို အားရှိဖို့အတွက် နို့နဲ့ရောစပ်သောက်ပြီး အိပ်သင့်ပါတယ်။ ညအိပ်ရာဝင်ခါနီး ရှောက်သီးအရည် သုံးဇွန်း၊ ပျားရည် တစ်ဇွန်းစပ်ပြီး ရေအေးနဲ့ သောက်ပါ။ အသည်းထိခိုက်တာ ကာကွယ်ပါတယ်။ မုန်လာဥနီ(ခါကျစ်ဥ) ဖျော်ရည် သောက်ပေးရင်လည်း အသည်း ကောင်းစေပါတယ်။

**ဆရာ သွားကိုက်တာ သက်သာအောင် ဘာဆေးလုပ်ရပါမလဲ ဆရာ။**

ပုဏ္ဏရိတ်ရွက် ဒါမှမဟုတ် မာလကာရွက် ဒါမှမဟုတ် သရက်ရွက် အိမ်နားမှာ ရှိတာကို ပြုတ်ပြီး ခပ်နွေးနွေး ငုံပေးပါ။ သွား အခေါင်းရှိရင် လေးညှင်းပွင့်နဲ့ ငရုတ်ကောင်းစေ့ကို ရောထောင်းပြီး နနွင်းနဲ့ ရောနယ်သိပ်ပေးပါ။

**ဆရာ ပွေးပေါက်နေတာ ဘယ်လိုလုပ်ရမလဲ။ ဆေးထိုးတော့လည်း ပျောက်ပြီး သုံးရက်လောက်ကြာ ပြန်ပြန်ပေါ်လာတယ်ဆရာ။ ဆေးနည်းလေး လမ်းညွှန်ပြပေးပါ ဆရာ။**



ပွေးကိုင်း မဲဇလီရွက်နဲ့ ပွတ်ပါ။ ပွေးကိုင်း မဲဇလီရွက်ကို အခြောက်လှန်း လက်ဖက်ခြောက်လုပ်ပြီး စွဲသောက်သူတစ်ယောက်မှာလည်း နူနာလို တစ်ကိုယ်လုံး ပေါက်တဲ့ ပွေးကြီးရောဂါ ပျောက်ကင်းသွားတာကို ကိုယ်တွေ့တွေ့ဖူးတယ်လို့ ရှေးဆရာကြီးတစ်ယောက် ရေးမှတ်ထားတာကို ဖတ်ရှုရဖူးပါတယ်။ ပွေးကိုင်း မဲဇလီရွက် မရနိုင်တဲ့သူတွေ ဩဇာရွက်ကို အသုံးပြုနိုင်ပါတယ်။

**ဆရာ သမီးမောင်လေးက တစ်ရက်ကို ဆီးအခါ ၂၀ လောက် သွားတယ်။ ဘယ်ဆေး သောက်ရမလဲ ဆရာ။**

ဆီးလွန်တာပါ။ ဖီးကြမ်းငှက်ပျောသီး မီးဖုတ်ကျွေးပါ။ မာလကာရွက်ကို ထန်းလျက်နဲ့ ကျိုပြီး မတ်ခွက်တစ်လုံးစာ နေ့စဉ်သောက်ပါ။ ထောပတ်ထမင်း ချက်ကျွေးပါ။ အုန်းသီးအဆန်နဲ့ ထန်းလျက်စားပေးပါ။ ငှက်ပျောသီး အစိမ်း၊ ငှက်ပျောအူတိုင်ကို ဟင်းချက်စားရင် ဆီးထိန်းနိုင်ပါတယ်။ ဆီးခုံမှာ မင်းကွတ်သီး သွေးပြီး လိမ်းရင် ဆီးထိန်းနိုင်ပါတယ်။


**ဆရာ ကျွန်တော့အမေက လျှာမှာရော ပါးစောင်အတွင်းမှာပါ အဖုတွေထွက်နေတာ ဆေးနည်းလေး လမ်းညွှန်ပေးပါ။**

လက်ဖက်ခြောက် အဖန်ရည်မှာ ဆားအနည်းငယ် ထည့်ငုံပေးပါ။ ထမင်းရည် ဆားခပ်သောက် ပေးပါ။ ဖီးကြမ်းငှက်ပျောသီး အခွံမှာကပ်နေတဲ့ အသားတွေကို ခြစ်ယူပြီး ပျားရည်တစ်ဇွန်းနဲ့ ရောမွှေစားပေးပါ။ အုန်းစိမ်းရည်သောက်ပါ။ ညအိပ်ရာဝင် မန်ကျည်းမှည့်ဖျော်ရည်မှာ ဆားခါးတစ်ဇွန်း ထည့်သောက် ပါ။ ထမင်းရည် ငှဲ့ချက် မနက်စောစောသောက်ပါ။

**ဆရာ မင်္ဂလာပါ။ သားက ၁၀ တန်းကျောင်းသားပါ။ ဆရာ့ဆီမှာ ဉာဏ်ကောင်းစေမယ့် ဆေးနည်း တွေရှိရင် သိချင်ပါတယ်။**

'ဉာဏ်ကောင်းဖို့အတွက် မြင်းခွာရွက်တဲ့' မြင်းခွာရွက် ဖျော်ရည်လုပ်သောက်ပါ။ ထန်းလျက်ခဲ ထမင်းစားပြီးတိုင်းစားပါ။ ထမင်းကို ရေငှဲ့ ချက်ပြီး ထမင်းရည်ပူပူထဲကို နှမ်းနက်ထောင်း အနည်းငယ် ထည့်သောက်ပါ။ စာကျက်ရင် ပက်လက်ကုလားထိုင်နဲ့ မကျက်ပါနဲ့။ ဉာဏ်ထိုင်းတတ်တယ်။ မျက်နှာသစ်၊ ခြေထောက်ဆေးပြီးမှ စာကျက်ပါ။ စာကျက်ရင်း အစားမစားပါနဲ့။ စာကိုအသံထွက်ဖတ်ပါ။ စာကိုမှတ်မိအောင် ချရေးပြီး လေ့ကျင့်ပါ။

**မင်္ဂလာပါ ဆရာ။ ကျွန်တော် တစ်နေကုန် နေပူထဲ နေပြီးမှ မိုးမိလို့လားမသိ၊ နောက်တစ်ရက်ကျ အသံလုံးဝ**



**မထွက်တော့ပါ။ အဲဒါ ဆေးနည်းလေး ပြောပြပေးပါ ဆရာ။**

ဆားကို ဒယ်အိုးနဲ့ နီအောင်လှော်ပြီး ဆားလှော် ပူပူနွေးနွေး တစ်ဇွန်းကို သံပရာသီး တစ်လုံးအရည်နဲ့ ဖျော်လျက်ပေးရင် အသံဝင်သက်သာစေပါတယ်။ ကွမ်းရွက်သုံးရွက်နဲ့ အိမ်သုံးဆား ဟင်းစားဇွန်း တစ်ဇွန်းကို ထုပ်ပါ။ သံပြားပေါ်တင်ပြီး မီးအပူပေး ပြာချပါ။ အဲဒီပြာဆားကို သံပရာရည်နဲ့ ဖျော်ပြီးလျက်ပေးပါ။ တစ်နည်း ပြည်ပန်းညိုရွက်ကို ဆားအနည်းငယ်ခတ်ပြီး ဟင်းချိုချက်သောက်ပါ။ ဒါမှမဟုတ် ငှက်ပျောပင်ရဲ့ အူတိုင်ကို ဟင်းခါးချက်သောက်ပါ။

**ဆရာ အားနည်းပြီး ခေါင်းမူးမူးနေတာ လေးလလောက်ရှိပါပြီ။ ဆေးသွင်းလည်းမထူးပါဘူး။ အဲဒါ အူမကြီးနဲ့ရော သက်ဆိုင်နေသလားလို့ သိချင်ပါတယ် ဆရာ။ တစ်ခါက ဆရာပြောလို့ နနွင်းနဲ့ နွားနို့လည်း သောက်ပါတယ် ဆရာ။ ခေါင်းမူးတာ သိပ်မသက်သာလို့ပါ ခင်ဗျာ။ ဖြေကြား ပေးပါဦးဆရာ။**

ကေရာဇ်ရွက် သုပ်စားပါ။ ရွက်နုကို ရေနွေးဖြော သုပ်စားပါ။ ကြာရှည်ခေါင်းမူးတဲ့သူတွေ ပျောက်ကင်းနိုင်တယ်လို့ ဆေးကျမ်းတွေမှာ တွေ့ရှိရတယ်။ အပွင့်ပွင့်တဲ့ ရာသီမှာ အခြောက်လှန်း သိမ်းထားပြီးစားသုံး သူတွေလည်း ရှိတယ်။

**ဆရာရှင့် သားလေးက ၁၃ ရက်သားပဲရှိပါသေးတယ်။ ချွဲထသလို၊ နှာခေါင်းပိတ်သလို တခီးခီးဖြစ်နေလို့ပါ။ ဘယ်ဆေး လူးပေးရမလဲရှင့်။**

ဆားကို ရေနွေးနဲ့ဖျော် အအေးခံပြီး တဘက်ငယ် တစ်ခုနဲ့စိမ် ကလေးခြေဖဝါးကပ်ပေးပါ။ ဆားရေဖတ်တိုက်ပေးပါ။ ကွမ်းရွက်မီးကင် မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီသုတ်ပြီး ကလေးရင်အုံမှာ ကပ်ပေးပါ။ သူငယ်နာ ခုနစ်ပါး ဆေးဝါလေး (တိုင်းရင်းဆေးခန်းတွေမှာ ရနိုင်တယ်) ဝယ်ပြီး ကလေးရင်အုံ၊ ငယ်ထိပ် တွေမှာ လိမ်းပေးပါ။ နှာစေးရင် ကွမ်းရွက်မီးကင် အရည်ညှစ် အုန်းဆီနဲ့ရောပြီး ငယ်ထိပ်မှာ လိမ်းပေးပါ။

**ဆရာကြီးရှင့် ခြေခေါက်လဲပြီး ခြေခုံရောင်နေပါတယ်။ ဘာဆေး လိမ်းရမလဲရှင့်။**

မုန်ညင်းဆီ၊ ပရုပ်ဆီ လိမ်းနိုင်ပါတယ်။ ရဲယိုရွက်ကို မီးကင် နှမ်းဆီသုပ်ပြီး ခြေခုံမှာကပ် ပတ်တီး စည်းထားရင်လည်း အရောင်ကျစေနိုင်ပါတယ်။

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၀) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီ လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

တ - ၈၆၀၄၁၁

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀၀)ဆုများ

| | | | |
|---|---|---|---|
| ဓ | ၄၂၈၅၀၈ | ဆ | ၆၂၄၅၇၂ |

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀၀)ဆုများ

| | | | |
|---|---|---|---|
| ကဌ | ၁၅၃၀၂၃ | ပ | ၃၀၂၃၇၂ |
| ပ | ၉၅၈၅၆၂ | | |

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဖ | ၂၈၂၃၉၉ | ဏ | ၅၅၅၃၅၆ | က | ၉၁၁၃၆၆ |
| ဍ | ၄၈၀၈၉၀ | ကင | ၇၇၀၄၂၉ | ဖ | ၉၄၆၁၆၃ |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ဇ | ၁၇၉၇၃၁ |
| ဆ | ၄၅၂၈၉၇ |
| အ | ၄၈၃၇၄၇ |
| ကည | ၅၄၈၂၈၃ |
| အ | ၆၃၅၁၀၀ |
| က | ၆၅၈၃၃၀ |
| သ | ၈၃၉၂၉၁ |
| ဓ | ၈၄၃၂၈၆ |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

| | |
|---|---|
| ယ | ၁၁၉၀၄၂ |
| ကဌ | ၁၄၉၉၂၉ |
| ကဂ | ၁၈၅၈၀၄ |
| ကဓ | ၂၆၃၁၅၀ |
| ဗ | ၃၅၅၉၇၆ |
| ပ | ၄၄၉၆၉၃ |
| ကဓ | ၄၆၅၄၅၉ |
| ဝ | ၅၆၅၀၁၀ |
| ကင | ၆၅၆၇၉၄ |
| ကဈ | ၆၈၆၃၈၁ |
| ဘ | ၉၉၅၃၁၅ |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

| | |
|---|---|
| ဗ | ၁၈၇၁၁၉ |
| ခ | ၂၈၂၁၇၈ |
| စ | ၄၂၃၇၅၉ |
| ဂ | ၅၉၈၉၇၈ |
| အ | ၆၀၅၁၉၃ |
| စ | ၆၆၇၀၁၇ |
| ကဌ | ၇၂၂၃၀၀ |
| ဈ | ၈၁၁၀၉၄ |
| ဆ | ၈၇၀၂၁၆ |
| င | ၈၉၃၉၃၅ |
| ဖ | ၉၈၁၃၈၇ |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| လ | ၁၅၂၄၁၆ | ခ | ၄၄၈၀၂၈ |
| ကပ | ၁၅၈၂၇၁ | ယ | ၆၇၉၃၄၄ |
| က | ၁၈၁၇၂၁ | ထ | ၇၂၂၅၅၁ |
| ဃ | ၁၉၈၉၂၆ | ဏ | ၇၄၈၄၉၇ |
| ခ | ၂၂၀၂၅၁ | ဆ | ၉၀၂၈၁၇ |
| ကခ | ၃၆၄၇၃၄ | ဖ | ၉၅၁၇၅၇ |
| ဂ | ၄၃၃၁၁၁ | မ | ၉၆၄၉၇၇ |
| ဇ | ၄၃၅၁၂၀ | | |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | | |
|---|---|---|---|
| ကခ | ၁၁၉၄၂၃ | ဌ | ၅၈၄၅၉၉ |
| ကက | ၁၅၈၇၉၇ | ဏ | ၆၆၇၈၄၃ |
| ထ | ၂၄၉၃၀၉ | သ | ၆၇၄၂၃၉ |
| ည | ၂၈၆၃၉၄ | ကဃ | ၇၃၀၅၃၇ |
| ဏ | ၃၅၁၀၇၆ | တ | ၇၄၁၈၄၆ |
| က | ၃၉၀၁၁၆ | က | ၇၄၉၈၄၉ |
| ကဓ | ၄၂၈၇၁၂ | င | ၇၉၈၈၈၅ |
| ည | ၄၆၈၈၃၈ | ကင | ၉၁၄၂၇၅ |
| ဈ | ၄၇၇၃၄၈ | ဆ | ၉၂၅၈၄၃ |
| ဌ | ၅၀၈၇၈၃ | ရ | ၉၇၆၂၀၁ |
| ကခ | ၅၇၉၀၅၇ | ကက | ၉၈၁၁၇၁ |

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | | |
|---|---|---|---|---|
| ဍ - ၁၅၆၅၉၁ | ဋ - ၄၁၉၅၁၉ | လ - ၅၃၃၇၆၉ | မ - ၆၅၁၆၁၇ | ဂ - ၈၂၄၂၀၈ |
| သ - ၂၄၇၂၂၅ | ဗ - ၄၂၂၇၃၈ | ဈ - ၅၃၇၆၀၇ | ဃ - ၆၅၁၉၈၆ | ကစ - ၈၅၀၃၃၁ |
| သ - ၂၆၀၈၀၁ | ကဂ - ၄၆၁၇၇၀ | ကည - ၅၅၉၀၈၉ | ကဃ - ၆၆၇၉၂၃ | ဝ - ၈၅၀၈၈၂ |
| ကဍ - ၃၃၇၇၀၉ | ကဈ - ၄၆၄၆၃၆ | ခ - ၅၆၀၆၁၀ | ဋ - ၇၈၀၇၉၉ | ဝ - ၈၉၂၀၅၀ |
| ပ - ၃၈၁၅၄၃ | ကစ - ၅၁၉၁၀၈ | ကင - ၆၀၅၁၂၈ | ကယ - ၈၀၂၄၂၅ | ဏ - ၉၈၆၀၉၂ |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| ကယ - ၁၃၄၈၆ | ကခ - ၇၄၀၇၈ |
| ဆ - ၂၆၉၂၄ | ဏ - ၈၇၈၉၄ |
| ထ - ၃၄၅၉၅ | ရ - ၉၀၇၄၁ |
| ကခ - ၄၃၃၄၂ | ဝ - ၉၃၄၂၆ |
| က - ၅၁၂၄၆ | ကစ - ၉၆၄၈၆ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | |
|---|---|
| ကဈ - ၁၃၉၉ | ဍ - ၆၇၃၃ |
| ထ - ၁၄၃၀ | ဗ - ၇၅၅၇ |
| ဖ - ၁၆၂၀ | ကဍ - ၈၄၈၈ |
| ဗ - ၂၇၇၂ | ဂ - ၈၈၁၂ |
| ဇ - ၃၂၃၂ | ကဍ - ၉၅၂၆ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | |
|---|---|
| ကစ - ၁၂၃ | ကင - ၅၆၅ |
| ယ - ၁၃၄ | က - ၆၇၀ |
| စ - ၁၅၁ | ကည - ၇၁၂ |
| ကည - ၁၈၀ | ကစ - ၇၇၂ |
| စ - ၂၂၈ | ကဆ - ၉၃၁ |
| ည - ၃၆၅ | က - ၉၇၅ |
| ဂ - ၄၅၀ | |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | |
|---|---|
| သ - ၃၁ | ဂ - ၇၅ |
| ကဋ - ၃၉ | ဒ - ၇၆ |
| ကဆ - ၄၀ | ဈ - ၇၆ |
| သ - ၅၂ | ကဃ - ၉၄ |
| ခ - ၆၁ | ဠ - ၉၉ |
| ခ - ၆၃ | |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင်ကျင်းပသည့် (၁၀) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၂၄၂၀၄)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၁၁) ကြိမ်မြောက် ကျပ်(၅၀၀)တန်ထီ အောင်ဘာလေထီလက်မှတ်များကို (က) အက္ခရာမှ (ကဃ) အက္ခရာထိ အက္ခရာအလုံး (၄၇)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ်များကို အနည်းဆုံးအုပ်ရေ (၁၀၀) နှင့်အထက်ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် **(TF-1)**ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်း ထောင့်၊ ကျောက်တံတားမြို့နယ်တွင် ( ၂ . ၁ . ၂၀၁၈) ရက်နေ့မှ ( ၂၄ . ၁ . ၂၀၁၈) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၁၁ . ၁ . ၂၀၁၈)

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# ကြော်ငြာ


**စည်းစိမ်မင်း** 09-444450446, 09-444450558, 09-250144709 (အိမ်အရောက်လက်မှတ်ပို့)

- မန်းရွှေစက်တော်ပွင့်ပွဲ (၂)ညအိပ်၊ မကွေး၊ မင်းဘူး၊ ပြည်ဘုရားစုံ (၃)ရက်။ Jan19 45000
- အလောင်းတော်ကဿပ(သီးသန့်)၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ (၃)ရက်။ 45000 60000 70000 85000
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (၅)ရက်။ 60000 85000 100000 150000
- ပုဂံ၊ စွယ်တော်လေးဆူ၊ ပြည်ငါးပြည်၊ ပုပ္ပါး၊ ပခုက္ကူ–သီဟိုဠ်ရှင် (၃)ရက်။ 45000 65000 75000
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်း၊ ကက္ကူ (၄)ရက်။ 55000 75000 95000 140000
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ လွိုင်ကော်၊ ဒီမောဆိုး (၅)ရက်။ 75000 95000 120000 170000
- မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ ဇလုံတောင်၊ အင်းတော်ကြီး၊ မြစ်ကြီးနား(၆)ရက်။ မိုးကုတ်၊ ပြင်ဦးလွင်ပါ(၈)ရက်။ 120000
- မူဆယ်၊ ရွှေလီ၊ ရင်ကျန်းမှန်တံတား၊ သိပေါ–ဘော်ကြို၊ ဂုတ်ထိပ် (၄)ရက်။ (ဟိုတယ်တည်း–စရိတ်ငြိမ်း) 200000
- ထားဝယ်ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ(၅)ရက်။ မြိတ်ပါ(၆)ရက်။ 70000 100000 150000
- မြဝတီ၊ မဲဆောက်၊ ဝဝေါ၊ ဘားအံ၊ ဂူ(၅)ဂူ ဘုရားစုံ (၃)ရက်။ (အဆင့်မြင့် ဟိုတယ်တည်း–စရိတ်ငြိမ်း) 100000
- ငပလီကမ်းခြေ(၂)ညအိပ်၊ ပုလဲကျွန်း၊ ဆံတော်၊ အံတော်၊ နံတော်၊ သံတွဲဈေး၊ ကမ်းသာယာကမ်းခြေ။ 130000 200000
- တောင်ငူ၊ သံတောင်ကြီး၊ နော်ဘူဘောတောင် (နေ့ချင်းပြန်) 35000 ✤ ဘားအံဂူ(၅)ဂူဘုရားစုံ (နေ့ချင်းပြန်) 35000
- ဖော်လမြိုင်ဘုရားစုံ၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ (နေ့ချင်းပြန်) 35000 ✤ ဇလွန်ပြည်တော်ပြန် (နေ့ချင်းပြန်) 18000

အထက်စဉ်–သောကြာနေ့တိုင်းထွက်သည်။ ✤ Jan 5,6,7,12,13,14,19,20,21,26,27,28



**ရွှေစံဒို** ခရီးသွားလုပ်ငန်း • ကျိုက်ထီးရိုး (နေ့စဉ်) Jan 3, 5, 12

| | |
|---|---|
| အလောင်းတော်ကဿပ(သီးသန့်)၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် | 40000 |
| တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲ၊ လွိုင်ကော် | 65000 |
| ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရစ်၊ မောင်းမကန်၊ မြိတ် | 90000 |
| မြစ်ကြီးနား၊ အင်းတော်ကြီး၊ ဇလုံတောင်၊ မိုးကုတ်၊ ရွှေဘို | 120000 |

09-420420761, 09-420420762, 09-420420763 ကားမျိုးစုံစီးလုံးငှား



**ရွှေခင်းသာ** FULLY AIR-CON EXPRESS Jan 3,5,19

- အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းစေတီ (၄)ရက် (ထမင်းကျွေး) 45000
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲသခင်မတောင်၊ လွိုင်ကော် (၄)ရက် (ထမင်းကျွေး) 65000
- ပုဂံ(စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ–သီဟိုဠ်ရှင် (၄)ရက် (ထမင်းကျွေး) 45000
- ထားဝယ်ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်၊ မြိတ်၊ ကျိုက္ကမီ၊ စက်စဲ(၆)ရက် (ထမင်းကျွေး) 80000

ရွှေစက်တော်ပွင့်ပွဲနှင့်အထက်မြန်မာပြည်ဘုရားစုံခရီးစဉ်များ ကြိုတင်လက်မှတ်ရောင်းပြီ

Ph: 09-420046635, 09-772845260, 09-260402963



**ခေတ်သစ်မြန်မာ** 09-30227373, 09-5029456, 09-785557722

| | |
|---|---|
| အလောင်းတော်ကဿပ(ပွင့်ပွဲ)၊ စစ်ကိုင်း၊ မုံရွာ | 55000 |
| အင်းတော်ကြီး၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ ပန်းမောက် ဇလုံတောင် | 80000 |
| ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရစ်၊ မောင်းမကန်ကမ်းခြေ | 85000 |
| ပုဂံ(စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး (Motel တည်း) | 75000 |
| တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထမ့်စမ်း၊ မိန်းမရဲ | 75000 |
| တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ မိန်းမရဲ၊ လွိုင်ကော် | 90000 |
| ပြင်ဦးလွင်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းစေတီ | 75000 |

Jan 5,12, 19,26 အပတ်စဉ်-သောကြာ

ထမင်းကျွေး၊ ကား၊ တစ်ဆင့်သွားကား၊ စက်လှေ၊ တည်းခိုခန်းတည်း၊ စရိတ်ငြိမ်း ✤ ကားမျိုးစုံစီးလုံးငှားပေးသည်



**SN TRAVELS & TOURS** 2018 နှစ်သစ်ကူးအထူးအစီအစဉ် fb/sntravelmyanmar 01-387 304, 09-51 77940, 09-43113618

- ဟိုချီမင်း–မိုးနဲ–ဒါလတ် (4Days)(375$)(Jan 26)
- ဟန္နိုင်း–ဟာလောင်ဘေး (4Days)(465$)
- ကမ္ဘောဒီးယားသီးသန့် (4Days)(475$)
- ဗီယက်နမ်–ကမ္ဘောဒီးယား (6Days)(635$)(Jan 26)
- ဘန်ကောက်–ပတ္တယား (4Days)(430$)(Jan 27)

အမှတ်(၄၄၄)၊ အခန်း(၁၆)၊ ရွှေတံ့သာလမ်း(အထက်)၊ အမေရိကန်စိန်ရှင်းရှေ့၊ ပန်းဘဲတန်း



**မွေးနေ့ဆုမွန်လွှာ**



သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သော

**ဒေါက်တာတင်ထွန်းဦး**

ဥက္ကဋ္ဌ-စွယ်စုံမီဒီယာဂရု(ပ်) ၏

၂-၁-၂၀၁၈ ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မင်္ဂလာမှသည် မိသားစုများ၊ တပည့်ဝန်ထမ်းများနှင့်အတူ ချမ်းမြေ့ရွှင်လန်း စာပေလမ်းမှာ ကမ်းလက်ကုဋေကုဋာဖြင့် ပျော်ရွှင်ငြိမ်းချမ်းစွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စွယ်စုံမီဒီယာဂရု(ပ်)



**HITACHI** Inspire the Next




Auto Door

Touch open / Slide open

UPGRADE FOR LIFE



HITACHI HOME ELECTRONICS MYANMAR CO., LTD. www.hitachiconsumer.com/home/mm-mm

FOR ENQUIRY: SHWE BAGYI CO., LTD. (AUTHORIZED DISTRIBUTOR), TEL 01-2316568



**2018 HAPPY NEW YEAR**

မင်္ဂလာနှစ်သစ်မှာ အားလုံးပျော်ရွှင်ချမ်းမြေ့ကြပါစေ

MCC Institute တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော အောက်ပါသင်တန်းများကို တက်ရောက်နိုင်ပါပြီ

B.Sc (Hons) Business IT (ကွန်ပျူတာသိပ္ပံဘွဲ့)
University of Greenwich, UK

BBA (Bachelor of Business Administration)
(စီးပွားရေးစီမံခန့်ခွဲမှုပညာဘွဲ့), SIAM University, Thailand

Yangon Campus : 01-395 512 , 01-245 762
Mandalay Campus : 09-402671562, 09-441034062
Naypyitaw Campus : 09-31354842, 09-254148940



PUN HLAING + SILOAM HOSPITALS

**One Stop Medical Check Up Centre**

- Basic Standard Package
- Executive Package
- Pre Marital
- Deluxe Package (Male)
- Deluxe Package (Female)
- Healthy Man
- Well Woman
- Heart Screening Package
- Master Whole Body Check Up

အောင်မြင်ပျော်ရွှင်တဲ့ မိသားစုဘဝကို ပိုင်ဆိုင်ဖို့ ပုံမှန်ကျန်းမာရေး စစ်ကြပါစို့

International Patient Assistance Centre
24/7 Hotline: 09 778 787 852
(Cashless Insurance Payment Available)

For Corporate Enquiries
khinhninppp@phsh.com.mm



| Pun Hlaing Siloam Hospital (Yangon) | Pun Hlaing Siloam Hospital (Downtown Yangon) | Pun Hlaing Siloam Hospital (Mandalay) |
|---|---|---|
| 01 368 44 33 | 09 513 7812 | 02 406 9203 (4 5 6) |

GUSTO COLLEGE
UNIVERSITY OF GLOUCESTERSHIRE

"UK ထိပ်တန်းတက္ကသိုလ်ကြီးဖြစ်သော University of Gloucestershire မှ ချီးမြှင့်မည့် ဘွဲ့၊ ဒီဂရီများ"

- BSc (Hons) Computing
- BA (Hons) International Business Studies

ပညာရေးဆွေးနွေးပွဲ

ဟောပြောမည့်သူ - U Win Htein Win (Principal, GUSTO College)
နေ့ရက် - 7- Jan - 2018 (Sunday)
အချိန် - 1pm ~ 3pm
နေရာ - GUSTO Pyay Campus
No. 289 (A), Pyay Road, Sanchaung Tsp., Yangon.

စာရင်းပေးသွင်းရန် - (09) 42 999 1009, (09) 789 888 222



ဖဖ နေ့ချင်းပြန် ဘုရားဖူးခရီးစဉ်
ကျိုက်ထီးရိုး
ကျောက်ပိရပ္ပာန္တာ
ကျောက်စိမ်းဘုရား
အမှတ် (၁၁၉)၊ ၁၉လမ်းအပေါ်၊ လသာမြို့နယ်
09442140334,09784217677

SPS Travel
AirCom: Express
09 261222294, 09 401883810

မြင့်မိုရ် CAR RENTAL
မြို့တွင်းမြို့ပြင်နယ်ခရီးစဉ်များအတွက်
ALPHARD,HIACE (အဲဗားတုံး)
ကားအမျိုးမျိုးငှားရမ်းနိုင်ပါသည်။
09-5191361,09-765191361

BIO U THAN LINN
BIOLOGY
Grade - 10
Chapter - 6,7,10,12
Summer Class
Ph : 09 73005991
09 443005991
09 773005991

အင်္ဂလိပ်စာဘာသာရပ်မှာ ..... အမှတ်များလိုသူများအတွက်
ဂုဏ်ထူးဦးအောင်ခိုင်
2018 English Question 5 Sets
၂၀၁၈ တက္ကသိုလ်ဝင် အင်္ဂလိပ်စာ မေးခွန်း ၅ စုံ
၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

FORWARD English Language Centre
☎ 01-227082
ဒေါ်ညွန့်ညွန့်ဝင်း (Ex-Assistant Letcturer) 09-795410382
B.A(English), M. Phil, M.A, Dip(Canada), CELTA(Cambridge)

| Courses | Time | Day | Starting Date |
|---|---|---|---|
| Intermediate | 7:30-9:00<br>10:00-11:30<br>12:00-2:00 | Mon,Tue,Wed<br>Mon,Tue,Wed<br>Sat, Sun | 8.1.2018<br>8.1.2018<br>6.1.2018 |
| Upper Intermediate | 9:00-11:00 | Sat, Sun | 6.1.2018 |
| IELTS | 2:30-5:00 | Sat, Sun | 6.1.2018 |

Speaking, Listening, Reading, Writing & Grammar

S9 SUPER NINE
ဆိုဖာ၊ ဆက်တီအဟောင်းများကို
ဈေးနှုန်းချိုသာစွာဖြင့်
ပြန်လည်ပြုပြင်ပေးနေပြီဖြစ်ကြောင်း
သတင်းကောင်းပါးလိုက်ပါသည်။
၀၁-၂၉၀၃၉၉၊ ၀၉-၄၂၂၂၀၅၉၀၄




Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon - No. 96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay - No. 10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline : 09 456 1111 04, 09 456 1111 05
Made In JAPAN
3 YEARS MAZDA WARRANTY


ဦးအောင်အောင်
B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc
LCCI International Qualifications
Approved Centre
Level - I + II, III
Sunday Only Class
ဇန်နဝါရီတန်းခွဲသစ်များ
Level - I+II
ဂိုင်း (A) SUN 09:00 - 12:00 am 14.1.2018 Start
ဂိုင်း (B) THU FRI 09:30 - 11:30 am 25.1.2018 Start
ဂိုင်း (C) SUN 01:00 - 04:00 pm 4.2.2018 Start
ဂိုင်း (D) SUN 09:00 - 12:00 am 18.2.2018 Start
ဂိုင်း (E) MON TUE,WED 06:00 - 08:00 am 19.2.2018 Start
ဂိုင်း (F) WED THU, FRI 07:00 - 08:30 am 28.2.2018 Start
ဂိုင်း (G) SUN 12:30 - 04:00 pm 3.3.2018 Start
Level- III (A)(21.1. 2018)
A/C IAS (SUN 9:00 - 12:00)
CMA (SUN 12:30 - 3:30)
ABC (SUN 3:45 - 5:15)
Level- III (B) (23.1. 2018)
A/C IAS (TUE, WED 9:30-11:30)
CMA (MON,TUE,WED 12 - 2:00)
ABC (MON 9:30 -11:30)
Level- III (C) (23.1. 2018)
A/C IAS (TUE, WED 6:00-8:00 pm)
CMA (THU, FRI, SAT 6:00-8:00pm)
ABC (MON 6:00 -8:00 pm)
၂၃၉၊ (တ)ထပ်၊ဘားလမ်း
ကျောက်တံတားရန်ကုန်။
095103002, 0978 5103002

လမင်းစန္ဒာ
LAMIN SANDAR ELECTRONICS
HITACHI
SHOWROOM GRAND OPENING PROMOTION
2 ~ 31 January 2018



အထူးလျှော့ဈေးအပြင် အံ့ဖွယ်ကံစမ်းမဲများ နှင့် လက်ဆောင်များ ရယူလိုက်ပါ။
SHOWROOM ADDRESS : အမှတ် ၃၃၂ ၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်းအပေါ်) ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၂၅၃၉၈၃၃၈၈၊ ၀၉-၇၈၅၇၅၇၃၃၉

sm³ DIR
sm³ မိုဘိုင်းဖုန်းသုံးလမ်းညွှန်
sm³ Mobile Directory
2018 တာရှင်းအသစ်
GET IT! FREE အခမဲ့ရယူပါ
စမတ်ဖုန်းတိုင်းအတွက် အသုံးတည့်မယ့် စီးပွားရေးလမ်းညွှန်ဆော့ဖ်ဝဲလ်



ANDROID APP ON Google play
Download: goo.gl/hjjV7w
Available on the App Store
Download: goo.gl/5dR29f
iTune Store, Google Play Store တို့မှ အခမဲ့ Download ရယူ ထည့်သွင်းအသုံးပြုနိုင်ပါပြီ။
မြန်မာ – အင်္ဂလိပ် (၂) ဘာသာဖြင့် ရှာဖွေအသုံးပြုနိုင်ပါပြီ။
- ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ မော်လမြိုင်နှင့် မြို့ပေါင်း ၂၀ကျော်အတွက် စီးပွားရေးလုပ်ငန်းလမ်းညွှန်
- ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ ဟိုတယ်၊ ဆေးရုံ၊ စားသောက်ဆိုင် မြေပုံအညွှန်း *
- နေ့စဉ် ပြည်တွင်း/ပြည်ပ ငွေလဲနှုန်း (အခမဲ့)
- နေ့စဉ် ပြည်တွင်း/ပြည်ပ ရွှေဈေးနှုန်း (အခမဲ့)
- အပတ်စဉ်ရုံတင်မည့် ရုပ်ရှင်အစီအစဉ်များ
- အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ

*Some features may vary depend on OS & versions

ကြော်ငြာထည့်သွင်းလိုပါက
Universal Technology Co., Ltd.
ရန်ကုန် ၀၁– ၂၄၆၃၉၃၊ ၀၉–၇၃၀၄ ၆၃၉၃
မန္တလေး ၀၂– ၂၈၄၄၆ ၂၇၊ ၀၉–၉၁၀၅ ၁၁၉၃

We must work together! We must build our Nation!
သင်..အသက်ငယ်ငယ်နဲ့ အောင်မြင်ချင်ပါသလား ➡ လူငယ်မန်နေဂျာသင်တန်း
MYANMAR'S LAND
SUCCESS, MOTIVATION AND MANAGEMENT INSTITUTE
www.facebook.com/mlinstitute
YOUNG MANAGER TRAINING
သင်တန်းများအားလုံးကို ABE (UK) ၏ ကမ္ဘာ့အမှတ်အများဆုံးဆု (WORLD FIRST) ရရှိထားသော ဆရာ လင်းသိုက်ညွန့် (မြန်မာ့ငြေ) ကိုယ်တိုင် သင်ကြားပေးပါမည်။



စီးပွားရေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူ လူငယ်တိုင်းအတွက် . . .
- အခြေခံစီးပွားရေးစီမံခန့်ခွဲမှုပညာ (Basic Business Management)
- Marketing, HR, Operation အခြေခံ အသိသုတများ
- Business Plan, Business Model ရေးဆွဲနည်း
- ခေါင်းဆောင်မှုပညာ (Leadership Skill)
- အပြုသဘောရှုမြင်မှု၊ စကားပြောဆိုမှုပညာ
- Problem Solving Skill, How to get idea ?

တော်ဝင်စင်တာ New Campus တွင် သင်ကြားပါမည်
၁၃-၁-၂၀၁၈ ဖွင့်မည်။သင်တန်းကာလ (၂-လ)၊ Sat-Sun 5:30 pm to 7:30 pm
သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များမှလည်း Guest Speaker များအဖြစ် ပါဝင်ဆွေးနွေးပေးပါမည်။
Campus - Taw Win Centre (3rd Floor) website : www.lynnthaiknyunt.com
Contact: 01503172, 09259290274, 0925663336, 0943121060, 0925664446, 095010014

ဟိန်း
01.2330054
095160048
09-782470755
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

D FASHION
Professional fashion Designer, Pattern Cutter, Dress Maker ဖြစ်ချင်သူများအတွက်
ဖက်ရှင်ဒီဇိုင်းသင်တန်း
Course (I)
* အမျိုးသမီးစကတ်အမျိုးမျိုး
* Blouses,Shirt အမျိုးမျိုး
* ဂါဝန်အမျိုးမျိုး
Course (II)
* ဘောင်းဘီအမျိုးမျိုး
* ဂျက်ကက်
* ကုတ်အမျိုးမျိုး
Course (III)
* ဖဏပွဲတက်ဝတ်စုံအမျိုးမျိုး
* သတို့သမီးထိုင်မသိမ်းဝတ်စုံ
* သတို့သမီးဂါဝန်ကြီးများ
Course (IV)
* အမျိုးသား Vest,T-Shirt, Shirt,Jacket,Coat,Trouser
* ပွဲတက်သတို့သားဝတ်စုံအမျိုးမျိုး
* ကလေးဝတ်စုံ (အခမဲ့)
ဒီဇိုင်းများတီထွင်စဉ်းစားခြင်း
➔ Illustration ➔ Principal of Design
➔ Designer's Tool ➔ Present/Past/Future Silhouette
Pattern များရေးဆွဲလေ့ကျင့်ခြင်း (Pattern Drafting)
ပိတ်သားဖြင့်လက်တွေ့ချုပ်လုပ်ခြင်း (Cutting & Making)
အသေးစိတ်အလှဆင်ခြင်းအမျိုးမျိုး (Detail by Triming)
LEVELတိုင်းအတွက်
Figure အမျိုးမျိုး
သင်တန်းသား စတင်လက်ခံပြီ
U₂ အုန်းမြင့်(B.Sc-Zoology)(Dip in Pattern Cutting & Design Singapore)နှင့် ဒေါ်ရီရီနိုင်
တို့မှစနစ်အကျဆုံး စင်တီမီတာတိုင်းတာနည်းဖြင့် စာတွေ့လက်တွေ့သင်ကြားသည်။
☎: 09-503 4163

# HAPPY NEW YEAR 2018

## Edunburgh Elevator GmbH (Myanmar)

Vertrieb und Entwicklung von Aufzugen und Steuerelementen

- လူကြီးမင်းတို့၏ Site များအရောက်သယ်ယူပို့ဆောင်စရိတ်နှင့် Labour စရိတ်များကို Edunburgh Elevator ဘက်မှအပြီးအစီး တာဝန်ယူပေးခြင်း၊
- Elevator နှင့် Escalator များတပ်ဆင်သည့်ကာလမှစကာ El Liscene ကျသည်အထိ တာဝန်ယူ ဆောင်ရွက်ပေးခြင်း
- စက်များစတင်လည်ပတ်သည့်နေ့မှစပြီး (၃)နှစ်အတွင်း Main Part များအားပျက်စီးပါက အသစ်လဲလှယ်ပေးခြင်းနှင့် After Sale Service အား(၁)နှစ် အခမဲ့ စစ်ဆေးပေးခြင်း၊
- အရေးပေါ်အကြောင်းကိစ္စများပေါ်ပေါက်လာပါက (၂၄)နာရီ အချိန်မရွေး ဖုန်းဆက်ရုံဖြင့် လာရောက်ဖြေရှင်းပေးခြင်း၊ လစဉ်လတိုင်း စက်ပစ္စည်းများအား ပုံမှန် ထိန်းသိမ်း စစ်ဆေး စောင့်ရှောက်ပေးခြင်း။




Elevator Escalator Car Lift Observation Lift
Machanized Parking Equipment Moving Walk

**Yangon Head Office**
No.90 | Upper Pansodan Rd | Mingalar Taung Nyunt Tsp | Yangon.
**Mandalay Office**
No.70 | 78th St | Between 34×35 St | Chan Mya Thar Si Tsp | Mandalay.

**Contact us :** nkedunburghelevator@gmail.com
09 977122146, 09 970673754, 09 775555160, 09 776102980, 09 969906810



- Balustrade
- Sliding Window
- Curtain Wall
- Casement Window

## NH-Champion Facade Engineering Co.,Ltd.

*Your Preference Aluminium*


15 နှစ်ထိ အရောင် လွင့်ပြယ်ခြင်း မရှိသည့် Powder Coated

*Curtain Wall | Sliding Window | Casement Window | Aluminium Composite | Aluminium Cladding | Glass Canopy | Verandah | KT Swing Door*

Hotline : 09 969905803 | 09 977853483 | 09 977853482   email : aluminiumbrandmarketing@gmail.com

## Naing-Hongke Facade Engineering Co.,Ltd

*Joint Venture*




လူကြီးမင်းတို့၏ အဆင့်မြင့် အဆောက်အဦးများ အတွက် ရာသီဥတု အပြောင်းအလဲ အပူ အအေးဒဏ်၊ နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်၊ မြေငလျင်နှင့် တုန်ခါမှုဒဏ်တို့ကို ခံနိုင်ရည်ရှိစေရန်နှင့် အသံလုံခြုံမှုရှိစေရန်
**Tinted Float Glass**
**Tempered Glass**
**Low E Glass (Double Wall Glass)**
**Laminated Glass** အစရှိသော Glass အမျိုးအစားများ အစုံအလင်၊ **Quality** မြင့် **Aluminium Cladding Sheet** အရောင်အသွေး အစုံအလင်တို့ကို

နိုင်ငံတကာအတွေ့အကြုံရှိသော နိုင်ငံခြားသားကျွမ်းကျင် နည်းပညာရှင်များမှ ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်တပ်ဆင်ပေးသော ခိုင်ခံ့သပ်ရပ်သည့် အဆောက်အဦး မျက်နှာစာ Aluminium Facade အလှဆင်ခြင်းလုပ်ငန်းများကို လူကြီးမင်းတို့စိတ်တိုင်းကျ ဆွေးနွေးညှိနှိုင်း၊ အကြံပေးဆောင်ရွက်ပေးလျက်ရှိပါသည်။

*email : myanmarfacadepro@gmail.com*   *Hotline : 09 977853482 | 09 969905803*

## Double - A

Engineering & Construction Co., Ltd.



**We can Support**
More Beautiful & Standard
**LIFE STYLE**



- Space Planning
- Interior Design & Decoration
- Architectural Design
- Landscape Design
- Renovation
- လုံးချင်းတိုက်များ ဆောက်လုပ်ခြင်း
- အဆောက်အဦးများကို အခန်းပေး အခန်းယူ စနစ်ဖြင့် ဆောက်လုပ်ပေးခြင်း

စသည့် လုပ်ငန်းများကို လူကြီးမင်းတို့ စိတ်တိုင်းကျ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

No.90 | Upper Pansodan Rd | Mingalar Taung Nyunt Tsp | Yangon.
**Office Ph : +95 1 389469**
Ph : +95 9 977891119 | +95 9 977891113 | +95 9 977122169

# ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာ နန်းတော်ဦးဘိုးဘွားရိပ်သာ၌ တည်ထားကိုးကွယ်သည့် နန်းတော်ဦး စေတီတော်မြတ်ကြီးအား ရွှေထီးတော်၊ စိန်ဖူးတော်အထွတ် တင်လှူပူဇော်ပွဲ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာ နန်းတော်ဦး ဘိုးဘွားရိပ်သာ၌ တည်ထားကိုးကွယ်သည့် နန်းတော်ဦး စေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် အထွတ် တင်လှူပူဇော်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါစေတီတော် ပရိဝုဏ်အတွင်း၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်ပူဇော်သည်။ **(ယာပုံ)**

အဆိုပါပူဇော်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် သာသနာရေး ဝန်ကြီး ဦးကျော်မြင့်၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ နှင့် ဒေသခံပြည်သူများ တက်ရောက် ကြသည်။

ရှေးဦးစွာ တက်ရောက်လာသူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍

စာမျက်နှာ ၉ ကော်လံ ၄ သို့ ◯

ကျွန်တော်တို့မြန်မာက အဆင့် ၆၊ အာရှတိုက် တစ်တိုက်လုံးမှာ အဆင့် ၁ နေရာက နေတယ်

စာမျက်နှာ - ၄

မန္တလေးတိုင်းဒေသကြီး အတွင်း နွေစပါး စိုက်ပျိုးရေ ပေးဝေမည့် အစီအစဉ် အသိပေး

စာမျက်နှာ - ၉

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး ကျင်းပသော နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင် စည်ကား သိုက်မြိုက်စွာ ကျင်းပ

စာမျက်နှာ - ၁၀

# တောင်နဝင်းဆည်ရေဖြင့် နွေစပါး အချိန်မီ စိုက်ပျိုးနိုင်တော့မည်

**ပြည် ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်း တောင်နဝင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏ တရားဝင်ဖွံ့ဖြိုးမှု ချေးငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင် ဆောင်ရွက်ခဲ့သည်။

စီမံကိန်းစတင်ချိန်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြီးဆုံးချိန်အထိ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ၏ ၇၃ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးမည်ဖြစ်ရာ တောင်နဝင်း တူးမြောင်းမကြီး ပြုပြင်ခြင်း ၃၂ မိုင်နှင့် လက်တံတူးမြောင်း ၃၅ ခုရှိသည့်အနက် ၂၆ ခုကို အပြီးသတ် ပြုပြင်ဆောင်ရွက် ပြီးစီးမည်ဖြစ်သည်။

လက်ရှိပြုပြင်ပြီးစီးသော တောင်နဝင်းဆည်ရေသောက်စနစ်မှ ဇန်နဝါရီ ၁၅ ရက်တွင် နွေစပါး ၈၅၃၅ ဧကကို စိုက်ပျိုးရေ စတင်ပေးဝေတော့မည်ဖြစ်ရာ တောင်သူများ လုံလောက်သောစိုက်ပျိုးရေရရှိမည် ဖြစ်သည်။

တောင်နဝင်းဆည်ရေထိန်းတမံသည် ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် တည်ရှိပြီး ဆည်ရေသောက်စနစ်သည် ပြည်၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပုတီးကုန်းမြို့နယ်များရှိ လယ်မြေဧကများကို ဆည်ရေပေးဝေလျက်ရှိရာ ဤစီမံကိန်းအားလုံး ဆောင်ရွက်ပြီးစီးပါက နွေစပါး ၃၈၁၆၅ ဧက ပိုမိုထိရောက်စွာ ရေပေးဝေနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



# မောင်တောကုန်သွယ်ရေးဇုန် ပို့ကုန်ပမာဏ ဒေါ်လာ ၂ သန်းကျော် မြင့်တက်

**မောင်တော ဇန်နဝါရီ ၁**

၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ် မောင်တော ကုန်သွယ်ရေးစခန်း၏ ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၁၁ သန်းအထိ မြင့်တက်ခဲ့ကြောင်း မောင်တောကုန်သွယ်ရေးစခန်း စာရင်းဇယားများအရ သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလကုန် အထိ မောင်တောကုန်သွယ်ရေးစခန်း၏ ပို့ကုန် ပမာဏမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၁၁ သန်းရှိကြောင်း၊ ပြီးခဲ့သည့် ဘဏ္ဍာနှစ်တစ်ခုလုံး ပို့ကုန်ပမာဏ အမေရိကန် ဒေါ်လာ ၅ ဒသမ ၉၁၈ သန်းထက် ၂ ဒသမ ၃၆၆ သန်း ပိုမိုကြောင်း၊ ဘတ်ဂျက်လကုန်ရန် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လတို့ ကျန်ရှိနေသေးသည့်အတွက် မောင်တော ကုန်သွယ်ရေးစခန်း၏ ပို့ကုန်ပမာဏမှာ သုံးဆနီးပါးအထိ မြင့်တက်လာနိုင်သည့် အနေအထားဖြစ်ကြောင်း သိရသည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ အဓိကပို့ကုန်များမှာ ဧည့်မထဆန်၊ ချင်း(ဂျင်း) အစို၊ နနွင်း၊ လဲမှို၊ ကြက်သွန်ဖြူတို့ဖြစ်ပြီး ရေထွက်ပစ္စည်း အနေဖြင့် ငါး၊ ပုစွန်နှင့် ငါးခြောက်တို့လည်း တင်ပို့ကြောင်း၊ သစ်တောထွက်ပစ္စည်းများတွင် ဝါးနှင့် ကြိမ်တို့ကို အဓိက တင်ပို့ကြောင်း မောင်တောကုန်သွယ်ရေးစခန်း စာရင်းဇယားများတွင် ဖော်ပြထားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❋

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၇၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
ကွမ်းရွက်ပုံ ဆေးကောင်း
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။
ဒူးနာ၊ ခါးနာ၊ ကြိုးပေါင်းရောဂါ၊ ထုံကျဉ်ကိုက်ခဲအကြောဝေဒနာရှင်များနှင့်ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း
မူးမော၊ ရင်တုန်၊ ဖက်ကြောတက်လျှင် ရှူ
ဂမုန်းရှင် လေငန်းလိမ်းဆေးရည်
ဆေးညွှန်းပါအတိုင်း လိမ်းဆေးရည်ကို သေသေချာချာလိမ်းပေးရုံဖြင့်

# MYANMAR YELLOW PAGES®

မြန်မာအဝါရောင် စီးပွားရေးလမ်းညွှန် မှ နှစ်သစ်မင်္ဂလာဆုတောင်း

Myanmar Yellow Pages လမ်းညွှန် စာအုပ်တွင် နှစ်ပေါင်းများစွာ စဉ်ဆက်မပြတ်အားပေး၍ ကြော်ငြာများထည့်သွင်းပေးခဲ့ကြပါသော စီးပွားရေးလုပ်ငန်းရှင်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ နှစ်သစ်မှာ စီးပွားရေးလုပ်ငန်းရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်းနှင့် စီးပွားရေးလုပ်ငန်းများလည်း အထူးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

IMEX® | yellow pages® | F&B MYANMAR®

2018 HAPPY NEW YEAR

IMEX (Myanmar) Co., Ltd.
(Original founder of Myanmar Yellow Pages)

www.myanmaryellowpages.biz, www.yellowpages.net.mm, www.imexmyanmar.com

365-367, 2nd Floor, Bogyoke Aung San Road, Pabedan Township, Yangon, Myanmar.

(01) 242758, 243074, 377755, 09 73235650

Mobile Download FREE
Available on the App Store | Google play | 1Mobile Market


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲ (မန္တလေး)၊ မြေရိယာ (၈. ၇၂၀) ဧကပေါ်တွင် အသုံးမလိုတော့သည့် အဆောက်အအုံဟောင်း(1)Lot ကို မြန်မာနိုင်ငံသားများအား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်သိလိုသောအချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲ(မန္တလေး)၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်နှင့် ခရီးသည်ပို့ဆောင်ရေးဌာနခွဲ (၁၂)၊ အောက်ပုဇွန်တောင်လမ်း၊ (မဟာဗန္ဓုလတံတားအနီး) ထင်းပုံဆိပ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၁၃၅၂၊ ၀၆၇-၃၄၀၅၁၄၀၊ ၀၆၇-၃၄၀၅၃၄၀၊ ၀၉-၂၅၀၁၈၅၆၉၇၊ ၀၉-၂၅၀၀၆၇၃၈၉၊ ၀၉-၄၃၀၂၅၂၇၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**


## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တန်ဖိုးနည်းအိမ်ရာ တည်ဆောက်လိုသူများနှင့် ရင်းနှီးမြှုပ်နှံလိုသူများ ဆက်သွယ်နိုင်ပါသည်။ ဘုရင့်နောင်တံတားမှ (၁၀)မိုင်၊ လှိုင်သာယာ တိုးကိတ်မှ (၃)မိုင်၊ ဒဂုံ-ဇရာအဝေးပြေးမှ (၅)မိုင် ရန်ကုန်-ပုသိမ်လမ်းမအနီး၊ အဝင်လမ်း (၃၀)ပေ ကွန်ကရစ်(၂၄)ပေခင်းပြီး၊ လမ်းသာ၊ မြေပြုပြင်ပြီး လန(၃၉)ကျပြီး၊ မြေ(၉)ဧက ဧကခွဲရောင်းမည်

**1 Sqft = 5000 Ks**

အလျား (၂၀၇)ပေ × အနံ (၁၇၀)ပေ = **၁ဂျ၅ဝသိန်း**
(၄၀'×၆၀') = **၁၆၀သိန်း** (ကွန်ကရစ်လမ်း + မြဲစတ် + မီးပါ) (**အရစ်ကျ ရောင်းပေးသည်**)

**Ph: 09-797920009**


## ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲမှုဦးစီးဌာနမှ ကမ္ဘာ့ဘဏ်၏ ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Agriculture Development Support Project(ADSP) အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| No. | Reference No | Description of Goods |
|---|---|---|
| 1 | G.5.1 | Tractor, Power Tiller, Other Machine and Equipment (5 Items) |
| 2 | G.26.1 | Tractor and Machinery Equipments (3 Items) |
| 3 | G.26.2 | Combine Harvester (2 Items) |
| 4 | G.26.3 | Refrigerator and Generator (2 Items) |
| 5 | G.26.4 | Laser Leveller, Rotavator, Seed Planter and Agri-Equipment (7 Items) |
| 6 | G.26.5 | Laboratory Equipment (26 Items) |
| 7 | G.26.6 | Microscopes (3 Items) |
| 8 | G.27 | Office and IT Equipment, Computer, Printer, Scanner (13 Items) |
| 9 | G.28 | Furniture (5 Items) |
| 10 | G.37 | Seed Cleaning and Grainding Equipment (1 Items) |
| 11 | G.38 | IT and Office Equipment (3 Items) |


၂။ စိတ်ဝင်စားသော လုပ်ငန်းရှင်များအနေဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မိမိတို့ စိတ်ဝင်စားသော ဈေးနှုန်းအဆိုပြုလွှာ(Reference No.)ကို အတိအကျဖော်ပြ၍ အောက်ဖော်ပြပါ E-mail လိပ်စာများသို့ ဆက်သွယ်တောင်းယူနိုင်ပြီး ဈေးနှုန်းအဆိုပြုလွှာများကို ၁၂-၁-၂၀၁၈ ရက်၊ ၁၄:၀၀ နာရီ နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်ပါသည်။

**လိပ်မူရန်-ဦးတင့်လွင်(ညွှန်ကြားရေးမှူး)**
**ဖြည့်တင်းရေးဌာနခွဲ (၁)၊ ဆည်မြောင်းနှင့်ရေအရင်းမြစ်အသုံးချရေးဦးစီးဌာန (ရုံးချုပ်)။**
**Email:tlwin4.irr@gmail.com ဖုန်း-၀၆၇-၄၁၀၃၁၆၊ ဖက်စ်-၄၁၀၅၀၉**

ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် အခြားသိလိုသည်များကို အောက်ပါအတိုင်း ဆက်သွယ်၍ မေးမြန်းတောင်းခံနိုင်ပါသည်။

**ဦးငြိမ်းချမ်းစိုး (National Procurement Officer)**
**Agriculture Development Support Project (ADSP)**
**Email: nyeinchansoe02@gmail.com**
**ဖုန်း-၀၉-၂၅၀၇၉၄၁၆၃**


ဆေးဖက်ဝင်အပင်ပေါင်း (၁၅၄၀) ၏ မြန်မာ၊ အင်္ဂလိပ်နှင့်ရုက္ခဗေဒအမည်တို့ကို ရောင်စုံဓာတ်ပုံများနှင့်တကွ စုံလင်စွာပြုစုထားသော...




**MEDICINAL PLANT LIST OF MYANMAR**
**(SECOND EDITION)**
**ဒေါက်တာခင်မောင်လွင် (FAME)**

**Ph: 09 965 559 860, 01 368 2199, 368 5083, 368 5609**

## သာလွန်ကျော်
**အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
**Ph: 09-420780797**
**09-254285314**


## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်မြင့်မြင့်လွင်[၁၂/ရကန(နိုင်)၀၄၉၉၆၃]၏ သားဖြစ်သူ မောင်ကောင်းဝေယံဟိန်း [၁၂/ရကန(နိုင်)၀၈၁၁၅၆]သည် မိဘတို့၏ အဆုံးအမကို မနာခံဘဲအကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်း၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်မြင့်မြင့်လွင်**

## ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်နှုန်းထားလျှော့ချပြောင်းလဲခဲ့မှု အခြေအနေများကို အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံပြုချက်များ၊ ပြည်တွင်းရှိစီးပွားရေးအသင်းအဖွဲ့များ၏ အကြံပြုတင်ပြချက်များအရ အခွန်နှုန်းနည်းနည်းဖြင့် အခွန်အခြေကိုချဲ့ထွင်ပြီး ရသင့်ရထိုက်သော အခွန်အကောက်များ ပြည့်ဝစွာ ကောက်ခံရရှိမည့်နည်းလမ်းအား ပြောင်းလဲကျင့်သုံးရန် အခွန်မူဝါဒကို ချမှတ်ခဲ့ပါသည်။

၂။ ထိုမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ၂၀၁၂ ခုနှစ် မှစ၍ မဟာဗျူဟာအစီအစဉ် ချမှတ်ဆောင်ရွက်ခဲ့ပြီး အဆိုပါမဟာဗျူဟာအစီအစဉ်အရ အခွန် အခြေကို ချဲ့ထွင်နိုင်ရန်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အထူးကုန်စည်ခွန်နှုန်းထားတို့ကို နှစ်စဉ်တဖြည်းဖြည်းလျှော့ချကောက်ခံခဲ့သည်ကို သိရှိလေ့လာနိုင်ရန် အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

### အခွန်နှုန်းထားနှိုင်းယှဉ်ချက် ဇယား

| စဉ် | အခွန်အမျိုးအစား | အခွန်နှုန်း | |
|---|---|---|---|
| | | ယခင် | ယခု |
| (က) | ကုမ္ပဏီဝင်ငွေခွန် | ၃၀ % | ၂၅ % |
| (ခ) | တစ်ဦးချင်းဝင်ငွေခွန် | ၂ % မှ ၃၀ % | ၀ % ၂၅ % |
| (ဂ) | ကုန်သွယ်လုပ်ငန်းခွန် | ၀ % မှ ၂၅ % | ၀ % မှ ၅ % |
| (ဃ) | ပေးရင်းမှ နုတ်ယူပေးသွင်းသည့်အခွန် (WT) | | |
| | - နိုင်ငံသား | | |
| | (က) အတိုးပေးငွေ | - | - |
| | (ခ) ခိုင်ကြေး | ၁၅% | ၁၀% |
| | (ဂ) ငွေပေးချေမှု | ၃ % | ၂ % |
| | - နိုင်ငံခြားသား | | |
| | (က) အတိုးပေးငွေ | ၁၅% | ၁၀ % |
| | (ခ) ခိုင်ကြေး | ၂၀% | ၁၅ % |
| | (ဂ) ငွေပေးချေမှု | ၃.၅ % | ၂.၅% |
| (င) | တံဆိပ်ခေါင်းခွန် | | |
| | (က) ပစ္စည်းလွှဲပြောင်းခြင်းစာချုပ် | ၃% | ၂% |
| | (ခ) အစုရှယ်ယာလွှဲပြောင်းခြင်းစာချုပ် | ၀.၃ % | ၀.၁% |
| | (ဂ) ခံဝန်ချုပ် | ၁.၅% | ၀.၅% |
| (စ) | အထူးကုန်စည်ခွန် | ၈% မှ ၁၀၀% | ၅% မှ ၈၀% |
| (ဆ) | ပို့ကုန် | ၈ % | ၀ % (အထူးကုန်စည် ၅ မျိုးမှအပ) |

၃။ အာဆီယံနိုင်ငံများတွင် ကောက်ခံလျက်ရှိသော သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှုန်းထားများကိုလည်း အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

### သွယ်ဝိုက်ခွန် အခွန်နှုန်းထားများကို အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ချက်ဇယား

| စဉ် | နိုင်ငံအမည် | သွယ်ဝိုက်ခွန် |
|---|---|---|
| (က) | ကမ္ဘောဒီးယား | ၁၀ |
| (ခ) | အင်ဒိုနီးရှား | ၁၀ |
| (ဂ) | မလေးရှား | ၆ |
| (ဃ) | မြန်မာ | ၅ |
| (င) | ဖိလစ်ပိုင် | ၁၂ |
| (စ) | စင်ကာပူ | ၇ |
| (ဆ) | ထိုင်း | ၇ |
| (ဇ) | ဗီယက်နမ် | ၁၀ |

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ၂၀၁၈-၁၉ ပညာသင်နှစ်
## လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း(PPTT) အမှတ်စဉ် (၅/၁၈) သင်တန်းသားများ ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)၊ အမှတ်စဉ် (၅/၁၈)သင်တန်းကို ပညာရေးကောလိပ်များတွင် ၂၀၁၈ ခုနှစ်၊ ဧပြီလ (၂)ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဘောဂဗေဒ၊ ပထဝီဝင်၊ သမိုင်း) ရရှိပြီးသူဖြစ်ရမည်။

(ဂ) ပြင်ပဘွဲ့ရများအတွက် ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် အသက်(၃၀) နှစ်ထက်မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် အသက် (၃၅) နှစ်ထက်မကြီးသူ ဖြစ်ရန်နှင့် သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။

(ဃ) ၂၀၁၈-၁၉ ပညာသင်နှစ်၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)၊ အမှတ်စဉ် (၅/၁၈) သင်တန်းအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲနှင့် လူတွေ့နှုတ်ဖြေကို သက်ဆိုင်ရာ ပညာရေးကောလိပ်များတွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုရမည့်ရက်အား သက်ဆိုင်ရာ ပညာရေးကောလိပ်များတွင် ကြေညာမည်။

(င) ကျန်းမာရေးကောင်းမွန်၍ ဆရာ့တာဝန်ထမ်းဆောင်နိုင်ပြီး မည်သည့်ပညာရေးကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ဆ) သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူမဖြစ်ရပါ။

၃။ သင်တန်းဝင်ခွင့် သတ်မှတ်ပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းကာ လက်မှတ်ရေးထိုးရမည်။

၄။ လျှောက်လွှာကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်ထက် နောက်မကျဘဲ မိမိနေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပညာရေးကောလိပ်များတွင် လျှောက်ထားရမည်။ နေပြည်တော်ကောင်စီနယ်မြေအတွက် တောင်ငူပညာရေးကောလိပ်တွင် လျှောက်ထားနိုင်သည်။ ပညာရေးဝန်ကြီးဌာန (သို့မဟုတ်) ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ။

၅။ လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် (၆)လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ် ဓာတ်ပုံ (၂)ပုံတို့ကို ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြထားခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ပညာရေးကောလိပ်အသီးသီးတွင် တက်ရောက်ခွင့်ရသူများစာရင်းကို သက်ဆိုင်ရာပညာရေးကောလိပ်များတွင် ၂၀၁၈ခုနှစ်၊ မတ်လအတွင်း ထုတ်ပြန်မည်ဖြစ်ပါသည်။

**ဒေါက်တာသိန်းဝင်း**
**ညွှန်ကြားရေးမှူးချုပ်**

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ရက်

## ၂၀၁၈-၂၀၁၉ပညာသင်နှစ်
## လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း(PPTT) အမှတ်စဉ်(၅/၁၈)သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း |
|---|---|---|---|
| လျှောက်ထားသူ | | | |
| ဖခင် | | | |
| မိခင် | | | |

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ်------------ခုနှစ်၊-------------လ --------------ရက်၊ အသက်( )နှစ်၊ ( )လ

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်စာစစ်ဌာန-----------------

၄။ မူလဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ----------------------
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့် ခုနှစ်----------------------------

၅။ အိမ်ထောင်ရှိ/မရှိ(ရှိပါက) ဇနီး/ခင်ပွန်းအမည်---------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------------------------

၆။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်--------------------
-------------------------------------------------------
ဆက်သွယ်ရန် လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်--------------------
-------------------------------------------------------

၇။ သင်တန်းပြီးဆုံး၍ မူလတန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

------------------------
**လျှောက်ထားသူလက်မှတ်**

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ( )ရက်

